# ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 28 September 2020 ၁၀၁၄၉


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေးနှင့် နယ်စပ်နှင့်ပုံမှန်ကုန်သွယ်မှုချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်ရေး မေတ္တာရပ်ခံပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယမန်နေ့ ည ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။

**ကျင်းပ**

အဆိုပါအစည်းအဝေးကို "ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အေးအတူပူအမျှ အနာဂတ်ဆီသို့ - ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

# မွန်ပြည်နယ်၊ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းမှ မြို့နယ် (၁၁) မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများအတွက် နောက်ဆက်တွဲအမိန့်စာ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**အမိန့်အမှတ် (၁၉၈/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၇ ရက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ စာတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ် (၁၁) မြို့နယ်ရှိ ကုန်ကြမ်းယူ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများ၊ လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်သည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ညှိနှိုင်း၍ နောက်ဆက်တွဲအမိန့်စာ ထုတ်ပြန်ပေးရန် ဖော်ပြပါရှိပါသည်။

၂။ နိုင်ငံတော်တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားနေမှုများကို ထိရောက်စွာထိန်းသိမ်းနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရောဂါဖြစ်ပွားမှုများပြားနေသော မြို့နယ်များအား Stay at Home ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆိုပါဒေသများရှိ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း မဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက်လည်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို မထိခိုက်စေဘဲ ထိန်းညှိလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် လိုက်နာဆောင်ရွက်မည့် အချက်များကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာပေးထားခဲ့ပြီးဖြစ်ပါသည်-

(က) Coronavirus Disease 2019(COVID-19) ကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများသို့ လမ်းညွှန်ချက် (၁၉-၃-၂၀၂၀)၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ကာကွယ်ဆေးဆီသို့ အပြေးအလွှား**

ဆောင်းပါး စာမျက်နှာ » ၆

**အိန္ဒိယ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်မှု စွမ်းဆောင်ရည်က ကမ္ဘာ့လူသားများ အားလုံးအတွက် ဖြစ်စေရမည်ဟု ဝန်ကြီးချုပ် မိုဒီ ကတိပြု**

စာမျက်နှာ » ၁၁


C B BANK
Best Digital Bank 2020
By ASIAMONEY
ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်လိုက်ပါ။
CB Pay နဲ့ ငွေလွှဲ/ငွေလက်ခံမယ်။
iBanking နဲ့ ငွေလွှဲ/ငွေလက်ခံမယ်။
မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။
ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 CRM ရှိတယ်။
Contact Center :
01-231 777 0

# ကြေးမုံ

## ဒီမိုကရေစီရှင်သန်ရေးကို မျက်ခြည်မပြတ်

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရန် အချိန်တစ်လကျော်ကျော်သာ ကျန်တော့သဖြင့် ပါတီအသီးသီးနှင့် ကိုယ်စားလှယ်အသီးသီးတို့က မဲဆွယ်စည်းရုံးကြရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသော လူစုလူဝေးခြင်း ဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အချို့ဒေသများ၌ လှုပ်ရှားနေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ အခြေခံခိုင်မာအားကောင်းလာရေးအတွက် ဒီမိုကရေစီရေသောက်မြစ် ပင်မပင်စည်အားကောင်းရှင်သန်လာစေရန် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် ငါးနှစ်လျှင် တစ်ကြိမ် ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးကို ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း ကျင်းပမည့်ရွေးကောက်ပွဲဖြစ်၍ နိုင်ငံအတွက် အရေးကြီးသော လုပ်ငန်းဖြစ်သည်ကို လူတိုင်းနားလည်ကြသလို စိတ်ဝင်စားမှုလည်း ရှိကြပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွက် တတိယအကြိမ်မြောက် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲကြီးသည် ယခင်ကျင်းပပြီးခဲ့သည့် ရွေးကောက်ပွဲ နှစ်ကြိမ်နှင့်မတူ တစ်မူထူးခြားနေပါသည်။

အရေးကြီးသော ရွေးကောက်ပွဲကြီးကို အရေးကြီးသော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်တွင် ကျင်းပရသည်ဖြစ်၍ ယခင်နှင့်မတူ ထူးခြားသော လက္ခဏာအသွင်သဏ္ဌာန်များဖြင့် ကျင်းပရမည့် ရွေးကောက်ပွဲကြီး ဖြစ်နေပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်စဉ်ကြီးသည် မြန်မာပြည်သူပြည်သားများအားလုံးအတွက် ကျန်းမာရေးအရ အထူးအရေးအကြီးဆုံးဖြစ်သလို ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးသည်လည်း မြန်မာနိုင်ငံ၏အနာဂတ်၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာရေးဖြစ်သည့်အတွက် အထူးအရေးကြီးပါသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရေးလုပ်ငန်းများသည် နိုင်ငံ၏အရေး၊ ပြည်သူ ပြည်သားအားလုံးတို့၏အရေးဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့သည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍လည်းကောင်း ကိုယ်စီကိုယ်စီ တာဝန်ရှိကြပါသည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ တာဝန်ကို ကိုယ်စီယူကြရမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ၏ လက္ခဏာ၊ အသွင်သဏ္ဌာန်နှင့် ဖြစ်နိုင်ခြေအလားအလာတို့ကို ခန့်မှန်းမရနိုင်ပါ။ ခန့်မှန်းတွက်ချက်နိုင်ခြင်းလည်း မပြုနိုင်ပါ။ ထို့ကြောင့် မိမိတို့၏ မဖြစ်မနေပြုဖွယ်ကိစ္စတို့နှင့် နိုင်ငံအတွက် အရေးကြီးသည့် ရွေးကောက်ပွဲကိစ္စတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်သာဖြစ်သည်။ ယခု ၂၀၂၀ ပြည့်နှစ်၌ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ရောဂါနှင့် ရင်ဆိုင်ကြုံတွေ့နေရစဉ်တွင် ကိုဗစ်-၁၉ ကို အန်တုကျော်လွှားကာ ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပခဲ့သော နိုင်ငံများကို တွေ့ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ သည် အရေးကြီးသလို ရွေးကောက်ပွဲသည်လည်း အရေးကြီးသည်ကို လက်တွေ့လုပ်ဆောင်ပြနိုင်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်သူများ ဘေးကင်း၊ လုံခြုံ ယုံကြည်မှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး အစီအမံများကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတွင် ကိုဗစ်ကာလပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲပုံစံများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ပြင်ဆင် ဆောင်ရွက်နေသဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကို ရင်ဆိုင်ကျော်လွှားကာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို ညီညွတ်ခြင်းဖြင့် ကျော်လွှားကြပါစို့။ ညီညွတ်ခြင်းဖြင့် အရာရာကို အောင်မြင်အောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။ နိုင်ငံတော်အကြီးအကဲများ၊ ပြည်သူ ပြည်သားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ စသည့် နိုင်ငံသူ နိုင်ငံသားများ အားလုံးတို့သည် တာဝန်ကိုယ်စီ၊ အသိကိုယ်စီဖြင့် အရေးကြီးပြီ သွေးစည်းကြမည်ဆိုသည့်ခံယူချက်ဖြင့် တညီတညွတ်တည်း လက်တွဲပူးပေါင်း ဆောင်ရွက်ကြမည်ဆိုပါက ကိုဗစ်-၁၉ ရောဂါကိုလည်းကောင်း၊ အထွေထွေရွေးကောက်ပွဲကိုလည်းကောင်း အောင်မြင်စွာဖြတ်ကျော်ကာ ဒီမိုကရေစီရှင်သန်မှုနှင့် ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးကို မျက်ခြည်မပြတ် ဆက်စပ်ရေးရှုဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## လက်ပံတန်းရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်

**လက်ပံတန်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇေယျ၊ မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး မျိုးညွန့်၊ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ရာဇာမျိုးဦးနှင့် တပ်ဖွဲ့ဝင် ၃၀ တို့သည် ယနေ့ နံနက်ပိုင်းက မြို့မရပ်ကွက်(၁) လမ်းအဝိုင်းကြီး၊ မအူကုန်းရပ်ကွက် မဟာဗျူဟာလမ်းဆုံ၊ ကျွန်းကလေး လမ်းဆုံတို့၌ ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ ဝေငှပြီး သိုက်ဝါးချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ လူငယ်ပရဟိတကလေးများအတွက် တစ်ရက်စာ အစားအသောက်များ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဆင့်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ကမ္ဘောဇဘဏ်က ငွေကျပ် သိန်း ၅၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် စောင့်ကြည့် လူနာများအတွက် အထွေထွေအသုံးပြုနိုင်ရန် We Love Yangon ပရဟိတအဖွဲ့ထံသို့ ငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းသည်။



လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ စည်ပင်ဓမ္မာရုံ၌ ကျင်းပရာ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများက အလှူငွေကျပ် သိန်း ၅၀၀ကို We Love Yangon ပရဟိတအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်၏ လှူဒါန်းငွေမှ ငွေကျပ် သိန်း ၃၀၀ ကို ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရန်အတွက် လည်းကောင်း၊ ငွေကျပ်သိန်း ၂၀၀ ကို ကန့်သတ်စောင့်ကြည့်စခန်းများရှိ စောင့်ကြည့်လူနာများအတွက် အထွေထွေအသုံးပြုနိုင်ရန်အတွက် လည်းကောင်း We Love Yangon ပရဟိတအဖွဲ့မှ တစ်ဆင့် ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၆၀၆၆ သိန်း လှူဒါန်း ထားရှိပြီးဖြစ်သည်။

**ကိုကျော်**

## တွံတေးမြို့နယ် ငါးမွေးမြူထုတ်လုပ်ရေးသမဝါယမအသင်းများမှ စားသုံးသူများသို့ ငါးများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**တွံတေး စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ မနော့သုခ ရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပိုင် ငါးကန်ဧက ၂၀၀ နှင့် ထော်ကူးရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပိုင် ငါးကန် ဧက ၁၂၀ တို့၌ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၊ ငါးကြင်းကောင်ရေ ၁၀၀၊ ငါးသိုင်းခေါင်းပွ ကောင်ရေ ၅၀ တို့ကို ထည့်သွင်းမွေးမြူခဲ့ကြောင်း၊ အသားတိုးကာလ ၁၂ လ အတွင်း မနော့သုခရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ငါးပိဿာချိန် ၁၄၀၀၀ နှင့် ထော်ကူး ရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ငါးပိဿာချိန် ၇၀၀၀၀ ခန့် အသီးသီး ထွက်ရှိပြီး ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ကျပ်၊ ငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှင့် ငါးသိုင်းခေါင်းပွတစ်ပိဿာလျှင်ငွေကျပ် ၄၀၀၀ ကျပ်နှုန်းဖြင့် စားသုံးသူများသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


# ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❒ ပြည်ထောင်စုဝန်ကြီးမှ

နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၃ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် Ms. Amina Mohammed၊ စီးပွားရေးနှင့် လူမှုရေးဌာန လက်ထောက်အတွင်းရေးမှူးချုပ် Mr. Liu Zhenmin၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အုပ်ချုပ်ရေးမှူး Mr. Achim Steiner တို့လည်း တက်ရောက်ကြသည်။

### စုစည်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု

အစည်းအဝေး၌ ဝန်ကြီးများက ကိုဗစ်-၁၉ တိုက်ဖျက်ရေး၊ ကုလသမဂ္ဂ ၂၀၃၀ အာဂျင်ဒါနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစည်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာနက်ရှိုင်းစေရေးသည် အရေးကြီးကြောင်း အသိအမှတ်ပြုပြောကြားခဲ့ကြပြီး ကိုယ်စားလှယ်များက ဖွံ့ဖြိုးဆဲနိုင်ငံများအား အရင်းအမြစ်များနှင့် နည်းပညာ အကူအညီများ ထောက်ပံ့ရေးအတွက် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကိုလည်း အလေးထားပြောကြားကြသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ပိုမိုဆိုးရွားလာသည့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပေးအပ်ကြရန် တိုက်တွန်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ လက်ရှိကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများတုံ့ပြန်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပုံစံမျိုးစုံကို တိုက်ဖျက်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အရင်းအမြစ် အကန့်အသတ်များကြားမှ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ပါက ကမ္ဘာ့ပြည်သူများ အသုံးပြုနိုင်မည့် ကာကွယ်ဆေးအဖြစ် ဖြန့်ဝေပေးရန် တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဈေးနှုန်းချိုသာစွာဖြင့် စောစီးစွာရရှိရေးအတွက် တရုတ်နိုင်ငံအား မေတ္တာရပ်ခံပါကြောင်း ထည့်သွင်းပြောကြားသည်။

### ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှု

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ကိုဗစ်-၁၉ ၏ ပြင်းထန်သော သက်ရောက်မှုများကို တန်ပြန်ဆောင်ရွက်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှုကို တိုးမြှင့်သွားရန် လိုအပ်ကြောင်း အလေးထားပြောကြားသည်။

ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သတင်းအချက်အလက်ဖလှယ်မှုများ၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုများ၊ ပူးတွဲသုတေသန အစီအစဉ်များ တိုးမြှင့်ဖော်ဆောင်မှုတို့ ပြုလုပ်ကြရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိသည့်ကာလအတွင်း ဒေသတွင်းကုန်သွယ်မှုနှင့် ပို့ကုန်တန်ဖိုးကွင်းဆက်များ ခိုင်မာစေရေးအတွက် စီးပွားရေးတုံ့ပြန်မှုများ ပြုလုပ်ရာတွင် ပူးပေါင်းညှိနှိုင်းမှုများ တိုးမြှင့်ဖော်ဆောင်သွားကြရန် အကြံပြုပြောကြားခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မိတ်ဖက်နိုင်ငံများ၌ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များပြည့်မီရေးနှင့် ကိုဗစ်-၁၉ အလွန်ကာလ၌ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေးတို့အတွက် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ အရေးပါမှုကိုလည်း အလေးထားပြောကြားသည်။

### ဆက်လက်ပူးပေါင်းရန် လိုအပ်

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ရောဂါထိန်းချုပ်မှုအစီအမံများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်နှင့်ပုံမှန်ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုကွင်းဆက် လွယ်ကူချောမွေ့စေရေးကို မထိခိုက်စေဘဲ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း ပြောကြားသည်။

အဆိုပါ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသည် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အခါသမယတွင် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောအခန်းကဏ္ဍကိုမြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးအပြီး၌ သဘာပတိ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ ရှေ့ဖုံးမှ

(ခ) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက် (၃၀-၃-၂၀၂၀)၊

(ဂ) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များ(၁၉-၄-၂၀၂၀)၊

(ဃ) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်(၁၉-၄-၂၀၂၀)၊

(င) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်(၂၆-၆-၂၀၂၀)၊

(စ) COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြုလိုက်နာရမည့်အချက်များ (၂၆-၈-၂၀၂၀)။

၄။ ထိုသို့ကြေညာချက်များ ထုတ်ပြန်ခဲ့သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ/မရှိအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကြီးကြပ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ သွားရောက်စစ်ဆေးပြီး ညွှန်ကြားချက်နှင့်ကိုက်ညီသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ပြန်လည်ဖွင့်လှစ်ခွင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေး၍ ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့သည့်အပြင် ၁၃-၆-၂၀၂၀ ရက်စွဲဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Coronavirus Disease 2019(COVID-19)ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်ကြီးကြပ်ဆောင်ရွက်ရမည့် အစီအစဉ်ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

၅။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှလည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားမှု ရှိ/မရှိကို စာပိုဒ် ၄ ပါအတိုင်း စနစ်တကျ ကြပ်မတ်စိစစ်ဆောင်ရွက်ပါက COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကိုလည်း ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ စာပါ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ် (၁၁)မြို့နယ်ရှိ ကုန်ကြမ်းယူကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP)များနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏အစီအစဉ်များဖြင့် စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ ဆက်လက်ဖွင့်လှစ်ခွင့် ပြု/မပြု တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဆုံးဖြတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

## ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ပြည်သူများ မလိုအပ်ဘဲ အပြင်မထွက်စေရန် စစ်ဆေးမှုများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ပြည်သူများ မလိုအပ်ဘဲ အပြင်မထွက်စေရန်နှင့် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ မလိုအပ်ဘဲ ကျော်လွန်သွားလာခြင်းများကို စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဒေါပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက ပြောသည်။

"အဓိကကတော့ အပြင်ကိုမလိုအပ်ဘဲမထွက်ဖို့ စစ်ဆေးတာပါ။ လက်ရှိအချိန်ထိလည်း ဖမ်းဆီးအရေးယူထားတာ မရှိပါဘူး။ ညွှန်ကြားတာက မလိုအပ်ဘဲ အပြင်မထွက်ဖို့ကို စစ်ဆေးဖို့ပါ။ မလိုလားအပ်ဘဲ အပြင်ကိုထွက်ရင် ရောဂါပိုးကူးနိုင်ခြေရှိလို့ ကျွန်တော်တို့က ဒီလိုမျိုး စစ်ဆေးရတာပါ။ အဲဒါလေးကို နားလည်ပေးစေချင်ပါတယ်။ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်တာဖြစ်ပါတယ်။ လူတွေအားလုံး အခက်အခဲဖြစ်အောင်လုပ်တာ မဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ကျော်လွန်သွားလာခြင်းမပြုရန် ညွှန်ကြားထားခြင်းမရှိသလို ဖမ်းဆီးအရေးယူထားခြင်းလည်း မရှိကြောင်း၊ နေအိမ်တွင် နေထိုင်ရေးကာလဖြစ်သည့်အတွက် မလိုအပ်ဘဲ အပြင်မထွက်ကြရန် စစ်ဆေးဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်းသို့ စစ်ဆေးခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပူးပေါင်းစစ်ဆေးမှုကို စက်တင်ဘာ ၂၆ ရက်တွင် စတင်ညွှန်ကြားထားခြင်းဖြစ်ပြီး ညွှန်ကြားချက်တွင် နေအိမ်တွင် နေထိုင်ရေးကာလအတွင်း ခွင့်ပြုချက်မရှိဘဲ နေအိမ်ပြင်ပထွက်ခွာခြင်း မပြုစေရေးအတွက် ပူးပေါင်းအဖွဲ့များနှင့် ပူးပေါင်းစစ်ဆေးရန် ညွှန်ကြားထားခြင်း ဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများအတွက် စိတ်ခွန်အားမြှင့်တင်ပေးခြင်း သင်တန်းသို့ တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများအား စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်းနှင့် စိတ်လူမှုစောင့်ရှောက်မှုပေးခြင်း သင်တန်းကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။



**ကိုယ်တိုင် ရောဂါကူးစက်မခံရရေး**

ရှေးဦးစွာ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် ထိန်းချုပ်ရေးလုပ်ငန်းစဉ်သည် အဓိကကျပါကြောင်း၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွင် အားလုံးက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် အကန့်အသတ်ဖြင့် နေထိုင်ရခြင်းရှိမည်ဖြစ်ကြောင်း၊ သို့မှသာ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များသည် ရောဂါကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ ထိန်းချုပ်ရာတွင် အဓိကပါဝင်ကူညီဆောင်ရွက်ကြရသူများဖြစ်ကြောင်း၊ ထိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ရောဂါပိုးကူးစက်ခံရမှုမရှိစေရေးနှင့် မိမိမှတစ်ဆင့် အခြားသူများကို ကူးစက်မှုမရှိရေးသည် အရေးကြီးပါကြောင်း။

ထို့ကြောင့် ရောဂါထိန်းချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ကြသည့်သူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ အသိနှင့်သတိ ကောင်းစွာရှိရန် လိုအပ်ပါကြောင်း၊ ထိန်းချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ကြသူများအတွက် ပံ့ပိုးရန်လိုအပ်ချက်များ၊ အချိတ်အဆက်မိစေရန် စီမံအုပ်ချုပ်မှုများ၊ ရောဂါပိုး ကူးစက်ပျံ့နှံ့စေနိုင်သည့် အခြေအနေများ မဖြစ်ပေါ်စေရေးကို အားလုံးက ဝိုင်းဝန်းညှိနှိုင်းအဖြေရှာကြရန်လိုပါကြောင်း၊ ထို့ကြောင့် မိမိတို့စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် မြေပြင်တွင် လက်တွေ့ကူညီ ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများနှင့် ဝိုင်းဝန်းဆွေးနွေးအဖြေရှာ ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ယူဆောင်ရွက်နေသည့် လူမှုရေးဝန်ကြီးများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ အချိတ်အဆက်မိမိ စီမံဆောင်ရွက်နိုင်ရန် ကိစ္စများကို ဆွေးနွေး၊ ညှိနှိုင်း၊ အဖြေရှာခဲ့ပါကြောင်း၊ ထိုလိုအပ်ချက်များကို မိမိတို့အနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် အတတ်နိုင်ဆုံး၊ အလျင်မြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများကိုယ်တိုင်ကလည်း ရောဂါကူးစက်ခံရမည်ကို စိုးရိမ်စိတ်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့အပါအဝင် လူတိုင်းက ဤရောဂါကူးစက်ခံရမည်ကို စိုးရိမ်စိတ်ရှိကြပါကြောင်း၊ မိမိကူးစက်ခံရပါက မိမိ၏မိသားစု၊ ပတ်ဝန်းကျင်ကို ကူးစက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းစီက မိမိကိုယ်ကို ကူးစက်မခံရအောင် ထိထိရောက်ရောက် စနစ်တကျကာကွယ်နိုင်လျှင် တစ်နိုင်ငံလုံး ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ပါကြောင်း၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်ကြရသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များအတွက် အရည်အသွေးကောင်းသော ကျန်းမာရေး အကာအကွယ်ပစ္စည်းများ လုံလောက်စွာရရှိရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့အတွက် အစိုးရအနေဖြင့် အတတ်နိုင်ဆုံး စာရင်းဇယားများ အတိအကျကောက်ယူ၍ ကြိုးစားဖြည့်ဆည်းပေးနေပါကြောင်း၊ ယခုလိုအပ်ချက်များမှာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်အနေဖြင့် စိုးရိမ်မှု၊ ကြောက်ရွံ့မှု၊ သံသယစိတ်များ ဖြစ်ကြမည်ဖြစ်ပါကြောင်း။

**စိတ်ပိုင်းဆိုင်ရာကူညီမှု**

နေ့စဉ်တာဝန်များ ဆောင်ရွက်ကြရာတွင် တစ်ဖက်မှ စိတ်ဓာတ်တက်ကြွနေသလို တစ်ဖက်မှာလည်း စိုးရိမ်သောကများ ဖြစ်ကြမည်ဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် မဖြစ်မနေလိုအပ်လာပါကြောင်း၊ ထို့အတွက် ယနေ့သင်တန်းကို စီစဉ်ပေးခြင်းဖြစ်ပြီး စိတ်ဓာတ်မြှင့်တင်ခြင်းနှင့် စိတ်လူမှုဆိုင်ရာတွင် ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် မေတ္တာစိတ်၊ ကိုယ်ချင်းစာစိတ်၊ သည်းခံစိတ်၊ ယုံကြည်စိတ်များ လျော့နည်းမသွားဘဲ ပိုပြီးစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုလို စိတ်လူမှုရေးဆိုင်ရာပံ့ပိုးမှုသင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် သည်းခံစိတ်၊ မေတ္တာစိတ်၊ ကိုယ်ချင်းစာစိတ်၊ ယုံကြည်စိတ် ပိုမိုများပြားပြီး ပိုမိုရိုင်းပင်းကူညီနိုင်သည့် ညီညွတ်သော အင်အားများရရှိလာမည်ဟု မျှော်လင့်ပါကြောင်းနှင့် လူတစ်ဦးချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရလျှင် တစ်နိုင်ငံလုံး ကာကွယ်နိုင်သည့်အဆင့်ကို ရောက်ရှိသွားမည်ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိတ်လူမှုရေးကျွမ်းကျင်ပညာရှင် ဒေါက်တာအေးမြတ်လွင်က မိမိကိုယ်မိမိ စိတ်ခံစားချက်အပေါ် ဆန်းစစ်ခြင်း၊ ဒေါက်တာသက်တင်ထွန်းက စိတ်ဖိစီးမှုအပေါ် ကိုယ်တိုင်ဖြေလျှော့ခြင်း၊ ဒေါက်တာမြတ်သူစံက တစ်ဦးချင်းအားပေးခြင်း၊ ဝိုင်းဝန်းအားပေးခြင်းနှင့် ဒေါက်တာမေပြုံးမြင့်က လိုအပ်ချက်ရှိပါက စနစ်တကျလွှဲပြောင်းပေးခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ တစ်နေ့လျှင် အချိန်နှစ်နာရီခန့် ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၅၀၀ ခန့် သတ်မှတ်ရက်များအလိုက် တက်ရောက်သွားမည်ဖြစ်သည်။

**သင်တန်းများပို့ချ**

ထို့ပြင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် စေတနာ့ဝန်ထမ်းသင်တန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စေတနာ့ဝန်ထမ်းအသစ် ၇၇ ဦးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်များအသင်းတို့မှ ဘာသာရပ်ဆိုင်ရာဆရာ ဆရာမများက အွန်လိုင်းစနစ်ဖြင့် သင်တန်းများ ပို့ချပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါလူနာများနှင့် ထိတွေ့ဆက်စပ်သူများထားရှိသည့် အိမ်ရာများသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်အားပေးစကားပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကိုဗစ် – ၁၉ ရောဂါ လူနာများနှင့် ထိတွေ့ဆက်စပ်သူများ ထားရှိရာ တောင်ဒဂုံမြို့နယ် အောင်မြင့်မိုရ်အိမ်ရာသို့ ယမန်နေ့ ညနေ ၆ နာရီက သွားရောက်၍ အသံချဲ့စက်ဖြင့် အားပေးစကားပြောကြားသည်။

**တွန်းလှန်နိုင်ဖို့ ကြိုးစား**

တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံအတွင်း၊ တိုင်းဒေသကြီးအတွင်း ဖြစ်နေသော ကိုဗစ် – ၁၉ ရောဂါကို မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာလျှင် ဒီအခြေအနေက လွန်မြောက်နိုင်မှာဖြစ်ပါကြောင်း၊ ဒီမှာ ရောက်နေတဲ့သူအားလုံး စိတ်ဓာတ်ကျစရာမလိုပါကြောင်း၊ အခုဖြစ်ပေါ်နေသောရောဂါကြီးကို အားလုံး ညီညီညွတ်ညွတ်နဲ့ တွန်းလှန်နိုင်ဖို့ ကြိုးစားနေကြပါကြောင်း၊ အလှူရှင်များနဲ့ နိုင်ငံတော်ကလည်း ဖြည့်စွက်ပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ အမြို့မြို့အနယ်နယ်က ဆရာဝန်၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ စေတနာရှင်ပုဂ္ဂိုလ်များကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးနေပါကြောင်း၊ ဒါကြောင့် Quarantine ဝင်နေကြသူများအားလုံးက ကိုယ်ရဲ့ကျန်းမာရေးကောင်းအောင် ကြိုးစားခြင်းဖြင့် ကိုဗစ် – ၁၉ ရောဂါကို ဝိုင်းဝန်းတိုက်ဖျက်ပေးပါလို့ ပြောချင်ပါကြောင်း၊ ယခု Quarantine ဝင်နေကြသူများအားလုံး စားရေး၊ နေရေး၊ ထိုင်ရေးအားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမအိမ်ရာရှိ အုပ်ချုပ်မှုအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကိုဗစ် –၁၉ ရောဂါ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။



ကိုဗစ် – ၁၉ ရောဂါနှင့် ဆက်စပ်သူများနေထိုင်ရာ အောင်မြင့်မိုရ်အိမ်ရာနှင့် ရိုးမအိမ်ရာတို့အတွက် အလှူရှင်များနှင့် We Love Yangon ပရဟိတလူမှုကူညီရေးအဖွဲ့မှ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ Air con များ၊ Sky net လိုင်းတပ်ဆင်ထားသော TV များ၊ ထမင်းချက်စားရန် Rice cooker၊ ပေါ်ဆန်းမွှေးဆန်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် အခြားစားဖွယ်အစုံစုံကို လှူဒါန်းထားရှိပေးထားပါကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

## အနံ့မရသည့်လူနာများ သီးသန့်ထားရှိနိုင်ရန်နေရာများ ဖွင့်လှစ်ဆောင်ရွက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ အနံ့မရသည့်လူနာများအား သီးသန့်ထားရှိနိုင်ရန် မြို့နယ်အလိုက် နေရာများဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်း၌ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် Community Fever Clinic တာဝန်ခံဆရာဝန်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဖျားနာကုအခမဲ့ဆေးခန်းများသို့ လက်ရှိတွင် လာရောက်ပြသသူ များပြားလျက်ရှိပြီး သုံးပုံနှစ်ပုံခန့်မှာ အနံ့မရသည့် ကိုဗစ်သံသယလူနာများဖြစ်ကြောင်း၊ အဆိုပါလူနာများကို ဆေးရုံသို့ ပို့ဆောင်၍ အာခေါင်၊ နှာခေါင်းတို့ဖတ်ရယူနိုင်ရန် လက်ရှိတွင် ဆေးရုံများ၌ နေရာအခက်အခဲများဖြစ်ပေါ်လျက်ရှိရာ အခြားသူများနှင့် ထိတွေ့မှုမရှိစေဘဲ သီးခြားထားရှိနိုင်ရန် ယခုကဲ့သို့ မြို့နယ်အလိုက် သီးသန့်စခန်းများ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ သီးသန့်စခန်းများ ဖွင့်လှစ်မှုအစီအစဉ် မဆောင်ရွက်မီကာလတွင် ဖျားနာကုဆေးခန်းသို့ လာရောက်ပြသသည့် အနံ့မရလူနာများကို နေအိမ်တွင် ကန့်သတ်စောင့်ကြည့်သဘောဖြင့် ဆရာဝန်၏ ညွှန်ကြားချက်များအတိုင်း သီးခြားနေစေပြီး အရေးပေါ်ရှိပါက ဆက်သွယ်အကြောင်းကြားခိုင်းကြောင်း၊ ထိုသို့ ဆောင်ရွက်သည့် လူနာများထဲတွင် ၉၉ ရာခိုင်နှုန်းမှာ သက်သာပျောက်ကင်းပြီး တစ်ရာခိုင်နှုန်းခန့်သာ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရကြောင်း ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

ယခုဆောင်ရွက်မည့် သီးသန့်စခန်းများတွင်လည်း ထိုကဲ့သို့ အိမ်တွင် သီးခြားနေထိုင်ရန် အခက်အခဲရှိသူများ၊ အဆောင်တွင်နေထိုင်ရသူများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစင်တာတွင် ကျန်းမာရေးအဖွဲ့ ဖွဲ့ကာ လူနာများကို အလှည့်ကျကြည့်ရှုစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း၊ ရောဂါသက်သာပါက သတ်မှတ်ရက်ပြည့်လျှင် အိမ်သို့ပေးပြန်မည်ဖြစ်ပြီး အရေးပေါ်အတွက်လည်း လူနာတင်ယာဉ်များ အသင့်ထားရှိကာ ဆေးရုံသို့ အချိန်မီပို့ဆောင်နိုင်ရေး စီစဉ်ထားကြောင်း ၎င်းကဆက်လက်ပြောပြသည်။

ယနေ့ တွေ့ဆုံဆွေးနွေးမှုတွင် စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများ၊ မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများက လက်ရှိလိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ လူမှုရေးဝန်ကြီးက သာကေတမြို့နယ်တွင် အနံ့ပျောက်လူနာများ ထားရှိနိုင်မည့် စင်တာတစ်ခုကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ဖျားနာကုဆေးခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် အခြားအခက်အခဲများကိုလည်း တတ်နိုင်သမျှ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **အေးမင်းသူ**

# ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုရှိ စည်ပင်ဈေး ၁၈၄ ဈေးကို စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုရှိ စည်ပင်သာယာပိုင်ဈေး ၁၈၄ ဈေးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက အဖွဲ့လေးဖွဲ့ခွဲ၍ ယနေ့ နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးကြသည်။

"စစ်ဆေးတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပထမအပိုင်းက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်မှုနဲ့ တုံ့ပြန်မှုမှာ ပြည်သူတွေရဲ့လိုက်နာမှု၊ နှာခေါင်းစည်းတပ်ဖို့၊ လက်ဆေးဖို့၊ လူတစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေဖို့၊ တတ်နိုင်ရင် အိမ်ထဲမှာနေပြီး လိုအပ်မှ ဈေးဝယ်လာဖို့ဖြစ်ပါတယ်။ ဒုတိယအပိုင်းက ကုန်စည်လည်ပတ်စီးဆင်းရေးဖြစ်ပါတယ်။ ဈေးဆိုတာကတော့ ကုန်စည် ဖြန့်ဖြူးတဲ့နေရာဖြစ်သလို ကုန်စည်စီးဝင်တဲ့နေရာလည်းဖြစ်တယ်။ ကုန်စည်စီးဝင်မှုမပြတ်လပ်အောင်လည်း ဈေးရဲ့အခြေအနေနဲ့ သူ့ရဲ့အခက်အခဲတွေရှိပါတယ်။ Stay at Home ကာလဖြစ်တဲ့အတွက် ဒီဈေးတွေကနေ တတ်နိုင်ရင် ရပ်ကွက်အတွင်း ဖြန့်ဖြူးဖို့လိုပါတယ်။ ကုန်စည်လည်ပတ်စီးဆင်းမှု တည်ငြိမ်မှ ဈေးကလည်း တည်ငြိမ်မှာဖြစ်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ ကွင်းဆင်းစစ်ဆေးတာ ဖြစ်ပါတယ်" ဟု မြို့တော်ဝန်က ပြောကြားသည်။



ထိုသို့စစ်ဆေးရာတွင် ဈေးသည်များ စည်းကမ်းတကျရောင်းချနေမှု၊ သတ်မှတ်ထားသောဆိုင်များသာ ဖွင့်လှစ်ရောင်းချနေမှု၊ ဈေးအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရန် အသံချဲ့စက်ဖြင့် အချိန်ပြည့်နှိုးဆော်နေမှု၊ သားငါးဈေးတန်း၊ ဟင်းသီးဟင်းရွက်နှင့်ကုန်စုံဆိုင်များ၊ ဆေးဆိုင်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျရောင်းချနေမှုများကို သက်ဆိုင်ရာ ဈေးတာဝန်ခံများက ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက လိုအပ်သည်များကို မှာကြားသည်။

"ဈေးက လူစုံတဲ့နေရာဖြစ်တယ်။ ဈေးဆိုတာက လူတွေရဲ့ စားဝတ်နေရေးအတွက် မလာမဖြစ် လာရတဲ့နေရာဖြစ်တယ်။ ဒီဈေးတွေကိုလာတဲ့အခါ လိုအပ်သလောက်ပဲဝယ်ပါ။ လာရောက် ဈေးဝယ်တဲ့သူတွေကလည်း စည်းကမ်းချက်နဲ့အညီ ဈေးဝယ်ကြပါ။ အခုလက်ရှိမှာ ပြည်သူတွေ လိုက်နာမှုရှိတာတွေ့ရလို့ ကျေနပ်မှုရှိပါတယ်" ဟု မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

တာဝန်ရှိသူများ အဖွဲ့လေးဖွဲ့ခွဲ၍ သွားရောက်စစ်ဆေးရာတွင် တောင်ပိုင်းခရိုင်သို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ မြောက်ပိုင်းခရိုင်သို့ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ အရှေ့ပိုင်းခရိုင်သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ အနောက်ပိုင်းခရိုင်သို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် တာဝန်ရှိသူများကလည်းကောင်း အသီးသီးစစ်ဆေးခဲ့ကြပြီး ကျန်ရှိဈေးများကိုလည်း နေ့စဉ်ဆက်လက်ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

# ရန်ကုန်တိုင်းဒေသကြီး၌ Stay at Home ကာလ ရက်သတ္တနှစ်ပတ်အတွင်း ခွင့်ပြုလုပ်ငန်းများ လည်ပတ်မည်ဆိုပါက အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ရန်လို

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီးတွင် Stay at Home ကာလ စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ရက်သတ္တနှစ်ပတ်အတွင်း ဖွင့်လှစ်ရန် ခွင့်ပြုထားသည့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ လုပ်ငန်း၊ အဖွဲ့အစည်းများသည် လုပ်ငန်းလည်ပတ်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်၍ QR Pass ထုတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) က အသိပေးအကြောင်းကြားစာ ထပ်မံထုတ်ပြန်ထားသည်။

အဆိုပါ အကြောင်းကြားစာ၌ Stay at Home ကာလအတွင်း လည်ပတ်ရန် ခွင့်ပြုထားသောလုပ်ငန်းများတွင် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ၊ ကုမ္ပဏီ၊ လုပ်ငန်း၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ သွားရောက်ရာတွင်လည်းကောင်း၊ လိုအပ်ချက်အရ အခြားမြို့နယ်များသို့ ဖြတ်ကျော်ရာတွင်လည်းကောင်း QR Pass ရရှိကိုင်ဆောင်ထားရန်လိုအပ်ကြောင်း၊ QR Pass ရရှိထားခြင်းမရှိဘဲ မြို့နယ်တစ်ခုမှတစ်ခုသို့ ဖြတ်ကျော်ခြင်း၊ ခွင့်ပြုထားခြင်းမရှိသော လုပ်ငန်းများ ဖွင့်လှစ်လည်ပတ်ခြင်းများ မပြုလုပ်ရန်လိုကြောင်း၊ ခွင့်ပြုထားသောလုပ်ငန်းများ QR Pass ရယူနိုင်ရန် https://QRpass.SawSawShar.gov.mm သို့ ဝင်ရောက်၍ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ပြည်သူများအနေဖြင့် မဖြစ်မနေဈေးဝယ်ခြင်း၊ ဆေးရုံဆေးခန်းများသို့ သွားရောက်ခြင်းတို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း လိုက်နာရမည်ဖြစ်ပြီး ယခု QR Pass အစီအစဉ်တွင် အကျုံးမဝင်ကြောင်း ဖော်ပြထားသည်။

UMFCCI ၏ အသိပေးအကြောင်းကြားစာတွင် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ အလုပ်သမားများအနေဖြင့် Stay at Home ကာလ ရက်သတ္တနှစ်ပတ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန် လိုအပ်ပြီး လိုက်နာမှုမရှိပါက ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသဖြင့် ကုန်သည်/စက်မှုအသင်းချုပ်မှ ထပ်ဆင့် အသိပေးအကြောင်းကြားကြောင်းလည်း ဖော်ပြထားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်မှုနှုန်းမြင့်မားလာသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အားလုံး (ကိုကိုးကျွန်းမပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် အိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း စက်တင်ဘာ ၂၀ ရက်တွင် အမိန့်ထုတ်ပြန် ကြေညာထားသည်။

**သတင်း-ညွန့်ကိုကို**
**ဓာတ်ပုံ-ဖိုးထောင်**



ကိုဗစ်-၁၉ ကြောင့် အိမ်တွင်နေထိုင်ရေး (Stay at Home) ကာလအတွင်း ရန်ကုန်မြို့ ပြည်လမ်းမှဟံသာဝတီအဝိုင်းအား တွေ့ရစဉ်။



# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၇**
နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၂၁ ဦးအား ဒါကာမြို့ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**၁၂၉ ဦးလိုက်ပါ**

ထို့ပြင် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဝါရှင်တန်မြို့ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ မြန်မာသံရုံးတို့ ပူးပေါင်းစီစဉ်သည့် (၅)ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိကြသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၁၀၈ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၂၁ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၉ ဦး လိုက်ပါခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်ပေး**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ /သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဆီသို့ အပြေးအလွှား

### ဒေါက်တာ အက်ဒ်ဝပ် ဂျင်နား (သို့မဟုတ်) ကာကွယ်ဆေး၏ ဖခင်ကြီး

၁၈ ရာစုနှောင်းပိုင်းကာလများတွင် အင်္ဂလန်နိုင်ငံသည် ကျောက်ရောဂါကပ်ဘေးနှင့် ရင်ဆိုင်နေရသောအချိန် ဖြစ်သည်။ အလျင်အမြန် ပျံ့နှံ့နေသောရောဂါကြောင့် ပြည်သူအများ တုန်လှုပ်ချောက်ချားနေကြသော အချိန်လည်းဖြစ်သည်။ ယနေ့ ကိုဗစ်-၁၉ ကာလကဲ့သို့ပင် ထိုအချိန်က ကျောက်ရောဂါသည် ကုသရန်ဆေးမရှိသလို ကာကွယ်ရန် ဆေးလည်းမရှိသေးချေ။ ပို၍ဆိုးသည်မှာ ကိုဗစ်-၁၉ ထက်ပိုမိုကူးစက်လွယ်ပြီး ရောဂါဖြစ်သူ သုံးဦးတွင် တစ်ဦးသေဆုံးကြသည်။ အသက်ရှင်ကျန်ရစ်သူများတွင်လည်း ကျောက်ပေါက်မာများ ရုပ်ပျက်ဆင်းပျက် ထင်ကျန်ရစ်ခဲ့ကြသည်။ စင်စစ်ထိုရောဂါသည် နှစ်ပေါင်းများစွာကတည်းက လူများနှင့်အတူရှိနေခဲ့သော ရောဂါဖြစ်သည်။ ဘီစီ ၁၁၅၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ပဥ္စမမြောက် အီဂျစ်ဘုရင် ရမ်ဆီး၏ မံမီရုပ်အလောင်းတွင် ကျောက်ပေါက်မာများ ရှိနေခဲ့သည်။ ထိုရောဂါသည် နှစ်ပေါင်းများစွာ လူများ၏အသက်ကို ဖျက်ဆီးလာခဲ့သည်မှာ ဒေါက်တာ အက်ဒ်ဝပ် ဂျင်နား ဆရာဝန်မဖြစ်မီအချိန်အထိ ဖြစ်သည်။

အက်ဒ်ဝပ် ဂျင်နားသည် ဆေးပညာဘွဲ့ကို ရရှိခဲ့သည့် ၁၇၉၂ ခုနှစ်မှစ၍ ကျောက်ရောဂါကို သုတေသနပြုခဲ့သည်။ တစ်နေ့တွင် နွားခြံအတွင်း အလုပ်လုပ်နေသော နို့ညှစ်သည်မတစ်ဦး၏စကားကို ကြားလိုက်မိသည်။ "ကျွန်မ နွားကျောက်ပေါက်ပြီးပြီမို့ နောက်ထပ်ကျောက်မပေါက်နိုင်တော့ပါ" ဟူ၍ဖြစ်သည်။ အချိန်နှင့်အမျှ ကျောက်ရောဂါအကြောင်း စဉ်းစားနေသော သူ၏ဦးနှောက်ကို ထိုစကားသံက ရိုက်ခတ်နှိုးဆော်လိုက်သည်။ သူသည် စမ်းသပ်မှုတစ်ခုကို ပြုလုပ်လိုက်သည်။ ထိုစမ်းသပ်မှုမှာ နို့ညှစ်သည်မလေး၏ လက်မောင်းတွင်ပေါက်နေသော နွားကျောက်အနာမှ ပြည်စအချို့ကိုယူ၍ ကလေးတစ်ဦး၏ အသားအတွင်းသို့ အပ်ဖြင့်ခြစ်ကာထည့်သွင်းလိုက်သည်။ နှစ်လအကြာတွင် ထိုကလေးကို ကျောက်ရောဂါကူးစက်စေရန် ဖန်တီးလိုက်သည်။ သို့သော် ထိုကလေး၌ ကျောက်ရောဂါ မဖြစ်လာပေ။ ဂျင်နားသည် သူ၏သားအပါအဝင် နောက်ထပ်ကလေးရှစ်ဦးအပေါ်စမ်းသပ်ပြီး ၁၇၉၈ ခုနှစ်တွင် သူ၏တွေ့ရှိချက်ကို ကြေညာလိုက်သည်။ ထိုအချိန်မှစ၍ ကျောက်ရောဂါဖြစ်စေသော variola major ဗိုင်းရပ်စ်သည် ကမ္ဘာပေါ်မှ တစ်စတစ်စပျောက်ကွယ်သွားသည်မှာ ယနေ့အချိန်တွင် အမေရိကန်နှင့်ရုရှားနိုင်ငံတို့တွင် လုံခြုံစွာသိမ်းထားသော နမူနာအဖြစ်သာ ကျန်ရစ်ခဲ့တော့သည်။ ရာစုနှစ်ထောင်ပေါင်းများစွာ ဒုက္ခပေးခဲ့သော variola major ဗိုင်းရပ်စ်သည် လူသား၏ ကြီးမားသော အသိဉာဏ်အောက်တွင် ချုပ်ငြိမ်းကွယ်ပျောက်သွားခဲ့တော့သည်။

Vaccination ဟုစတင်ခေါ်ဆိုခဲ့သော ထိုနည်းလမ်းသည် ခန္ဓာကိုယ်၏ ခုခံအားစနစ်အပေါ် အခြေခံထားကြောင်း ဒေါက်တာ ဂျင်နား အပါအဝင် ထိုအချိန်က ပညာရှင်များ မသိရှိကြသေးချေ။

- ကာကွယ်ဆေးများ အားလုံးသည် ရောဂါဖြစ်စေနိုင်သော အစိတ်အပိုင်းကို ဖယ်ရှားထားသော (သို့မဟုတ်) ဖျက်ဆီးထားသော ရောဂါပိုးများဖြစ်။
- ခန္ဓာကိုယ်အတွင်းသို့ ရောက်သည်နှင့် ရောဂါကိုမဖြစ်စေဘဲ ကိုယ်ခံစွမ်းအားကို လှုံ့ဆော်ပေးနိုင်စွမ်းရှိပြီး ရောဂါကို ခံနိုင်ရည်ရှိအောင် ဖန်တီးပေး။

### ခန္ဓာကိုယ်၏ ခုခံအားစနစ်အပေါ် အခြေခံထားသော ကာကွယ်ဆေးများ

ကာကွယ်ဆေးများအားလုံးသည် ရောဂါဖြစ်စေနိုင်သော အစိတ်အပိုင်းကို ဖယ်ရှားထားသော သို့မဟုတ် ဖျက်ဆီးထားသော ရောဂါပိုးများဖြစ်ကြသည်။ ခန္ဓာကိုယ်အတွင်းသို့ရောက်သည်နှင့် ရောဂါကိုမဖြစ်စေဘဲ ကိုယ်ခံစွမ်းအားကို လှုံ့ဆော်ပေးနိုင်စွမ်းရှိပြီး ရောဂါကို ခံနိုင်ရည်ရှိအောင် ဖန်တီးပေးသည်။

ရိုးတွင်းခြင်ဆီသည် ရောဂါပိုးကိုမှတ်သားထားနိုင်သော သွေးဖြူဥများဖြစ်သည့် B Lymphocytes နှင့် T Lymphocytes များကို ထုတ်ပေးသည်။ B Lymphocytes များသည် ဝင်လာသော ရောဂါပိုး၏အစွမ်းကို ချေဖျက်ပစ်နိုင်သော ပဋိပစ္စည်း(Antibodies) များကိုထုတ်ပေးသော ဆဲလ်များ ဖြစ်ကြသည်။ ထိုပဋိပစ္စည်းများသည် ရောဂါပိုးတစ်မျိုးအတွက် သီးခြားသတ်မှတ်ထားသော လက်နက်များဖြစ်ကြပြီး ထိုရောဂါပိုး ထပ်မံဝင်ရောက်လာခြင်းကို ကြိုတင်ကာကွယ်ထားခြင်းဖြစ်သည်။ T Lymphocytes (Killer T cell, Helper T cells) များသည် ရောဂါပိုးကို ဝါးမျိုဖျက်ဆီးပစ်ကြပြီး တစ်ကြိမ်ဝင်ရောက်ခဲ့ဖူးသော ရောဂါပိုးကိုလည်း မှတ်သားထားနိုင်စွမ်းရှိကြသည်။ ထပ်မံဝင်လာပါက ပိုမိုလျင်မြန်စွာ ဝါးမျိုဖျက်ဆီးနိုင်စွမ်း ရှိကြသည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးထားသူများနှင့် ရောဂါဖြစ်ခဲ့ဖူးပြီး အောင်မြင်စွာ ခုခံနိုင်ခဲ့သူများသည် လျင်မြန်စွာ တုံ့ပြန်နိုင်သော B Lymphocytes နှင့် T Lymphocytes များရှိနေခြင်းကြောင့် ထိုရောဂါကို ခံနိုင်စွမ်းရှိလာကြသည်။


### ထုတ်လုပ်ရန်ပြင်ဆင်နေသော ကိုဗစ်-၁၉ ကာကွယ်ဆေးများ

ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေး အမျိုးအစား ငါးမျိုးထုတ်လုပ်ရန် ပြင်ဆင်နေကြသည်။

ပထမအမျိုးအစားမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ ဗီဇမော်လီကျူးများပါဝင်သော ကာကွယ်ဆေးဖြစ်သည်။ Genetic Vaccine ဟုခေါ်ဆိုထားသည်။

ဒုတိယအမျိုးအစားမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ ဗီဇမော်လီကျူးများကို သယ်ဆောင်ထားသည့် အခြားဗိုင်းရပ်စ်များပါဝင်သော ကာကွယ်ဆေးဖြစ်သည်။ Viral Vector Vaccine ဟု ခေါ်ဆိုထားသည်။

### ကာကွယ်ဆေး၏အခြေခံများ




တတိယအမျိုးအစားမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ ပရိုတင်းမော်လီကျူးများပါဝင်သော ကာကွယ်ဆေးဖြစ်သည်။ Protein-Based Vaccine ဖြစ်သည်။

စတုတ္ထအမျိုးအစားမှာ ရောဂါဖြစ်စေသော အစိတ်အပိုင်းကို ဖျက်ဆီးထားသော ဗိုင်းရပ်စ်များပါဝင်သော ကာကွယ်ဆေး ဖြစ်သည်။ Inactivated or Attenuated Coronavirus Vaccine ဖြစ်သည်။

ပဥ္စမအမျိုးအစားမှာ အခြားရောဂါများအတွက် အသုံးပြုနေသောကာကွယ်ဆေး (ဥပမာ တီဘီရောဂါအတွက် သုံးသော BCG ကာကွယ်ဆေး)ကို ကိုဗစ်-၁၉ အတွက် အသုံးပြုနိုင်ခြင်းရှိ၊ မရှိ စမ်းသပ်နေခြင်းဖြစ်သည်။ Repurposed Vaccine ဟုခေါ်ဆိုထားသည်။

### ခရီးရောက်မှုအခြေအနေ

ကာကွယ်ဆေးတစ်ခုထွက်ပေါ်လာရန် အဆင့်ငါးဆင့်ကို ဖြတ်သန်းရသည်။

ပထမအဆင့် (Preclinical Testing) တွင် ဓာတ်ခွဲခန်း တိရစ္ဆာန်များပေါ်တွင် ကိုယ်ခံအားစနစ်အား လှုံ့ဆော်ပေးနိုင်ခြင်း ရှိ၊ မရှိစမ်းသပ်ရသည်။

ဒုတိယအဆင့် (Phase 1 Safety Trial) တွင် လူ အနည်းငယ်အပေါ်တွင် အန္တရာယ်ကင်း၊ မကင်း၊ ကိုယ်ခံအားကို ဖြစ်ပေါ်စေခြင်း ရှိ၊ မရှိ စမ်းသပ်ရသည်။

တတိယအဆင့်(Phase 2 Expanded Trial)တွင် ရာနှင့်ချီသော အသက်အရွယ်အမျိုးမျိုး အမျိုးသား/အမျိုးသမီးတို့အပေါ်တွင် အန္တရာယ်ကင်း၊ မကင်း၊ ကိုယ်ခံအားကို ဖြစ်ပေါ်စေခြင်း ရှိ၊ မရှိ ထပ်မံစမ်းသပ်ရသည်။

ပါမောက္ခ ဒေါက်တာမောင်

စတုတ္ထအဆင့် (Phase 3 Efficacy Trial)တွင် ထောင်နှင့်ချီသော လူများအတွင်း ကာကွယ်ဆေးရရှိသူများနှင့် မရရှိသူများအကြား ရောဂါခံနိုင်စွမ်း အတိုင်းအတာကို စမ်းသပ်ရသည်။ ကာကွယ်ဆေးရရှိသူများ၏ အနည်းဆုံး ၅၀ ရာနှုန်းသည် ရောဂါကို ခုခံကာကွယ်နိုင်စွမ်းရှိရမည် ဖြစ်သည်။

ပဥ္စမအဆင့် (Approval) အထက်ပါအဆင့်များ၏ အချက်အလက်များကို ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်၍ အသုံးပြုရန် သင့်လျော်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ခြင်းဖြစ်သည်။

### အရေးကြီးသောကိုယ်ခံအား

ဖော်ပြပါဇယားအရ အပြီးတိုင် အတည်ပြုပြီးသော ပဥ္စမအဆင့်ကို ဖြတ်သန်းနိုင်ခဲ့သော ကာကွယ်ဆေးမရှိသေးသော်လည်း အမြန်ဆုံး ခြောက်လနှင့် အကြာဆုံး တစ်နှစ်အတွင်း ပေါ်ထွက်လာမည်ဟု မျှော်လင့်ကြပါသည်။ ကာကွယ်ဆေး ထွက်ပေါ်မလာမီအတွင်း မိမိ၏ကိုယ်ခံအားကို မိမိကိုယ်တိုင်တည်ဆောက်ယူကြရမည် ဖြစ်သည်။ စိတ်ဖိစီးမှုများကို ဖယ်ရှား၍ အာဟာရပြည့်ဝသော အစားအသောက်၊ နေ့စဉ်ပုံမှန်လေ့ကျင့်ခန်း၊ အိပ်ရေးဝဝအိပ်စက်ခြင်းများဖြင့် မိမိ၏ကိုယ်ခံအားကို ပြည့်ဝအောင်နေထိုင်ရင်း ထွက်ပေါ်လာမည့် ကာကွယ်ဆေးကို စောင့်မျှော်ကြပါစို့ဟု တင်ပြလိုက်ပါသည်။ ။

ကိုးကား။ ။ Coronavirus Vaccine Tracker: The New York Times: 13 September 2020.

**ယနေ့အချိန်အထိ ခရီးပေါက်ခဲ့သမျှသော ကာကွယ်ဆေးထုတ်လုပ်ခြင်းများကို ဖော်ပြပါဇယားတွင် တွေ့မြင်နိုင်သည်။**

| ရောက်ရှိနေသောအဆင့် | ထုတ်လုပ်သောကုမ္ပဏီ/ နိုင်ငံ | ကာကွယ်ဆေး အမျိုးအစား | စမ်းသပ်နေသောနိုင်ငံ |
|---|---|---|---|
| စတုတ္ထအဆင့် (Phase 3 Efficacy Trial) | ၁။ Moderna (US) | Genetic Vaccine | အမေရိကန်နိုင်ငံ |
| | ၂။ BioNTech (Germany) | Genetic Vaccine | အမေရိက၊ ဂျာမနီ၊ အာဂျင်တီးနား |
| | ၃။ CanSinoBio(China) | Viral Vector Vaccine | ဘရာဇီး၊ ဆော်ဒီအာရေဗျ၊ ပါကစ္စတန် |
| | ၄။ Gamaleya Research \ Institute(Russia) | Viral Vector Vaccine | ရုရှားနိုင်ငံ |
| | ၅။ AstraZeneca (British-Swedish) | Viral Vector Vaccine | ဘရာဇီး၊ အမေရိက |
| | ၆။ Sinovac Biotech(China) | Inactivated Vaccine | တောင်အာဖရိက၊ ဘရာဇီး |
| | ၇။ Sinopharm(China) | Inactivated Vaccine | အင်ဒိုနီးရှား၊ ယူအေအီး၊ ပီရူး၊ မော်ရိုကို |
| | ၈။ Murdoch Children's Research Institute (Australia) | Repurposed Vaccine | သြစတြေးလျ |
| တတိယအဆင့် (Phase 2 Expanded Trial) | ၁။ Zydus Cadila(India) | Genetic Vaccine | အိန္ဒိယ |
| | ၂။ CureVac (Germany) | Genetic Vaccine | ဂျာမနီ |
| | ၃။ Imperial College London(UK) | Protein-Based Vaccine | UK |
| | ၄။ Takara Bio(Japan) | Genetic Vaccine | ဂျပန် |
| | ၅။ Duke-NUS(Singapore) | Protein-Based Vaccine | စင်ကာပူ |
| | ၆။ Johnson&Johnson(US) | Viral Vector Vaccine | လက်တင်အမေရိက |
| | ၇။ Novavax(US) | Protein-Based Vaccine | တောင်အာဖရိက |
| | ၈။ IFV(Cuba) | Protein- Based Vaccine | ကျူးဘား |
| | ၉။ Vector Institute(Russia) | Protein Based Vaccine | ရုရှား |
| | ၁၀။ Bharat Biotech(India) | Inactivated Vaccine | အိန္ဒိယ |
| ဒုတိယအဆင့် (Phase 1 Safety Trial) | ၁။ Imperial College London (UK) | Genetic Vaccine | |
| | ၂။ Inovio(US) | Genetic Vaccine | |
| | ၃။ Genexine(S Korea) | Genetic Vaccine | |
| | ၄။ ReiThera(Italy) | Viral Vector Vaccine | |
| | ၅။ University of Queensland(Australia) | Protein-Based Vaccine | |
| ပထမအဆင့် (Preclinical Testing) | ကာကွယ်ဆေး ၉၃ မျိုး စမ်းသပ်လျက်ရှိသည် | | |

# ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဖားကန့်မြို့နယ်တို့၌ ရေကြီးရေလျှံမှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ ယနေ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေဝင်ရောက်ခဲ့ရာ မြစ်ကြီးနားမြို့ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော လယ်ကုန်း၊ ကြက်ပေါင်ခြံ၊ ရမ်ပူနှင့် မြို့သစ်ကြီးရပ်ကွက်တို့မှ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၄၂၄ ဦးတို့သည် ရေဘေးကယ်ဆယ်ရေးစခန်းခြောက်ခုသို့ ခေတ္တပြောင်းရွှေ့ခိုလှုံလျက်ရှိကြောင်း သိရသည်။

**သွားရောက်ကြည့်ရှု**

ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် နေရာများသို့ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ ရွှေ့ပြောင်းကိစ္စများ၊ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရေဘေးသင့်ပြည်သူ ၄၂၄ ဦးအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၂၁၀၈၀ ရှိ ဆန်ရိက္ခာ ခုနစ်ရက်စာ၊ အဝတ်နှာခေါင်းစည်းများနှင့် ဆပ်ပြာတောင့်များ ထောက်ပံ့ပေးခဲ့သည်။



အလားတူ စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖားကန့်မြို့နယ် ရှုဒူဇွပ်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးကောင်းချောင်းရေလျှံတက်ခဲ့ပြီး မြေနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်ခဲ့ရာ နေအိမ် ၂၃ လုံး ရေစီးနှင့် မျောပါပျက်စီးခဲ့ပြီး အိမ်ထောင်စု ၄၁၀ မှ လူဦးရေ ၂၈၇၅ ဦးတို့သည် ရေဘေးကယ်ဆယ်ရေးစခန်း လေးခုနှင့် ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ခိုလှုံခဲ့ရသည်။

**ထောက်ပံ့**

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၉၈၃၇၄၄ ရှိ ဆန်ရိက္ခာ ခုနစ်ရက်စာ၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်း၊ အဝတ်နှာခေါင်းစည်းများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မိုးညှင်းခရိုင်ဦးစီးမှူးရုံးက ယနေ့ သွားရောက်ထောက်ပံ့ခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင် ပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ကြရန်လည်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနိုင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လီဒိုလမ်းမကြီးရှိ အုတ်ခုံသံကူကွန်ကရစ်တံတားတစ်စင်း ရေတိုက်စား၍ ပျက်စီး

**တနိုင်း စက်တင်ဘာ ၂၇**
ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ စက်တင်ဘာ ၂၁ ရက်မှစတင်၍ မိုးများအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းမှစ၍ နေရာတချို့၌ လမ်းသားပျက်စီးမှုများ၊ လမ်းမကြီးရေကျော်မှုများ ဖြစ်ပွားလျက်ရှိသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာတချို့ရေကျဆင်းမှု မရှိဘဲ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း ကောင်ရာကျေးရွာအထွက် မိုင်တိုင်အမှတ် KM-120 နှင့် KM-121 ကြား၊ KM-123နှင့် KM-125 ကြား၊ လီဒိုလမ်းမကြီး မိုင်တိုင်အမှတ် KM-123 နှင့် KM-125+500 ကြားတွင် လမ်းရေကျော်မှု ဖြစ်ပွားလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ပျမ်းမျှရေတစ်ပေခန့် ကျဆင်းသွားပြီး တနိုင်းမြို့အဝင် အောင်စိုးမိုးကျေးရွာအနီး လီဒိုလမ်းမကြီးပေါ်နှင့် တနိုင်း-မိုင်းခွန်လမ်း ဂျိုဆာဒီးကျေးရွာတွင် ရေကျော်လျက်ရှိပြီး တနိုင်း-မိုင်းခွန် ယာဉ်သွားလာမှု ပြတ်တောက်လျက်ရှိသည်။

တနိုင်းမြို့နှင့် ရှင်ဗွေယန်မြို့ကြားရှိ တဝမ်ချောင်းရေ ရေဦးတိုက်မှုကြောင့် တနိုင်း-ရှင်ဗွေယန် ယာဉ်များသွားလာမှု ပြတ်တောက်လျက်ရှိသည်။



တနိုင်းမြို့ပေါ်ရပ်ကွက်များဖြစ်သည့် ပုန်ခုန်းရပ်ကွက်နှင့် ဆင်မ်ဆာ့ရပ်ကွက်တို့၌ တနိုင်းချောင်းရေ မြင့်တက်လာမှုကြောင့် နေအိမ်များတွင် ရေဝင်ရောက်လျက်ရှိသည်။ တနိုင်း-မိုင်းခွန်လမ်း ဂျိုဆာဒီးကျေးရွာ၊ ရေနံကုန်းကျေးရွာနှင့် ရွာသစ်ကုန်းကြား လမ်းရေကျော်မှု ထပ်မံဖြစ်ပွားလျက်ရှိသည်။

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း လီဒိုလမ်းမကြီးပုန်ခုန်း(ကွက်သစ်) ရပ်ကွက်နှင့် ဆင်မ်ဆာ့(ကွက်သစ်) ရပ်ကွက်ကြား ကမ်းကပ်အုတ်ခုံတံတား ကွန်ကရစ်တံတား အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေမှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က ရေတိုက်စား၍ ပျက်စီးသွားပြီး ကွန်ကရစ်လမ်း အရှည် ပေ ၂၀ ခန့် ကျိုးပြတ်သွားသဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ လမ်းကြောပြတ်တောက်မှုမရှိစေရေး ဘေလီသံပေါင်တံတားများဖြင့် ယာယီတံတား တည်ဆောက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**



# ကသာမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာ၍ ကမ်းနားနေထိုင်သူများအား အသိပေးခြင်းဆောင်ရွက်

**ကသာ စက်တင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၏မြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ၉၃၃ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အဖြစ် စင်တီမီတာ ၁၀၄၀ သို့ ရောက်ရှိလာနိုင်သည်ဖြစ်၍ ကသာမြို့နယ် မီးသတ်စခန်းက ပုလွေရွှေအုပ်စုနှင့် ဒုံးအော့အုပ်စုအတွင်းရှိ မြစ်ကမ်းဘေးကျေးရွာများသို့လည်းကောင်း၊ ကျောက်ထုံးကြီးနယ်မြေမီးသတ်စခန်းက ကျောက်ထုံးကြီးအုပ်စုအတွင်းရှိ သပြုကုန်း၊ လက်ပံဇင်၊ ဝေဆွယ်နှင့် စစ်ကုန်းကျေးရွာများသို့လည်းကောင်း သွားရောက်ပြီး မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းတွင်နေထိုင်ကြသူများအား သတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ကသာ အထက် မြစ်ကြီးနား၊ ဗန်းမော်နှင့် ရွှေကူမြို့များတွင် မြစ်ရေများမြင့်တက်နေကြောင်း သိရသည်။

**အေးမြသက်ထား**

**အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**



# မဟုတ်မခံ တုံ့ပြန်ရဲသူ

ရေနံ့သာမောင်ကျော်ညွန့်

“ဗမာလူမျိုးတွေက ကိုယ့်ထက်အသက်ကြီးတဲ့ သူတွေကို ရှိခိုးပြီးတော့ နှုတ်ဆက်လေ့ရှိတယ်။ မင်းတို့လည်းတို့ကို ရှိခိုးပြီးနှုတ်ဆက်ကြရမယ်။ ဒီနေ့ကစပြီး တို့ဆရာတွေကို ရှိခိုးနှုတ်ဆက်ကြ”

၁၉၀၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့ကပါ။ ရန်ကုန်ဟိုက်စကူး (Rangoon Hight School) ကျောင်းရဲ့ ရှစ်တန်းစာသင်ခန်းထဲမှာ အင်္ဂလိပ်လူမျိုးဆရာတစ်ယောက်က ရှစ်တန်းကျောင်းသားတွေကို ရှိခိုးနှုတ်ဆက်ကြဖို့ ပြောနေတာပါ။ ဒါပေမဲ့ ရှစ်တန်းကျောင်းသားတွေက “ရှိခိုးနှုတ်ဆက်ပါမယ်” လို့ မပြောကြပါဘူး။ တစ်တန်းလုံး ငြိမ်နေကြတယ်။ အဲဒီတော့ အဲဒီဆရာက ကျောင်းသားတစ်ယောက်ကို ပြောပါလေရော။

“မင်း ငါ့ကိုရှိခိုးနှုတ်ဆက်ရမယ်”

“ကျွန်တော် မရှိခိုးနိုင်ပါဘူး”

အပြောခံရတဲ့ ကျောင်းသားက ပြန်ပြောလိုက်တယ်။

“ဘာလို့ မရှိခိုးနိုင်တာလဲ။ ဒါမင်းတို့လူမျိုးတွေရဲ့ ဓလေ့မဟုတ်ဘူးလား”

အင်္ဂလိပ်လူမျိုးဆရာက ထပ်ပြောပြန်ပါတယ်။

“ဟုတ်ပါတယ်။ ကျွန်တော်တို့က ကိုယ့်ထက် တစ်ရက်၊ တစ်မနက်ကြီးတဲ့ လူကို ရှိခိုးတဲ့ဂါရဝ၊ နိဝါတရှိပါတယ်။ ဒါပေမဲ့ ရှိခိုးဖို့ ဘယ်သူကမှ အမိန့်ပေးလို့မရပါဘူး။ မင်းငါ့ရှိခိုးလို့ ဘယ်သူကမှလည်း မပြောခဲ့ပါဘူး။ ကိုယ်ကြည်ညိုလေးစားမှုနဲ့ ရှိခိုးတာဖြစ်ပါတယ်။ အဲဒီလို အမိန့်ပေးပြီး ရှိခိုးခိုင်းတာကို ကျွန်တော်မရှိခိုးနိုင်ပါဘူး။”

အင်္ဂလိပ်လူမျိုးဆရာပြောတာကို ရှစ်တန်းကျောင်းသားကလေးက လက်မခံပါဘူး။ ဒီတော့ အင်္ဂလိပ်လူမျိုးဆရာကလည်း မကျေနပ်တော့ဘူး။

“မင်းတကယ် မရှိခိုးဘူးလား”

ဆရာက ထပ်မေးပြန်ပါတယ်။

“မရှိခိုးပါဘူး”

ကျောင်းသားလေးက ထပ်ပြောတာပါပဲ။

ဒီတော့ အင်္ဂလိပ်လူမျိုးဆရာက ဒေါသထွက်လာပါရော။

“အဲဒါဆို ကျောင်းထွက်လိုက်တော့”

အင်္ဂလိပ်လူမျိုးဆရာက ပြောလိုက်တယ်။

ရှစ်တန်းကျောင်းသားကလေးက ဘာမျှ ပြန်မပြောတော့ဘူး။ သူ့ပစ္စည်းတွေယူပြီး အေးအေးဆေးဆေး ထွက်သွားတော့တာပဲ။ အဲဒီကျောင်းသားကလေးကလည်း ထွက်သွားရော ရှစ်တန်းကျောင်းသားတွေ အကုန်လုံး လိုက်ထွက်ကြတယ်။ အခန်းထဲမှာ တစ်ယောက်မှမကျန်တော့ဘူး။ ရန်ကုန်ဟိုက်စကူးကျောင်းမှာ ဖြစ်ပွားတဲ့ အဲဒီဖြစ်စဉ်ဖြစ်ရပ်ကြောင့် အင်္ဂလိပ်အစိုးရ မျက်ကလဲဆန်ပျာ ဖြစ်သွားရတယ်။ ပညာမင်းကြီး ထုတ်ပြန်ထားတဲ့ “ကျောင်းသားများသည် လူမျိုးခြားဆရာများကို လက်အုပ်ချီရှိခိုး နှုတ်ဆက်ရမည်” ဆိုတဲ့ အမိန့်ကို ပြန်လည်ရုပ်သိမ်းပေးလိုက်ရတဲ့အထိ ဖြစ်သွားတယ်။

ပညာမင်းကြီးထုတ်ပြန်တဲ့အမိန့် တစ်နည်းပြောလို့ရတာက အင်္ဂလိပ်နယ်ချဲ့ရဲ့ မဟုတ်မတရားထုတ်ပြန်တဲ့အမိန့်ကို မနာခံဘဲ အင်္ဂလိပ်လူမျိုးဆရာကို ချက်ကျ၊ လက်ကျ၊ အချက်ပိုင်ပိုင် ပြန်ပြောလိုက်တဲ့ ရှစ်တန်းကျောင်းသား ကလေးကတော့ “မောင်တင်” ပါတဲ့။

## ငါးယောက်မြောက် သားရတနာ

မောင်တင်ကို အဖဖြစ်သူ ဦးဖေ အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုဌာန ရုံးအုပ်စာရေးကြီး၊ အမိ ဒေါ်မြိုင်တို့က ၁၈၈၈ ခုနှစ် ဧပြီလ ၂၄ ရက် အင်္ဂါနေ့ညနေ ၅ နာရီခွဲမှာ မွေးဖွားခဲ့တာပါ။ မောင်တင်မွေးဖွားခဲ့ရာနေရာကတော့ အင်းစိန်ပေါက်တောရပ်ဖြစ်ပါတယ်။ ဦးဖေ၊ ဒေါ်မြိုင်တို့က သားသမီးခြောက်ယောက် ထွန်းကားခဲ့ပါတယ်။ မောင်တင်က ငါးယောက်မြောက် သားရတနာပါ။ မောင်တင်ရဲ့ငယ်အမည်က “မောင်ဘတင်” ပါ။ သုံးနှစ်သားအရွယ် ၁၈၉၁ ခုနှစ်ရောက်တော့ ဖခင်ကြီး ဦးဖေကိုယ်တိုင်က “မောင်တင်” လို့ အမည်ပြောင်းပေးလိုက်လို့ “မောင်ဘတင်” ကနေ “မောင်တင်” ဖြစ်လာတာပါ။

## ပါဠိပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရ

၁၈၉၃ ခုနှစ်မှာ မောင်တင်ပညာစသင်ပါတယ်။ ဆရာကိုရင်ကြီးရဲ့ အလွတ်ပညာသင်ကျောင်းမှာပါ။ ဆရာကိုရင်ကြီးရဲ့ အလွတ်ပညာသင်ကျောင်းမှာ မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး၊ ရှင်မဟာသီလဝံသဆုံးမစာ၊ ရှင်မဟာရဋ္ဌသာရဆုံးမစာ၊ ကဗျာသာရတ္ထသတ်ပုံ၊ လောကနီတိ၊ ဇာတ်တော်ကြီးတွေကို သင်ယူတတ်မြောက်ခဲ့ပါတယ်။ ၁၈၉၆ ခုနှစ်ရောက်တော့ ရန်ကုန်ဟိုက်စကူး ( Rangoon High School) ကျောင်းမှာ ပထမတန်းကစပြီး ပညာသင်ပါတယ်။ ရန်ကုန်ဟိုက်စကူးကျောင်းကအောင်တော့ ၁၉၀၆ ခုနှစ်မှာ ရန်ကုန်ကောလိပ်ကိုတက်ပါတယ်။ ရန်ကုန်ကောလိပ်က ရန်ကုန်ဆေးရုံကြီးရှေ့ (ယခုလသာအမှတ်- ၁ အ.ထ.က) မှာရှိပါတယ်။ ၁၉၀၉ ခုနှစ်မှာ ရန်ကုန်ကောလိပ်ကနေ ဘီအေပါဠိဂုဏ်ထူးတန်းအောင်တယ်။ ဝိဇ္ဇာဘွဲ့ရခဲ့တယ်။ ၁၉၁၁ ခုနှစ်မှာ ကာလကတ္တားတက္ကသိုလ်က စစ်ဆေးတဲ့ မဟာဝိဇ္ဇာဘွဲ့စာမေးပွဲကို ပြင်ပကနေ ဖြေဆိုအောင်မြင်ပြီး မဟာဝိဇ္ဇာဘွဲ့ရခဲ့တယ်။ ၁၉၁၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှာ ရန်ကုန်ကောလိပ်ရဲ့ ပါဠိပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရပါတယ်။ အင်္ဂလိပ်လက်အောက်ခံဘဝမှာ ပါမောက္ခရာထူးကို အသက်ငယ်ငယ် ၂၄ နှစ်သား အရွယ်နဲ့ မြန်မာအမျိုးသားထဲက ပထမဦးဆုံးရရှိခဲ့သူပါပဲ။

ဦးမောင်တင်က ငယ်ငယ်လေးကတည်းက မြန်မာ့ထုံးတမ်းစဉ်လာတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုတွေကို လေးစားမြတ်နိုးတန်ဖိုးထားသူဖြစ်ပါတယ်။ ပါဠိပါမောက္ခ ဦးမောင်တင် ဖြစ်လာတော့လည်း တောင်ရှည်ပုဆိုး၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်းတွေကို မြန်မာဆန်ဆန် ဝတ်ဆင်ပြီးတော့မှ စာပေသင်ကြားပို့ချပေးသူ ဖြစ်ပါတယ်။ အဲဒီတုန်းက ပါဠိပါမောက္ခဆရာ ဦးမောင်တင်ရဲ့ အိမ်က အင်းစိန်ပေါက်တောဝမှာရှိတယ်။

**ပညာမင်းကြီးထုတ်ပြန်တဲ့အမိန့် တစ်နည်းပြောလို့ရတာက အင်္ဂလိပ်နယ်ချဲ့ရဲ့ မဟုတ်မတရားထုတ်ပြန်တဲ့အမိန့်ကို မနာခံဘဲ အင်္ဂလိပ်လူမျိုးဆရာကို ချက်ကျ၊ လက်ကျ၊ အချက်ပိုင်ပိုင် ပြန်ပြောလိုက်တဲ့ ရှစ်တန်းကျောင်းသားကလေးကတော့ “မောင်တင်” ပါတဲ့။**

အဲဒီကနေ ရန်ကုန်ကောလိပ်အထိ ဆိုင်ကယ်ကို ကိုယ်တိုင်စီးပြီး သွားတာပါ။ ဆိုင်ကယ်စီးတော့လည်း စာသင်ခန်းထဲဝင်တဲ့ ဝတ်စုံနဲ့ပဲ၊ တောင်ရှည်ပုဆိုးကို ခါးတောင်းကျိုက်ပြီး ဆိုင်ကယ်စီးတာပါ။

တစ်နေ့မှာတော့ ရန်ကုန်ကောလိပ်ကနေ အိမ်ကို ပြန်တာပေါ့။ ပြန်ချိန်ကနောက်ကျနေတယ်။ မှောင်နေပြီ။ ဆိုင်ကယ်စီးပြီး ပြန်လာနေတုန်း အလုံလမ်းဘက်ကနေ ကားကြီးတစ်စီးက ဝူးခနဲထွက်လာတယ်။ ဆရာဦးမောင်တင်စီးလာတဲ့ ဆိုင်ကယ်ကို ဒုန်းခနဲဝင်တိုက်ပါလေရော။ ဆရာဦးမောင်တင်လည်း ဆိုင်ကယ်ပေါ်ကနေ ပိုးလိုးပက်လက် လန်ကျသွားရောပဲ။ ကားမောင်းတဲ့သူက “ဟေ့လူ၊ ခင်ဗျားနာသွားသေးလား” လို့မေးတယ်။ “ခင်ဗျား ဘာလဲဗျ၊ မီးလည်းဖွင့်မထားဘဲ ဘာလုပ်တာလဲ။ ခင်ဗျားကားနံပါတ်က ဘာလဲ”လို့ ဆရာဦးမောင်တင်က စိတ်ဆိုးပြီး ပြန်ပြောတော့တာပဲ။ “ကားနံပါတ်မရှိဘူး။ ဘုရင်ခံကားဗျ”လို့ ဟိုလူကပြန်ပြောတယ်။ ကားထဲမှာ ဘုရင်ခံ ဆာဟာကုတ်ဘတ်တလာ (Sir Harcourt Butler) ထိုင်နေတာကို မြင်တာပေါ့။ မကျေမချမ်းနဲ့ ပြန်လာခဲ့တယ်။ နောက်နေ့ ကျောင်းရောက်တော့ လုပ်ဖော်ကိုင်ဖက်ဆရာတွေနဲ့ တွေ့တာပေါ့။

“ကျွန်တော်တရားစွဲမယ်ဗျာ”

ဆရာဦးမောင်တင်က လုပ်ဖော်ကိုင်ဖက်ဆရာတွေကို ပြောပြလိုက်တယ်။

“ဘယ်သူ့ကို တရားစွဲမှာလဲ ဆရာတင်”

ဆရာတွေက ပြန်မေးတယ်။ အဲဒီကာလ မတိုင်ခင်ကတည်းက ဆရာဦးမောင်တင်ကို ဆရာတင်လို့ပဲ ခေါ်ကြတာ။ ဆရာ ဦးမောင်တင်လို့ ခေါ်တဲ့သူက မရှိသလောက်ပဲ။

“ဘုရင်ခံကို တရားစွဲမယ်ဗျာ။ ကျုပ်လမ်းက မှန်တာဗျ။ သူစီးလာတဲ့ကားက ဘေးကထွက်လာပြီး ကျုပ်ဆိုင်ကယ်ကိုဝင်တိုက်တာ”လို့ ပြောပြီး မနေ့ညက အဖြစ်အပျက်အလုံးစုံကို ပြန်ပြောပြနေတယ်။ ဆရာတွေက ဝိုင်းဝန်းနှစ်သိမ့်ပေးလိုက်တော့မှ ဆရာဦးမောင်တင် စိတ်ပြေသွားတယ်။ နို့မို့ဆို ဆရာဦးမောင်တင်က ဘုရင်ခံကို တရားစွဲမှာ သေချာတယ်။ ရှစ်တန်းကျောင်းသားကတည်းက မဟုတ်တာမှန်သမျှ ငုံ့မခံဘဲ တုံ့ပြန်တတ်တဲ့ ဇာတိသွေးက ဆရာဦးမောင်တင်ရင်ထဲမှာ အပြည့်ရှိတယ်။

## နာမည်ပြောင်း

၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်ကောလိပ်ကို ရန်ကုန်တက္ကသိုလ်အဆင့်တိုးမြှင့်ဖို့ စီစဉ်နေပြီ။ အဲဒီအချိန်မှာ အင်္ဂလိပ်အရာရှိတွေက ပါဠိပါမောက္ခဆရာဦးမောင်တင်ကို မျက်စိကျပြီး အင်္ဂလန်ကို ပညာတော်သင်စေလွှတ်လိုက်တယ်။ အင်္ဂလန်မှာရှိတဲ့ အောက်စဖို့ဒ် (Oxford) တက္ကသိုလ်က အိတ်စီတာကောလိပ် (Exeter collage) မှာ ပညာသင်ယူရတယ်။ အဲဒီမှာ “မောင်တင်” အမည်တူရှိနေသတဲ့။ ဆရာကြီး ဦးမောင်တင်ဆီ ပို့လိုက်တဲ့ စာတွေ၊ ပစ္စည်းတွေက အခြားမောင်တင်ဆီရောက်၊ အခြားမောင်တင်ဆီ ပို့လိုက်တဲ့ စာတွေ၊ ပစ္စည်းတွေက ဆရာကြီးဦးမောင်တင်ဆီရောက်နေတာပေါ့။ ဒီတော့ ဆရာကြီးဦးမောင်တင်က နာမည်ပြောင်းလိုက်ပါလေရော။ ဖခင်ဖြစ်တဲ့ “ဦးဖေ” ရဲ့ နာမည်ထဲက “ဖေ”ကို ယူပြီး မောင်တင်ရဲ့ ရှေ့က ဖြည့်ပေးလိုက်တယ်။ “ မောင်တင်” ကနေ “ဖေမောင်တင်” ဖြစ်သွားတာပေါ့။

## ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်

အင်္ဂလန်မှာ လေးနှစ်ပညာသင်ယူပါတယ်။ အောက်စဖို့ဒ်တက္ကသိုလ်က ပေးအပ်တဲ့ B. litt (Bachelor of literature) ဆိုတဲ့ စာပေဝိဇ္ဇာဘွဲ့ရလာတယ်။ ဆရာကြီးဖေမောင်တင်က B. litt ဘွဲ့လည်းရရော အမိမြန်မာနိုင်ငံကို ပြန်လာတာပေါ့။ ဆရာကြီးဦးဖေမောင်တင် ပြန်ရောက်လာတော့ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန (Department of Orientals Studies) မှာ အရှေ့တိုင်းဘာသန္တရပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရတယ်။ ဘာသန္တရပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေရင်းမှာပဲ ၁၉၃၆ ခုနှစ်ရောက်တော့ ဆရာကြီးဦးဖေမောင်တင်ကို ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်တယ်။ ဆရာကြီးဦးဖေမောင်တင်က ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးတွေထဲမှာ မြန်မာလူမျိုးထဲမှ ပထမဦးဆုံး တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သူပါ။

တစ်နေ့မှာတော့ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်တဲ့ ဆရာကြီးဦးဖေမောင်တင်ဆီ စာတစ်စောင်ရောက်လာတယ်။ မောင်ဘသန်းက ရေးပို့လိုက်တဲ့စာပါ။ မောင်ဘသန်းဆိုတာက ဓာတုဗေဒ ဓာတ်ခွဲခန်းမှာ အလုပ်လုပ်နေတဲ့ Lab boy လူငယ်လေးပါပဲ။ စာဖတ်ကြည့်လိုက်တော့ အလုပ်ကနေ နုတ်ထွက်ခွင့်ပြုဖို့ တောင်းခံထားတဲ့စာ ဖြစ်နေတယ်။ ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်က ဘာကြောင့် မောင်ဘသန်းအလုပ်ထွက်ချင်ရတာလဲဆိုတာ သိချင်တာပေါ့။ သိချင်တော့ မောင်ဘသန်းကိုခေါ်ပြီး မေးပါလေရော။

“ကျွန်တော် ဆရာ ပီးကော့ (Mr. Peacock) ကို ကြောက်လို့ပါ။ တစ်နေ့က Lab ခန်းထဲမှာ ပစ္စည်းတစ်ခု ကျကွဲသွားတယ်။ အဲဒါကို ဆရာပီးကော့က စိတ်ဆိုးပြီး ကျွန်တော့်ကို လက်သီးနဲ့ထိုးတယ်။ သွားတစ်ချောင်း ကျိုးသွားပါတယ် ဆရာကြီး”

မောင်ဘသန်းက ရှင်းပြလိုက်တော့ အကြောင်းစုံကို ဆရာကြီးဦးဖေမောင်တင် သိသွားတယ်။

“ဒါကြောင့် အလုပ်က ထွက်ချင်တာလား”

ဆရာကြီး ဦးဖေမောင်တင်က သေချာအောင်ပြန်မေးတယ်။

“ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော် ဆရာပီးကော့ကို ကြောက်လွန်းလို့ အလုပ်ကထွက်ချင်တာပါ”

“ဒါဆို မင်းမထွက်ရဘူး။ ကိုယ့်အောက်ဝန်ထမ်းကို ကိုယ်ထိလက်ရောက် ထိုးကြိတ်စော်ကားလို့မရဘူးကွ။ ဒီတော့ မင်းမထွက်နဲ့။ ခုချက်ချင်းတိုင်စာရေး”

ဆရာကြီး ဦးဖေမောင်တင်ရှေ့မှာပဲ ဆရာပီးကော့ကို တိုင်တဲ့ တိုင်စာကို မောင်ဘသန်းက ရေးနေရတာပေါ့။ ရေးနေတုန်းမှာပဲ ဆရာပီးကော့ရောက်လာတယ်။ မောင်ဘသန်းကိုလည်းတွေ့ရော လက်သီးနဲ့ထိုးပြန်ပါလေရော။ မောင်ဘသန်းလည်း ကြောက်လန့်ပြီး အခန်းထဲကနေ ထွက်ပြေးသွားတယ်။

“ဟေ့ကောင် ပီးကော့။ မင်းဘာလုပ်တာလဲကွ။ မင်းလုပ်ရပ်က တရားလွန်နေပြီ”

ဆရာကြီးဦးဖေမောင်တင်က ပီးကော့ကို ဟန့်လိုက်တာပေါ့။

“ဟေ့လူ ခင်ဗျားကိုခင်ဗျား ဗမာကျောင်းအုပ်ကြီးဆိုပြီး ကျုပ်ကို ဒီလိုပြောတာလား။ ကျောင်းအုပ်ကြီးဆိုပြီး ခင်ဗျားကို ကျုပ်က ကြောက်မယ်ထင်လို့လား၊ ခင်ဗျားတို့ဗမာတွေကို ကျုပ်လုံးဝမကြောက်ဘူး။ ခင်ဗျားလည်း လုပ်ချင်ရာလုပ်”

ဆရာပီးကော့က ရိုင်းရိုင်းစိုင်းစိုင်းအပြုအမူနဲ့ ခက်ခက်ထန်ထန်ကြမ်းကြမ်းတမ်းတမ်း ပြောဆိုပြီး ထွက်သွားတယ်။

ဆရာကြီးဦးဖေမောင်တင်က ဆရာပီးကော့ရဲ့ အပြုအမူအပြောအဆိုနဲ့ပတ်သက်ပြီး အထက်ကို စာရေးတင်ပြတာပေါ့။ ဘုရင်ခံချုပ်ဆီအထိရောက်အောင် တင်ပြလိုက်တာပါ။ ဘုရင်ခံချုပ်ဖြစ်တဲ့ ဆာကော့ကရိန် (Sir A.D Cochrane) က ကိုယ့်အထက်အရာရှိကို စော်ကားတဲ့ဆရာပီးကော့ကို အလုပ်ကနေ ထုတ်ပယ်ပစ်လိုက်တယ်။ ဒီတော့ အင်္ဂလိပ်လူမျိုးပါမောက္ခဆရာပီးကော့က ဆရာကြီးဦးဖေမောင်တင်ဆီလာပြီး တောင်းပန်တာပေါ့။ ဆရာကြီးဦးဖေမောင်တင်က သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ကျေအေးပေးလိုက်ပါတယ်။ ဒါပေမဲ့ ဘုရင်ခံချုပ်က ဆရာပီးကော့ကို ပျမ်းမျှလစာပေးပြီးတော့ ပြည်နှင်ဒဏ်ပေးလိုက်တယ်။

အင်္ဂလိပ်လက်အောက် ကျွန်ဘဝရောက်နေရလင့်ကစား ရှစ်တန်းကျောင်းသားအရွယ်ကတည်းက မဟုတ်မခံတုံ့ပြန်ရဲတဲ့ သတ္တိရှိသူ ဆရာကြီး ဦးဖေမောင်တင်ပါ။ ဆရာကြီး ဦးဖေမောင်တင်ရဲ့ မြန်မာလူမျိုးနဲ့ မြန်မာစာပေအပေါ် တင်ကျန်ရစ်ခဲ့တဲ့ ဂုဏ်ကျေးဇူးတွေက အများကြီးပါ။ အများကြီးထဲကနေ စိုးစဉ်းမျှသာ ကောက်နုတ်ပြီးတော့ ဆရာကြီးဦးဖေမောင်တင်ရဲ့ စိတ်ဓာတ်ကို ဖော်ကျူးတင်ပြအပ်ပါတယ်။ ။

**စာကိုး**

| | |
|---|---|
| **ကျော်အောင်** | **ဦးဖေမောင်တင် တစေ့တစောင်း ရုပ်ပုံလွှာဆောင်းပါး (ဦးဖေမောင်တင် ၁၁၁ နှစ်ပြည့် ဂုဏ်ပြု စာတမ်းများ)** |
| **မင်းယုဝေ** | **ပထမမြန်မာများ** |
| **မောင်ခင်မင်(ဓနုဖြူ)** | **ဦးဖေမောင်တင်၊ တစ်ခေတ်မှာ တစ်ယောက် (ဆရာကြီး ဦးဖေမောင်တင် အမှတ်တရစာစုများ)** |

# အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ဆုံးဖြတ်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါ ပြောကြား

**တိုကျို စက်တင်ဘာ ၂၇**

ဂျပန်နိုင်ငံအစိုးရသည် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားမှုကြောင့် ရွှေ့ဆိုင်းထားခဲ့ရပြီးနောက် ၂၀၂၁ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဆုံးဖြတ်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပြောကြားခဲ့သည်။

### တစ်နှစ်နောက်ဆုတ်

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို မူလက ယခုနှစ် နွေရာသီကာလအတွင်း ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နိုင်ငံတကာ အိုလံပစ်ကော်မတီနှင့် ဂျပန်နိုင်ငံအစိုးရတို့က တစ်နှစ်နောက်ဆုတ်၍ ကျင်းပရန် မတ်လအတွင်းက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဆူဂါက ဂျပန်နိုင်ငံ၏ ခေါင်းဆောင်သစ်တစ်ဦးအနေဖြင့် ကုလသမဂ္ဂသို့ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားခဲ့ရာတွင် "လူသားမျိုးနွယ်တွေအနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ချေမှုန်းနိုင်ကြောင်း သက်သေပြနိုင်ပါက လာမယ့်နှစ် နွေရာသီကာလအတွင်းမှာ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ဂျပန်နိုင်ငံက ဆုံးဖြတ်ထားပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။ ဆူဂါသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ယခုလအတွင်း ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ် ဖြစ်လာခဲ့သူ ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို လာမည့်နွေရာသီကာလတိုင်အောင် ထိန်းချုပ်နိုင်ခြင်းမရှိပါက တိုကျိုအိုလံပစ်ပြိုင်ပွဲကျင်းပရန် အခက်အခဲ ဖြစ်ပေါ်လိမ့်မည်ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးပြောကြားခဲ့သော်လည်း အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးတာဝန်ရှိသူများကမူ အိုလံပစ်ပြိုင်ပွဲကို ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-စထရိတ်တိုင်း**
**ဘာသာပြန်-အလင်းသစ်**





# ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖြန့်ဖြူးပေးရန် ကန်ဒေါ်လာသန်း ၅၀၀ ထောက်ပံ့မည်ဟု ဘောရစ်ဂျွန်ဆင် အတည်ပြု

**လန်ဒန် စက်တင်ဘာ ၂၇**

ဗြိတိန်နိုင်ငံအနေဖြင့် ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးရရှိစေရန်အတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ကာကွယ်ဆေးအလုံးရေသန်း ၂၇၀ နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ လေးနှစ်စာ အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ၂၃ သန်းကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင်က ယမန်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် အတည်ပြုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ငွေကြေးပံ့ပိုးမှုမှာ မူလကတိပြုထားသည်ထက် ၃၀ ရာခိုင်နှုန်း တိုးလာမည်ဖြစ်သော်လည်း ယင်းပမာဏ၏ သုံးပုံတစ်ပုံကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်မှုအပေါ်တွင် မူတည်၍ ပေးအပ်သွားမည်ဖြစ်သည်။ ဂျွန်ဆင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ရန်နှင့် အနာဂတ်၌ ဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါများအတွက် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် တိုက်တွန်းခဲ့သည်။ ဝန်ကြီးချုပ်က ကိုဗစ်-၁၉ရောဂါ ပြဿနာရပ်တွင် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု လျော့နည်းသည့်အပေါ် စိတ်ပျက်နေပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြစ်တင်ဝေဖန်နေမှုများအပေါ် "အရုပ်ဆိုးသည့်လုပ်ရပ်" အဖြစ် အမည်တပ်ခဲ့ကာ စုစည်းညီညွတ်သည့် ဘုံရပ်တည်ချက်တစ်ခုကသာလျှင် အကျပ်အတည်းကို လွန်မြောက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ဆိုသည်။

ဝန်ကြီးချုပ်က အချက် ငါးချက်ပါ အစီအစဉ်တစ်ရပ်ချပြခဲ့ရာ အဆိုပါစီမံချက်တွင် ကမ္ဘာ့သုတေသနဦးဆောင်အဖွဲ့တစ်ရပ်တည်ထောင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်မှု တိုးတက်လာစေရေးနှင့် ဆေးဖြန့်ချိရာတွင် သက်ဆိုင်ရာနိုင်ငံများဘက်မှ အခွန်ကောက်ခံမှု လျှော့ချရေးတို့ ပါဝင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗက်ဟု အမည်ပေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှုစီမံချက်တွင် ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ ဩစတြေးလျတို့လို ကြွယ်ဝသည့်နိုင်ငံများ ပူးပေါင်းမည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ ပါဝင်ခြင်းမရှိသေးသည့်အပြင် အဖွဲ့ဝင် ၃၄ နိုင်ငံကလည်း စဉ်းစားနေဆဲပင်ဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-မေလှဲ့သင်း**

# အိန္ဒိယ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်မှု စွမ်းဆောင်ရည်က ကမ္ဘာ့လူသားများအားလုံးအတွက် ဖြစ်စေရမည်ဟု ဝန်ကြီးချုပ် မိုဒီ ကတိပြု

**နယူးဒေလီ စက်တင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်မည်ဆိုပါက ယင်းစွမ်းဆောင်ရည်မှာ ကမ္ဘာ့သူကမ္ဘာ့သားအားလုံးအတွက် ဖြစ်စေရမည်ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဗီဒီယိုမှတစ်ဆင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ကတိပြုပြောကြားခဲ့သည်။

### နည်းပညာဖြန့်ဝေ

ဝန်ကြီးချုပ်က "အိန္ဒိယရဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှုနဲ့ ဖြန့်ဖြူးပေးနိုင်မှုတွေက အကျပ်အတည်းဆိုက်နေရတဲ့ လူသားအားလုံးအတွက် ဖြစ်စေရပါမယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နိုင်ငံတိုင်း ဆေးဝါးထိန်းသိမ်းမှုစနစ်နဲ့ သယ်ယူပို့ဆောင်ရေးမှာ အအေးခံတတ်ထိန်းသိမ်းရေးကွင်းဆက်တွေ တိုးတက်လာဖို့အတွက် ကူညီပေးသွားချင်ပါတယ်" ဟု ဆိုသည်။ အိန္ဒိယ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စမ်းသပ်မှုမှာ အဆင့်သုံးသို့ ရောက်ရှိနေပြီး လုံခြုံမှုနှင့် အကျိုးသက်ရောက်မှုနှစ်ရပ်စလုံးကို အဓိကစံနှုန်းအဖြစ် ထားရှိအကောင်အထည်ဖော်ဆောင်နေကြောင်း သိရသည်။

### ရေရှည်အကျိုးအတွက် အားထုတ်သင့်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ကာကွယ်ဆေးရရှိပါက လူတိုင်း ဝယ်ယူအသုံးပြုနိုင်သည့် ဈေးနှုန်းဖြစ်ရေး၊ လက်လှမ်းမီသည့် အနေအထားဖြင့် သုံးစွဲနိုင်ရေးတို့ကို စီမံချက်ချဆောင်ရွက်ထားရေး ပြောကြားထားသည်။

ဩစတြေးလျဝန်ကြီးချုပ် မော်ရစ်ဆင်ကလည်း ဩစတြေးလျသာ ကာကွယ်ဆေးရရှိပါက တစ်ကမ္ဘာလုံးသို့ ဝေမျှပေးသွားမည်ဖြစ်ကြောင်း၊ ဘယ်နိုင်ငံကပဲတွေ့ရှိသည်ဖြစ်စေ တစ်ကမ္ဘာလုံးကို မျှဝေသုံးစွဲခွင့်ပေးရမည်ဖြစ်ကြောင်း ကုလသမဂ္ဂမိန့်ခွန်းမှာပင် ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး မော်ရစ်ဆင်က လူသားတိုင်းသည် အရာရာကို ကာလရှည်မှတ်မိနိုင်ကြသဖြင့် ဘယ်နိုင်ငံက ဘယ်လိုဆောင်ရွက်သွားသည်ကို အကဲဖြတ်ကြမည်ဖြစ်ရာ ရေတိုအကျိုးစီးပွားထက် ရေရှည်အကျိုးရလဒ်အတွက်သာ ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းခဲ့သည်။


### ထိခိုက်မှုများ

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ရောဂါ ကူးစက်မှု ၅ ဒသမ ၈ သန်းဖြင့် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေပြီး ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်ထဲမှာပင် သေဆုံးသူ ၉၀၀၀၀ ကျော်ရှိခဲ့သည်။ လူဦးရေသိပ်သည်းသည့်နိုင်ငံဖြစ်သလို ဆေးပစ္စည်းမကြာခဏ ပြတ်တောက်ခြင်းတို့ကလည်း ကူးစက်မှုနှုန်းနှင့် သေဆုံးနှုန်းနှစ်ရပ်စလုံးကို ထိန်းချုပ်ရန် ခက်ခဲနေခြင်းဖြစ်သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်-မေလှဲ့သင်း**



# အမေရိကန်သတင်းအချက်အလက်နည်းပညာကုမ္ပဏီ ဂူဂဲလ်က ရွေးကောက်ပွဲကျင်းပပြီးပါက နိုင်ငံရေးကြော်ငြာများကို ပိတ်ဆို့ဟန့်တားမည်




**ဝါရှင်တန် စက်တင်ဘာ ၂၇**

အမေရိကန်နိုင်ငံ၏ နာမည်ကြီးသတင်းအချက်အလက် နည်းပညာကုမ္ပဏီ ဂူဂဲလ်သည် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် မဲပေးပွဲပြီးဆုံးပါက နိုင်ငံရေးကြော်ငြာများကို ကာလသတ်မှတ်ချက်မရှိ ပိတ်ဆို့ဟန့်တားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် ရွေးကောက်ပွဲလွန်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ရှုပ်ထွေးမှုများကို ကြိုတင်ကာကွယ်ရန်ကြိုးပမ်းသည့်အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု၏ သက်ရောက်မှုကြောင့် ဆန္ဒမဲလက်မှတ်အရေအတွက်အများအပြားကို မေးလ်ထဲတွင် ရေတွက်ရန် အချိန်ယူရမည်ဖြစ်သဖြင့် ရွေးကောက်ပွဲရလဒ်များသည်လည်း နှောင့်နှေးကြန့်ကြာလိမ့်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲလေ့လာသူတချို့က ပြောကြားခဲ့သည်။

အခြားသော နာမည်ကြီး သတင်းအချက်အလက်နည်းပညာကုမ္ပဏီများကလည်း ဂူဂဲလ်ကဲ့သို လုပ်ဆောင်ရန် စီစဉ်လျက်ရှိပြီး တွစ်တာကလည်း အခြေအမြစ်မရှိသည့် မဲလိမ်လည်မှုများနှင့် ပတ်သက်၍ သတိပေးစာတန်းများကို အသုံးပြုကာ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ဖေ့စ်ဘွတ်ကလည်း အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အတွင်းပြုလုပ်သည့် စည်းရုံးလှုံ့ဆော်မှုများနှင့် ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံရေးကြော်ငြာအသစ်များ လက်ခံခြင်းတို့ကို ရပ်တန့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# မကြာမီရက်အတွင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ရုရှားသမ္မတ ပူတင်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမည်

**တိုကျို စက်တင်ဘာ ၂၇**

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် လာမည့်စက်တင်ဘာ ၂၉ ရက်တွင် ဖုန်းဖြင့် ပထမအကြိမ် ဆက်သွယ်ဆွေးနွေးရန် ရည်ရွယ်ထားကြောင်း ဂျပန်အစိုးရသတင်းရင်းမြစ်တစ်ခုက ယနေ့ ဖော်ပြထားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် စစ်ပြီးကာလ ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် လိုအပ်ချက်များအား ဆက်လက်လုပ်ဆောင်ရန် နှစ်နိုင်ငံစလုံး၏ ကတိကဝတ်ပြုမှုကို ထပ်လောင်းအတည်ပြုလိမ့်မည်ဟု မျှော်လင့်ကြောင်း သတင်းရင်းမြစ်က ဆိုသည်။

ဆူဂါသည် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ရာထူးတာဝန်ကို ဆက်ခံရန် ပြီးခဲ့သည့်သီတင်းပတ်က ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့် ရုရှားနိုင်ငံတို့သည် ရုရှားထိန်းချုပ်ထားသည့် ဟောကိုင်းဒိုးကမ်းလွန်ပင်လယ်ရှိ ကျွန်းစုများနှင့်ပတ်သက်၍ နှစ်ရှည်ကြာတည်ရှိလာခဲ့သည့် ပိုင်နက်နယ်မြေအငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းလုပ်ဆောင်လာခဲ့သည်။ အဆိုပါ ကျွန်းစုများကို ဂျပန်က မြောက်ဘက်ပိုင်နက်နယ်မြေများဟု ခေါ်ဆိုပြီး ရုရှားက တောင်ဘက်ကူရီးလ်ကျွန်းစုဟု ခေါ်ဆိုသည်။ အဆိုပါပိုင်နက်နယ်မြေ အငြင်းပွားမှုသည် ဂျပန်နှင့် ရုရှားနိုင်ငံတို့အား ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခြင်းကို အဟန့်အတားဖြစ်စေခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလက ဂျပန်လက်နက်ချခဲ့ပြီးနောက် အဆိုပါကျွန်းစုများကို သိမ်းပိုက်ခဲ့သည်။ ရုရှားအစိုးရသည် အဆိုပါကျွန်းစုများကို စစ်ပွဲ၏ တရားဝင်အကျိုးရလဒ်တစ်ခုအနေဖြင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ သို့သော် ဂျပန်အစိုးရသည် ရုရှားက ယင်းကျွန်းစုများအား သိမ်းပိုက်မှုနှင့်ပတ်သက်၍ တရားမဝင်ကြောင်း ပြောဆိုလေ့ရှိသည်။

ရှင်ဇိုအာဘေးသည် ပြီးခဲ့သည့် ဩဂုတ်လနှောင်းပိုင်းက ကျန်းမာရေးပြဿနာကြောင့် ရာထူးတာဝန်မှ နုတ်ထွက်ရန် ကြေညာခဲ့ပြီးနောက် ဗီဒီယိုကွန်ဖရင့်မှ တစ်ဆင့် ရုရှားသမ္မတ ပူတင်နှင့် ဆက်သွယ်ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား တည်ရှိနေသည့် ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပုံကို နှစ်ဦးနှစ်ဖက် အလေးအနက်ပြောဆိုခဲ့ကြကြောင်း သိရသည်။

**ကိုးကား – ကျိုဒိုနယူးစ်၊ ဘာသာပြန် – ဂျေတီ**


ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်

# ဂျပန်နိုင်ငံသို့ သွားရောက်မည့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ဝန်ကြီးချုပ် ဆူဂါနှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိ


တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ

**တိုကျို စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီနှင့် တွေ့ဆုံရန် အောက်တိုဘာလအစောပိုင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်လျက်ရှိပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါနှင့်လည်း သွားရောက်တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုသည် ဝန်ကြီးချုပ် ဆူဂါအနေဖြင့် ဝန်ကြီးချုပ်ဖြစ်လာပြီးနောက်ပိုင်း တရုတ်ထိပ်တန်းတာဝန်ရှိသူတစ်ဦးနှင့် ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံဆွေးနွေးမှုလည်း ဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ဂျပန်နိုင်ငံသို့ သွားရောက်မည့်အစီအစဉ်သည် ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အကြား စက်တင်ဘာ ၂၅ ရက်က ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရှီကျင့်ဖျင်နှင့် ဆူဂါတို့တွေ့ဆုံစဉ် နှစ်နိုင်ငံနည်းကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြသည်။ ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် လာမည့်လအစောပိုင်းတွင် ဂျပန်နိုင်ငံသို့လာရောက်မည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့်လည်း တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အလင်းသစ်**

# တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားပြီးနောက် မိုင်းလုပ်သား ၁၇ ဦး ပိတ်မိနေ

**ပေကျင်း စက်တင်ဘာ ၂၇**


တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ ယနေ့ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၇ ဦး မြေအောက်၌ပိတ်မိနေကြောင်း ဒေသန္တရအစိုးရအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ယနေ့နံနက်အစောပိုင်းတွင် ကျောက်မီးသွေးတွင်းရှိ လူနှင့် ပစ္စည်းများ သယ်ယူပို့ဆောင်ပေးသည့်ကြိုး မီးလောင်ခဲ့ရာ ကျောက်မီးသွေးတွင်းအတွင်းရှိ အန္တရာယ်ရှိသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်စေခဲ့ကြောင်း အစိုးရ၏ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းဌာနဆင်ဟွာက ဖော်ပြခဲ့သည်။ ချုံကျင်းမြို့တော်အပြင်ဘက်ရှိ အဆိုပါကျောက်မီးသွေးတွင်း၌ ကယ်ဆယ်ရေးသမားနှင့် ဆရာဝန် ၁၀၀ ကျော် ရောက်ရှိနေပြီး ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားသော အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ကွီကျင်းခရိုင် အစိုးရအဖွဲ့က ဝေဘိုလူမှုကွန်ရက်၌ ပြောကြားခဲ့သည်။

အဆိုပါကျောက်မီးသွေးမိုင်းတွင်းကို နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ Chongqing Energy က ပိုင်ဆိုင်သည်။ တရုတ်နိုင်ငံ၌ မိုင်းတွင်းမတော်တဆဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိသည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ မိုင်းတွင်းတစ်ခု၌ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ၁၄ ဦး သေဆုံးခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ချုံကျင်းမြို့၌ သတ္တုတွင်းတစ်ခု၌ သတ္တုပုံးတစ်ခု ပြုတ်ကျခဲ့ရာ မိုင်းလုပ်သားခုနစ်ဦး သေဆုံးခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ်ရှိ မိုင်းတွင်းတစ်ခု၌ ကျောက်တုံးပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမားများ မိုင်းတွင်း၌ပိတ်မိခဲ့ကာ မိုင်းလုပ်သား ၂၁ ဦး သေဆုံးခဲ့ပြီး တစ်ဦးကိုသာ အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန်–ကျော်ထိုက်စိုး**



# လက်ရှိနယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန် ထပ်မံအနိုင်ရ

**ဆစ်ဒနီ စက်တင်ဘာ ၂၇**

နောက်လတွင်ကျင်းပမည့် နယူးဇီလန်ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန် ပြန်လည်အနိုင်ရသည်ဟု မဲစစ်တမ်းစောင့်ကြည့်ရေးသုတေသနစစ်တမ်းအရသိရကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။ ကိုဗစ်–၁၉ ရောဂါကြောင့် လူထုထောက်ခံမှုကျဆင်းသွားသည့်တိုင် မဲစစ်တမ်းများအရ ဝန်ကြီးချုပ်အာဒန်၏ လေဘာပါတီပင် ၅၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ထပ်မံအနိုင်ရခဲ့ခြင်းဖြစ်ကြောင်း တစ်နိုင်ငံလုံး မဲအကြိုစာရင်း သုတေသနစစ်တမ်းက အတိအကျဖော်ပြခဲ့ခြင်းဖြစ်သည်။ အဓိကအတိုက်အခံပါတီဖြစ်သော နေရှင်နယ်ပါတီက ၂၉ ဒသမ ၆ ရာခိုင်နှုန်းသာရရှိခဲ့ရာ ဂျက်ဆင်ဒါအာဒန်၏ လေဘာပါတီအနေဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စရာမလိုဘဲ နိုင်ငံကို ဆက်လက်ဦးဆောင်သွားနိုင်မည် ဖြစ်သည်။

နယူးဇီလန်နိုင်ငံသည် ပြီးခဲ့သည့်ဩဂုတ်လ မြို့တော်အော့ကလန်သို့ ကိုဗစ်–၁၉ ဒုတိယလှိုင်းပြန်လည် မဝင်ရောက်မီ ၁၀၂ ရက်ကြာ ရောဂါကူးစက်မှုမရှိအောင် စီမံနိုင်ခဲ့သည်။ ဂျက်ဆင်ဒါအာဒန်သည် ၂၀၁၇ ခုနှစ် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ချိန်တွင် နှစ် ၁၅၀ အတွင်း နယူးဇီလန်နိုင်ငံ၏ အသက်ငယ်ဆုံးခေါင်းဆောင်အဖြစ် မှတ်တမ်းဝင်ခဲ့သလို ၎င်း၏ လေဘာပါတီသည်လည်း ဆယ်စုနှစ်တစ်ခုကျော်ကြာ နိုင်ငံရေးအာဏာကို ရယူထားသော နေရှင်နယ်ပါတီ၏ လွှမ်းမိုးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ **ကိုးကား–အေဘီစီ၊ ဘာသာပြန်–မေလွဲ့သင်း**

# လာမည့်မလေးရှားရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ဝန်ကြီးချုပ်ဟောင်း မဟာသီ အတည်ပြု

**လန်ကာဝီ စက်တင်ဘာ ၂၇**

မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီက သတ်မှတ်ထားသည့်အချိန်အတိုင်း ရွေးကောက်ပွဲကို ကျင်းပမည်ဆိုပါကလည်း ၎င်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း မလေးမေးလ်သတင်းဌာနနှင့် တွေ့ဆုံရာတွင် အတည်ပြုပြောကြားခဲ့သည်။ မဟာသီက ၎င်း၏ပါတီဝင်များကို အတွေ့အကြုံများ မျှဝေသွားမည်ဖြစ်သော်လည်း ရွေးကောက်ပွဲမှာ ၂၀၂၃ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကာ ယင်းအချိန်ဆိုလျှင် အသက် ၉၈ နှစ်ရှိပြီဖြစ်သောကြောင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ဆိုသည်။ မဟာသီအနေဖြင့် လက်ရှိအာဏာရပါတီ ပီအင်န်နှင့်ရော အတိုက်အခံပါတီ ပီအိတ်ချ်ပါတီနှင့်ပါ တွဲဖက်ပြီး ရွေးကောက်ပွဲယှဉ်ပြိုင်မည်မဟုတ်တော့ကြောင်း သိရသည်။

**ကိုးကား–စီအင်န်အေ၊ ဘာသာပြန်–မေလွဲ့သင်း**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာနောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၃၀၉၉၄၃၆ | ဦး |
| သေဆုံးသူ | ၉၉၉၄၁၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၄၅၀၃၇၈ | ဦး |

# အဏုမြူလက်နက်များ ဖျက်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို



**နယူးယောက် စက်တင်ဘာ ၂၇**

ကမ္ဘာကြီးအား လမ်းကြောင်းပြောင်းရန်နှင့် အဏုမြူလက်နက်များ ဖျက်သိမ်းရေး ဘုံလမ်းကြောင်းတစ်ခုသို့ ပြန်သွားရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုလိုက်သည်။

စက်တင်ဘာ ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အဏုမြူလက်နက်များ အလုံးစုံဖျက်သိမ်းရေးနေ့အတွက် ကြေညာချက်တစ်စောင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထုတ်ပြန်ခဲ့ရာတွင် ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

**သတ်မှတ်ခဲ့**

၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အဏုမြူလက်နက်များဖျက်သိမ်းရေးအတွက် ပထမဆုံးအကြိမ် အဆင့်မြင့် အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး စက်တင်ဘာလ ၂၆ ရက်အား အပြည်ပြည်ဆိုင်ရာ အဏုမြူလက်နက်များဖျက်သိမ်းရေးနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ခဲ့သည်။

အဏုမြူလက်နက်ပိုင်ဆိုင်ကြသော နိုင်ငံများသည် ပူးပေါင်းဆောင်ရွက်မှုအပေါ် မဟာဗျူဟာမြောက် ယှဉ်ပြိုင်မှုအား ပို၍ရွေးချယ်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့ပြီး အဏုမြူလက်နက်များကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်သည် ပိုမိုဆိုးရွားလာသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဏုမြူလက်နက်အန္တရာယ် လျှော့ချနိုင်ရေးနှင့် အဏုမြူလက်နက်များ အမှန်တကယ်ဖျက်သိမ်းနိုင်သော အဆင့်များသို့ တက်လှမ်းနိုင်ရေးအတွက် နိုင်ငံအချို့အနေဖြင့် ယုံကြည်မှု ပြန်လည်ထူထောင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများကို ပြန်သွားကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

**နောက်ထပ်မဖြစ်စေရ**

အဏုမြူဗုံးများကြဲချမှုကိုခံခဲ့ရသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ ခံစားခဲ့ရသည့် လူအများ သေဆုံးခြင်းနှင့် ပျက်စီးဆုံးရှုံးရခြင်းများ နောက်ထပ်မဖြစ်စေရဟု ကုလအတွင်းရေးမှူးချုပ်က ဖော်ပြခဲ့သည်။

**ကိုးကား – အန်အိတ်ချ်ကေ၊ ဘာသာပြန် – ဇော်ဝင်း**

# ကိုဗစ်-၁၉ ရောဂါအတွက် ပြောင်းလဲမှုလုပ်ဆောင်ရန် ပြင်သစ်ဆေးပညာရှင်များ သတိပေး

**ပါရီ စက်တင်ဘာ ၂၇**

ပြင်သစ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုကို လပေါင်းများစွာ ကြုံတွေ့ခဲ့ရပြီးဖြစ်သောကြောင့် ထိရောက်သော ပြုပြင်ပြောင်းလဲမှုတစ်ရပ် မလုပ်ဆောင်ပါက ကိုဗစ်-၁၉ ရောဂါ၏ လွှမ်းမိုးမှုအောက်သို့ ပြင်သစ်ကျန်းမာရေးစနစ်တစ်ခုလုံး ကျရောက်သွားနိုင်ကြောင်း ထိပ်တန်းဆေးပညာရှင်များက သတိပေးလိုက်သည်။




ရောဂါကူးစက်မှု အဆိုးဆုံးနေရာဖြစ်သည့် မာဆေးလ်နှင့် မြို့တော်ပါရီတို့တွင် ကန့်သတ်ချက်များ ပြန်လည်တင်းကျပ်ခဲ့ရာ ဒေသခံများနှင့် စားသောက်ဆိုင်ပိုင်ရှင်အများစုက ချမှတ်ခဲ့သည့် ကန့်သတ်ချက်များအပေါ် ဆန့်ကျင်မှုပြုခဲ့ကြသည်။

အမျိုးသား ဆရာဝန်များကောင်စီ အကြီးအကဲ ပက်ထရစ်ဘိုးက ဒုတိယလှိုင်းမှာ မျှော်မှန်းထားသည့်အချိန်ထက် လျင်လျင်မြန်မြန်ရောက်ရှိလာချိန်တွင် ကျန်းမာရေးဝန်ကြီး အိုလီဗီရာဗီရန်းက ကန့်သတ်ချက်များကို အချိန်မည်မျှကြာအောင် ထားရှိမည်ဆိုသည်ကို တိတိကျကျ မပြောခဲ့ခြင်းက ယခုလို ဆန့်ကျင်မှုများကို ဖြစ်စေခဲ့ကြောင်း ဝေဖန်ခဲ့သည်။ ဆက်လက်ပြီး ဘိုးက ပြောင်းလဲမှုတစ်စုံတစ်ရာမပြုဘဲ ဆက်လက်လည်ပတ်နေမည်ဆိုပါက တစ်နိုင်ငံလုံးသို့ ကိုဗစ်-၁၉ ရောဂါပြန့်ပွားလာခြင်းမျိုးဖြစ်နိုင်ပြီး ပြင်သစ်ဆေးဝန်ထမ်းအင်အားက တစ်နိုင်ငံလုံး ရောဂါကို ကုသပေးနိုင်လောက်အောင် လုံလောက်သည့် အနေအထားမဟုတ်ကြောင်း သတိပေးခဲ့သည်။

ဆေးဘက်ဆိုင်ရာဝန်ထမ်းများအားလုံး ပင်ပန်းနွမ်းလျနေပြီဖြစ်သဖြင့် စီမံမှုတွင် ပြောင်းလဲမှု တစ်စုံတစ်ရာဆောင်ရွက်ရန် အလျင်အမြန် လိုအပ်နေခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့် ၂၄နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၄၁၂ ဦး ရှိခဲ့သလို ပြီးခဲ့သည့်ရက်သတ္တတစ်ပတ်လုံး ကူးစက်မှုနှုန်း နေ့စဉ်မြင့်တက်နေဆဲဖြစ်သည်။

**ကိုးကား – အေအက်ဖ်ပီ**

**ဘာသာပြန် – မေလွဲသင်း**

# အမေရိကန် အာကာသယာဉ်မှူး ၂၀၂၀ သမ္မတရွေးကောက်ပွဲကို အာကာသအတွင်းမှ မဲပေးမည်

**ဝါရှင်တန် စက်တင်ဘာ ၂၇**

နာဆာအဖွဲ့မှ အာကာသယာဉ်မှူး ကိတ်ရူဘင်စ်က ကမ္ဘာမြေမျက်နှာပြင်အထက် မိုင် ၂၀၀ ကျော်ကွာဝေးသည့် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှ ၂၀၂၀ အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဆန္ဒမဲထည့်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"လူတိုင်းအတွက် ဆန္ဒမဲထည့်ဖို့ အလွန်အရေးကြီးတယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့တောင် အာကာသထဲကနေ ဆန္ဒမဲထည့်နိုင်ရင် ကမ္ဘာမြေပေါ်က လူသားတွေက ဆန္ဒမဲထည့်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။ လက်ရှိတွင် အခြားအာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ ရုရှားနိုင်ငံ စတားမြို့တော်၌ ရှိနေသည့် ရူဘင်စ်က အောက်တိုဘာလတွင် အာကာသအတွင်းသို့ ခရီးစဉ်သွားရောက်ရန် စီစဉ်နေပြီး အပြည်ပြည်ဆိုင်ရာ အာကာသစခန်း၌ ခြောက်လကြာ နေထိုင်မည်ဖြစ်သည်။

အာကာသအတွင်းမှနေ၍ မဲပေးခွင့် အဆုံးရှုံးခံမည်မဟုတ်ဟု ၎င်းက ဆိုသည်။

"ဒီမိုကရေစီစနစ်မှာ ပါဝင်ဖို့ အရေးကြီးပါတယ်။ အာကာသအတွင်းကနေ ဆန္ဒမဲထည့်တာ ဂုဏ်ပြုမှု တစ်ခုလို့ ကျွန်မတို့ ထင်ပါတယ်" ဟု ၎င်းက ပြောသည်။ အမေရိကန်နိုင်ငံမှ အာကာသယာဉ်မှူးအများစုက ဟူစတန်မြို့၌ နေထိုင်ပြီး ရွေးကောက်ပွဲဥပဒေအရ အာကာသယာဉ်မှူးများကို အာကာသအတွင်းမှ ဆန္ဒမဲထည့်ခွင့်ပြုထားသည်။

၂၀၁၆ ခုနှစ်ကလည်း အာကာသယာဉ်မှူး ရူဘင်စ်နှင့် ရှိန်းကင်ဘရော့ဂ်တို့က သမ္မတရွေးကောက်ပွဲ၌ အာကာသအတွင်းမှ ဆန္ဒမဲထည့်ခဲ့ကြသည်။

**ကိုးကား – နယူးယောက်ပို့စ်**

**ဘာသာပြန် – ကျော်ထိုက်စိုး**



# ရုရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၁၄၃၈ ဦး ရှိလာ

**မော်စကို စက်တင်ဘာ ၂၇**

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၆၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၁၄၃၈ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနက ယနေ့ပြောကြားသည်။

ရုရှားနိုင်ငံတွင် လူစုလူဝေးများနှင့် လူအုပ်ကြီးဖြင့် နွေရာသီအားလပ်ရက်ကို ပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရှိန်မြင့်မားလာခဲ့ခြင်းဖြစ်သည်။ မြို့တော်မော်စကို၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၁၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် မော်စကိုတစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၈၅၇၇၆ ဦး ရှိလာကြောင်း သိရသည်။

ရုရှားအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ စက်တင်ဘာ ၂၆ ရက်အထိ တစ်နိုင်ငံလုံး၌ လူဦးရေ ၄၅ ဒသမ ၁ သန်းကျော်၏ နမူနာကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ရာ လတ်တလောအချိန်၌ လူနာ ၂၂၀၁၉၅ ဦးသာ နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများ၌ ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ ခြောက်သန်းနီးပါးရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေသည် ယနေ့တွင် ၅၉၉၂၅၃၂ ဦးအထိရှိနေပြီး သေဆုံးသူဦးရေမှာ ၉၄၅၀၃ ဦးရှိကြောင်း ပြည်ထောင်စု ကျန်းမာရေး ဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း၌ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေအသစ် ၈၈၆၀၀ ရှိခဲ့ပြီး သေဆုံးသူဦးရေမှာ ၁၁၂၄ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူခဲ့သည့် ကိုဗစ်-၁၉ ရောဂါခံစားရသူဦးရေ ၄၉၄၁၆၂၇ ဦးတို့ ရောဂါပျောက်ကင်းပြီး ဆေးရုံများမှ ဆင်းခွင့်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်အထိ နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၇၁၂၅၇၈၃၆ ဦးအား ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၂၆ ရက် တစ်ရက်တည်းတွင် လူပေါင်း ၉၈၇၈၆၁ ဦးအား ကိုဗစ်-၁၉ ရောဂါစမ်းသပ်စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ ဆေးဘက်ဆိုင်ရာ သုတေသနကောင်စီ (အိုင်စီအမ်အာရ်)က ယနေ့တွင် ထုတ်ပြန်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဇော်ဝင်း**

# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၇၄ ဦး တွေ့ရှိပြီး ၇၈ ဦး ထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၇၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၂၇၅၂၁၃ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၇၈ ဦး ထပ်မံသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၃၈၆ ဦး ရှိလာခဲ့သည်။ ထို့အပြင် အင်ဒိုနီးရှား၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၃၆၁၁ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ယခုအခါ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၃၀၁၄ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၁၂၁၇ ဦး၊ အနောက်ဂျာဗား၌ ၄၃၇ ဦး၊ အလယ်ဂျာဗား၌ ၂၅၈ ဦး၊ အရှေ့ဂျာဗား၌ ၂၂၀ နှင့် အနောက်ဆူမတြား၌ ၂၁၆ ဦး စသည်ဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီးကူးစက်ခံခဲ့ရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ပန်းတောင်းမြို့နယ်၌ ငွေကျပ် သိန်းသုံးသောင်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ပန်းတောင်း စက်တင်ဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ဂျိုး (မကဖ) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယမန်နေ့ ညပိုင်းက ငွေကျပ် သိန်း ၃၀၂၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညပိုင်းက ပန်းတောင်းမြို့နယ်ရှိ ညောင်ဂျိုး (မကဖ) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ညောင်ဂျိုး ရဲကင်းမှူး ဒုတိယရဲအုပ်သိန်းကျော်၊ အမှတ်(၃၇) မူးယစ်တပ်ဖွဲ့စု (ပြည်)မှ ဒုတိယရဲမှူး ဖုန်းကျော်ဦးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်မှ တောင်ကုတ်သို့ စိုးသော်စိုးမောင်းနှင်လာသောယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ခေါင်းခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို တွေ့ရှိရသဖြင့် ယာဉ်အား ထပ်မံစစ်ဆေးရာ နောက်ကြမ်းခင်းအတွင်း အံဝှက်ပြုလုပ်သယ်ဆောင်လာသော ပလတ်စတစ်အိတ်ငယ်များဖြင့် ထုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ် ၅၀ စုစုပေါင်း ဆေးပြား ၁၀၀၀၀ ပါ ၁၄၁ ထုပ်နှင့် မှိုင်းခံစက္ကူဖြင့် ထုပ်ထားသည့် ဆေးပြား ၁၀၀၀၀ ပါ အထုပ် ၆၀ စုစုပေါင်း ၂၀၁ ထုပ်အတွက် ဆေးပြား ၂၀၁၀၀၀၀ စုစုပေါင်း ဆေးပြား ၂၀၁၆၀၀၀ (တန်ဖိုးငွေကျပ် သိန်း ၃၀၂၄၀)အား သိမ်းဆည်းရမိခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ဥသျှစ်ပင် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**



# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နောင်ချို စက်တင်ဘာ ၂၇**
အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်၍ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်းနှင့် ခြင်များခိုအောင်းနိုင်ခြင်းမရှိစေရေးအတွက် ရေဝပ်သည့်နေရာများကို မြေဖို့ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# မူဆယ်မြို့နှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ငွေဆင်အိမ်ရာနေ ရင်ကွယ်ရှိုင်၏ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်တံ မိုအချောင်း ၈၀၊ Tartaric Acid ကီလို ၇၅၀၊ Theophylline ကီလို ၁၁၅၀၀၊ အရိုးမီးသွေး ကီလို ၁၀၀၀၊ Dimethyl Carbonate လီတာ ၂၄၀၀၊ Phosphoric Acid 10 Percent လီတာ အရည် ၆၄၀ နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ စုစုပေါင်း ငွေကျပ် ၅၀၆၂ ဒသမ ၆ သိန်း တန်ဖိုးကို လည်းကောင်း၊ အလားတူ ယမန်နေ့ ညပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး၌ အိုက်စိုင်းမောင်းနှင်ပြီး မခင်မြိုင် (ခ)အေးနွမ်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ရင်ကွယ်ရှိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။






(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးငြိမ်းချမ်းဦးစီးသော တပ်ဖွဲ့ဝင်များက အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ဘုန်းတော်ကြီးကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။
တင်ဝင်းတင်

## တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ သန်း) တန်ဖိုးရှိ တရားဝင် အထောက်အထားမရှိသည့် လိုင်စင်မဲ့ ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၄၁ ရက်သာ**

လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- ❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ❖ သာသနာ့ဝန်ထမ်း
- ❖ ထောင်ဒဏ်ကျခံနေရသူ
- ❖ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- ❖ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ❖ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- ❖ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

## ချီဖွေမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ Talk Show ကျင်းပ

**ချီဖွေ စက်တင်ဘာ ၂၇**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာသိကောင်းစရာ Talk Show ကို ချီဖွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးမြင့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့် ကာလအတွင်း ပြည်သူများအား အွန်လိုင်းမှတစ်ဆင့် ဗဟုသုတဖြစ်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ပေး Talk Show အစီအစဉ်တွင် ချီဖွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်မင်းက ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇုန်းဘောမ်က မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုနှင့် မဲပေးခြင်းဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေးခဲ့ကြသည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၇၁၇ ဦးရှိ**

ချီဖွေမြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာ အုပ်စု ၃၃ စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၇၁၇ ဦးရှိပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ဇင်မာဝင်း(ပြန်/ဆက်)





## တောင်ကုတ်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲ ကျင်းပ

**တောင်ကုတ် စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တောင်ကုတ်မြို့ ဂူတာရပ်ကွက် မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွီးခိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးသန်းဖေ၊ ဒေါ်အိသဇင်ကျော်၊ ဒေါ်စိုးစိုးမြတ်တို့က ရွေးကောက်ပွဲဆိုင်ရာ၊ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းဆိုင်ရာ သိမှတ်ဖွယ်ရာများ (မူကြမ်း) အား ရှင်းလင်းကာ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# လူ့ဘောင်သစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

**လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးဇေယျက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးဇေယျ ဖြစ်ပါတယ်။

လူ့ဘောင်သစ်ပါတီ၏ သမိုင်းအကျဉ်းကို တင်ပြလိုပါတယ်။ "လူ့ဘောင်သစ်ပါတီဟာ ၁၉၈၈ ခုနှစ် ၈၈၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်းတွင် မပြီးဆုံးသေးသော ဒီမိုကရေစီအရေးအတွက် ဗမာနိုင်ငံရေးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗ-က-သ)မှ ခေါင်းဆောင်များက ဒီမိုကရေစီအရေး လှုပ်ရှားမှုအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လမ်းကြောင်းသုံးသွယ်ကို ချမှတ်ခဲ့ကြပါတယ်။

လမ်းကြောင်းသုံးသွယ်အရ အမျိုးသားနိုင်ငံရေးကို ကျယ်ပြန့်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် (ဗ-က-သ)များအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၊ ဒေသန္တရသပိတ်ခေါင်းဆောင်များအပါအဝင် အနယ်နယ်အရပ်ရပ်မှ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်များဖြင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင် ခဲ့ကြပါတယ်။

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးမှ ကျောင်းသားထုကိုယ်စားပြုပါတီတစ်ရပ်အနေဖြင့် ရပ်တည်နိုင်ခဲ့ပြီး ၁၉၈၈-၉၀ နိုင်ငံရေးအခြေအနေများအရ ဒုတိယအကြီးမားဆုံးပါတီတစ်ရပ်အနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၉၁ အောက်တိုဘာလခန့်တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးဖိနှိပ်မှုများကြောင့် ပါတီဝင်အချို့ ထိုင်း-မြန်မာ နယ်စပ်သို့ တိမ်းရှောင်သွားခဲ့ရပါတယ်။

၁၉၉၁ ဒီဇင်ဘာ ၆ ရက်နေ့တွင် လူ့ဘောင်သစ်ပါတီတရားဝင်တည်ရှိမှုကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခဲ့ပါတယ်။

ပါတီခေါင်းဆောင်များဟာ ပါတီလုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူ့ဘောင်သစ်ပါတီဝင်များ၊ ပါတီအားဝန်းရံထောက်ခံအားပေးခဲ့ကြသော ပါတီဝင်သစ်/ဟောင်းများအား ပြန်လည်စုစည်းပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လက်ရှိနိုင်ငံရေးလိုအပ်ချက်များအရ တရားဝင်ပါတီတစ်ရပ်အဖြစ်ဆောင်ရွက်နိုင်ရန် "လူ့ဘောင်သစ်ပါတီ" New Society Party အတိုကောက်အားဖြင့် (NSP)အနေဖြင့် ရပ်တည်ခဲ့ရပါတယ်။

၁၉၈၈ ခုနှစ်က လူ့ဘောင်သစ်ပါတီ၏ မူလအလံတော်ကို အခက်အခဲအကျပ်အတည်းများကြားမှ ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် တရားဝင်ပြန်လည်ဆွဲကိုင်လွှင့်ထူနိုင်ခဲ့ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျာ**

ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီရဲ့ ရည်ရွယ်ချက်များက

- ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဒီမိုကရေစီထွန်းကားရေး၊
- တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ဒီမိုကရေစီတပ်ပေါင်းစုကြီး ပေါ်ထွန်းရေး၊
- ဒီမိုကရေစီစနစ်ကိုအခြေခံထားတဲ့ ခိုင်မာတောင့်တင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊
- ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး၊အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ ဆက်စပ်နေတာကြောင့် မလွဲမသွေ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။
- ဒီမိုကရေစီစနစ်အရ အတိုက်အခံပုံစံကို လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပမှာ တရားဝင်ပေါ်ပေါက်ရေး၊
- ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့ဖြစ်ပါတယ်။

**ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအနေနဲ့**

- လွှတ်တော်ဟာဥပဒေနဲ့အညီ၊ပြည်သူ့ဆန္ဒနဲ့အညီ ပေါ်ပေါက်တည်ထောင်ရတာဖြစ်တဲ့အတွက် လွှတ်တော်မှာ အချုပ်အခြာအာဏာကို အောက်ပါမူတွေအရ ကျင့်သုံးပါမယ်။

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ဟာ တစ်ခုအပေါ်တစ်ခု စွက်ဖက်လွှမ်းမိုးခြင်းမရှိစေရ။ မဏ္ဍိုင် ၃ ရပ်ဟာ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) ပြုရ၊ ရှိရမှာ ဖြစ်ပါတယ်။

(ခ) ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ဆောင်ရွက်ရာမှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း စတဲ့ လောကပါလတရားတို့နဲ့ အညီ ဖြစ်စေရပါမယ်။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားဟာ ပြည်သူလူထုအပေါ် ဖိနှိပ်တဲ့သဘောမဖြစ်စေဘဲ ပြည်သူလူထုအကျိုးစီးပွား ကာကွယ်ဖြည့်ဆည်းတဲ့ပုံစံ ဖြစ်စေရပါမယ်။ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်(Good Governance) ထိရောက်စွာ ကျင့်သုံးရပါမယ်။

(ဃ) ကိုးကွယ်ရာဘာသာမရွေး၊ ကျားမ မရွေး၊ ရာထူးဌာန နေရာမရွေး၊ လူမျိုးဇာတိ မခွဲခြားဘဲ ဥပဒေအရ အညီအမျှဖြစ်စေရပါမယ်။

(င) တရားစီရင်ရေးမဏ္ဍိုင်ဟာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ ကိုက်ညီပြီး ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တူညီတဲ့အဆင့်အတန်းနဲ့ လွတ်လပ်စွာ တည်ရှိစေရမယ်။ တရားလွှတ်တော်ဟာ လက်အောက်ရှိ တရားရုံးတွေကို လွတ်လပ်ပိုင်နိုင်စွာ ကွပ်ကဲနိုင်ရပါမယ်။ အမှုစစ်ဆေးခြင်းနဲ့ ဆုံးဖြတ်ခြင်းတွေကို အများပြည်သူရှေ့မှောက်မှာ ပွင့်လင်းမြင်သာမှုရှိရမယ်။

(စ) အစိုးရအုပ်ချုပ်မှုစနစ်ကို အထိန်းအကွပ်ပြုမယ့် သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းစနစ်(Institution)တွေကို အားဖြည့်တည်ဆောက်ရပါမယ်။ ဥပမာ- ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ သီးခြားလွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင်၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ စသည်ဖြင့်။

(ဆ) အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ လွတ်လပ်စွာ ထုတ်ဖော်စည်းရုံးခွင့်ရှိစေရပါမယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျာ**

(က) နိုင်ငံတကာဆက်ဆံရေးမှာ လွတ်လပ်ပြီးတက်ကြွတဲ့နိုင်ငံရေးမူဝါဒတွေကို ကျင့်သုံးမှာ ဖြစ်ပါတယ်။

(ခ) မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသတွင်းမှာ လတ်တလော ကိုဗစ်-၁၉ ကူးစက်ရောဂါ၊ အင်အားကြီးနိုင်ငံတွေရဲ့ ကုန်သွယ်ရေးစစ်၊ တောင်တရုတ်ပင်လယ်အရေးအခင်း၊ ဆက်ဆံရေးဆိုးရွားလာတဲ့ ပထဝီနိုင်ငံရေး အခင်းအကျင်းသစ် (Geopolitical and New Normal)နဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလိုအခြေအနေမှာ လွတ်လပ်တက်ကြွတဲ့ ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်အဓိပ္ပာယ်ဖွင့်ဖို့ လိုအပ်လာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပထဝီဝင်နိုင်ငံရေး အခင်းအကျင်းသစ်နဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးမူဝါဒဆန်းသစ်တွေးခေါ်မှုတွေ၊ တစ်စုံလုံး ခြုံငုံစဉ်းစားတဲ့ မဟာဗျူဟာတစ်ရပ်နဲ့ လိုအပ်တဲ့အရင်းအမြစ်တွေ ဘယ်လိုစုစည်းမြှင့်တင်မလဲဆိုတဲ့ အစီအစဉ်တွေ ပူးပေါင်းညှိနှိုင်းသွားရမှာ ဖြစ်ပါတယ်။

**နိုင်ငံတော်ကာကွယ်ရေးအနေနဲ့**

(က) နိုင်ငံတော်မှာပြည်သူထံမှပေါက်ဖွားလာပြီး နိုင်ငံတော်နဲ့ပြည်သူတွေအတွက် ပြည်သူ့ဘက်မှ ရပ်တည်ပြီး အားထားရတဲ့၊ ပါတီနိုင်ငံရေးကင်းရှင်းတဲ့၊ ပြည်သူတွေချစ်တဲ့တပ်မတော် ဖြစ်ရပါမယ်။

(ခ) လက်ရှိအခြေအနေမှာ နိုင်ငံရဲ့ ငြိမ်းချမ်းရေးအကျပ်အတည်း၊ ဒီမိုကရေစီဖွံ့ဖြိုးမှုနဲ့ ကူးစက်ရောဂါဘေး၊ ရာသီဥတုဖောက်ပြန်ခြင်း ကပ်ဘေးတွေကို အတူရင်ဆိုင်ဖို့ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေး တည်ဆောက်ကြရပါမယ်။

(ဂ) သမားရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုတွေအတွက် ပြင်ဆင်ထားတဲ့ အမျိုးသားကာကွယ်ရေးအင်အားစု ဖြစ်စေရပါမယ်။ သမားရိုးကျမဟုတ်တဲ့ခြိမ်းခြောက်မှုဆိုတာကတော့ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ရာသီဥတုသဘာဝဘေးနဲ့ မူးယစ်ဆေးပြဿနာ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့ ကူးစက်ရောဂါတွေကို ဆိုလိုတာ ဖြစ်ပါတယ်။

**စီးပွားရေးရည်ရွယ်ချက်များအနေနဲ့**

(က) နိုင်ငံတော်အစိုးရရဲ့ ပင်မရည်ရွယ်ချက်ဟာ ပြည်သူလူထုပျော်ရွှင်မှုကို ဖော်ဆောင်ပေးရေး ဖြစ်ပါ တယ်။ အဲဒီလိုဖော်ဆောင်ဖို့ စီးပွားရေးတိုးတက်မှု၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွင်မကဘဲ စိတ်ပိုင်းနဲ့ ကျင့်ဝတ်ပိုင်းဖွံ့ဖြိုးမှု၊ ဆင်းရဲချမ်းသာမကွဲပြားဘဲ ကျား မ တန်းတူညီမျှမှု၊ ကျေးလက်နဲ့ မြို့ပြ တန်းတူဖွံ့ဖြိုးမှု၊ လူမှုဖူလုံရေးတို့ပါ ထူထောင်ပေးမယ်။

(ခ) လွတ်လပ်တဲ့ဈေးကွက်အခြေပြု စီးပွားရေးစနစ်ကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မဝေးလှတဲ့အတိတ်သမိုင်းမှာ စစ်အာဏာရှင်အစိုးရကြောင့် စစ်အခြေပြု ခရိုနီဝါဒပေါ်ပေါက်ခဲ့ပါတယ်။ ဈေးကွက်ကိုလည်း လူနည်းစုက လက်ဝါးကြီးအုပ်ထားပြီး လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်မရဘဲ ပုံပျက်ယွင်းနေတဲ့ ဈေးကွက်ဖြစ်နေပါတယ်။ ဈေးကွက်ကို ထိန်းကျောင်းမယ့်ဥပဒေတွေလည်း အခိုင်အမာမရှိသေးပါဘူး။ အဲဒီလိုပျက်ယွင်းနေတဲ့ ဈေးကွက်ကို ပြန်လည်တည့်မတ်ရမှာ ဖြစ်ပါတယ်။

(ဂ) ခရိုနီတွေကိုလည်း အမျိုးသားလုပ်ငန်းရှင်တွေအဖြစ် စည်းရုံးသိမ်းသွင်းပြီး ပြည်တွင်း ထုတ်ကုန်စွမ်းအားမြင့်မားစေတဲ့ အင်အားစုတွေဖြစ်အောင် တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ စက်မှုဇုန်တွေကိုလည်း အားပေး မြှင့်တင်သွားမယ်။ အလုပ်ရှင်နဲ့ အလုပ်သမား ဝါဒဖြေ ပဋိပက္ခဖြေရှင်းရေးကို တရားဥပဒေနဲ့အညီ ဖြစ်စေရမယ်။

(ဃ) လယ်ယာစနစ်တွေ အတွက် တောင်သူလယ်သမားကြီးများကို အစွမ်းရှိသမျှ အလုံးစုံ ထောက်ပံ့ကူညီပေးသွားမယ်။

**ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး**

(က) မြန်မာနိုင်ငံမှာ မပြီးဆုံးသေးတဲ့ လုပ်ငန်းစဉ်တွေဖြစ်တဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ပြည်ထောင်စုကြန်အင်လက္ခဏာတည်ဆောက်ရေး ဆက်လက်ဆောင်ရွက်သွားပါမယ်။ နှစ် ၇၀ ကျော် ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ် အဆုံးသတ်ရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းသွားမယ်။ ပြည်တွင်း ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အခြေခံကျကျ အမြန်ဆုံးဆောင်ရွက်သွားမယ်။

(ခ) ပြည်သူလူထုတစ်ရပ်လုံး နေ့စဉ်ကြုံနေရတဲ့ဘဝထဲမှာပါ နေ့စဉ် ဘဝငြိမ်းချမ်းရေးကို တည်ဆောက်ပေးရမယ်လို့ ယုံကြည်ထားပါတယ်။

(ဂ) သဘာဝပတ်ဝန်းကျင်အတွက် သစ်တောနဲ့သယံဇာတရင်းမြစ်တွေ အတိုင်းအဆမရှိမမှန်မကန် သုံးနေတာကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းတာတွေ၊ ဂေဟစနစ်ပျက်စီးတာတွေ၊ ရာသီဥတု ဖောက်ပြန်တာတွေအတွက် လုပ်ငန်းအစီအစဉ်တွေ ချမှတ်အကောင်အထည်ဖော်သွားမယ်။ သဘာဝဘေးနဲ့ ကပ်ရောဂါဘေးလျှော့ချပြင်ဆင်ဖို့ ရန်ပုံငွေတစ်ရပ်ထူထောင်သွားမယ်။

**နိဂုံးအနေနဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ မလွဲမသွေ ဆက်စပ်ဆောင်ရွက်သွားရမယ့် အခြေခံအချက်တွေ ဖြစ်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍတွေ ချွတ်ခြုံကျနေပါတယ်။ ပြည်သူတွေ ခါးစည်းခံနေရတဲ့ လူမှုဒုက္ခတွေကနေ အမြန်ဆုံးလွတ်မြောက်ဖို့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုသားချင်းများ တန်းတူအခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် တိုင်းရင်းသားညီအစ်ကိုတော်များ၊ ဒီမိုကရေစီအင်အားစုများ၊ ပြည်သူလူထုတစ်ရပ်လုံးနဲ့ လက်တွဲဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ပြုပါတယ်။ လူ့ဘောင်သစ်ပါတီ(NSP)အနေဖြင့် လွှတ်တော်တွင်းတွင် ပြည်သူလူထုအကျိုးသယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် ထောက်ခံဆန္ဒမဲပေးကြပါရန် ပန်ကြားအပ်ပါတယ်။

ဒီမိုကရေစီရေး မုချအောင်ရမည်။
လူ့အခွင့်အရေး မုချအောင်ရမည်။
ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရမည်။
လူမှုဘဝတိုးတက်ဖို့ ................................ လူ့ဘောင်သစ်ပါတီကို မဲပေးစို့
လူ့ဘောင်သစ်ပါတီ
အားလုံးကိုကျေးဇူးတင်ပါတယ်။

## လူ့ဘောင်သစ်ပါတီ

**သံစဉ်+စာသား - ဝင်းမော် (ရွှေသံစဉ်)**
**တေးသံရှင် - မင်းခ**
**တေးဂီတ - ရွှေသံစဉ်**

ဒီမိုကရေစီရေး ... ငြိမ်းချမ်းရေး ... အမျိုးသားပြန်လည်သင့်မြတ်ရေး ... လူမှုတိုးတက်ရေး ... အနေးအမြန်လုပ်နိုင်မှာ ... လူ့ဘောင်သစ်ပါတီပါ ... ခေတ်စနစ်ကိုပြောင်းလဲစေကာ ... လူ့ဘောင်သစ်၊ အာဏာရှင်ကိုရွှေ့နိုင်တာ လူ့ဘောင်သစ် ... လူမွဲတွေကို ... ပြောင်းလဲစေတာ... လူ့ဘောင်သစ် ... (လူ့ဘောင်သစ်)[၃] ...

၈၈ ကျောင်းသားသမဂ္ဂများမှ မွေးဖွားခဲ့သည် ... လူ့ဘောင်သစ်ပါတီ ... ၈၈ ခွပ်ဒေါင်းမျိုးဆက်များမှ ... မွေးဖွားခဲ့သည် ... လူ့ဘောင်သစ်ပါတီ ... ပြည်သူအတွက် ... ရှေ့မှရပ်တည် ... လူ့ဘောင်သစ်ပါတီ (ပါတီ)[၄] ... လူ့ဘောင်သစ်ပါတီ (ခေါင်းပျံကိုဒေါင်းလှန်နဲ့တိုက်ခဲ့တာ လူ့ဘောင်သစ်ပါတီ)[၂]၊ (လူ့ဘောင်သစ်)[၃]... လူ့ဘောင်သစ် ... ခေတ်ပြောင်းကြစို့၊ လူ့ဘောင်သစ်ကို ... ဒို့ကြိုဆိုကြစို့၊ ဒို့ကြိုဆိုကြစို့

# ချင်းရွှေဟော် နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၁ ဦး ထပ်မံဝင်ရောက်



**ချင်းရွှေဟော် စက်တင်ဘာ ၂၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယနေ့ညနေ ၄ နာရီက နေရပ်ပြန်ပြည်သူ ၂၁ ဦး ထပ်မံဝင်ရောက်လာခဲ့သည်။

**၂၁ ဦးဝင်ရောက်**

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၁ ဦးတို့မှာ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ၁၅ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်မှ နှစ်ဦး၊ ဒေါပုံမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ လေးဦး၊ ဒီပဲယင်းမြို့နယ်မှ လေးဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှ နှစ်ဦးနှင့် အမ်းမြို့နယ်မှ တစ်ဦးတို့ ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၄၄ ဦးနှင့် အမျိုးသမီး ၆၈၈၈ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၅၄၃၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိတ်ထည့်

**မော်လိုက် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရန်နှင့် ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်၊ ငါးသယံဇာတများပေါများလာစေရန် ရည်ရွယ်၍ ချင်းတွင်းမြစ်အတွင်း မော်လိုက်မြို့ ဈေးဆိပ်ကမ်းတွင် ငါးသားပေါက်ကောင်ရေ တစ်သိန်း မျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေတစ်သိန်းကို ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့သည်။

မော်လိုက်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ငါးမျိုးစိုက်ထည့်ခြင်းသည် ပြည်သူလူထု ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းများကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နယ်အတွင်း အငှားဂရန်အင်းပေါင်း ၁၁ အင်းနှင့် တင်ဒါငါးဖမ်းကွက် ၁၅ ကွက်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်၌ Cash For Work စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**နေပြည်တော် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ကျေးလက်နေပြည်သူများ တွေ့ကြုံရသော လူမှုစီးပွားဘဝထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကိုဗစ် - ၁၉ စီးပွားရေးထိခိုက်မှုသက်သာစေရေးစီမံချက် (COVID-19 Economic Relief Plan)ကို ရေးဆွဲထုတ်ပြန်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် မွန်ပြည်နယ်အတွင်းရှိ Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မွန်ပြည်နယ်အတွင်းရှိ Cash for Work စီမံကိန်းအား ကျေးရွာ ၁၁၁ ရွာတွင် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သန်း ၁၁၁၀ ဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်း ၇၇ ခု၊ တံတားပြုပြင်ခြင်းလုပ်ငန်း ၅၀၊ ရေရရှိရေးလုပ်ငန်း ၁၇ခု၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ၈၃ ခု၊ အခြား အဆောက်အအုံလုပ်ငန်း လေးခု၊ ပညာရေးဆိုင်ရာ အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း ၁၇ ခုနှင့် အခြားလုပ်ငန်း ၂၃ ခုတို့ကို နည်းပညာများပံ့ပိုးပေးကာ ကျေးရွာကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်သားအင်အားအသုံးပြုပြီး ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သောစနစ်ဖြင့် ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု စက်တင်ဘာ ဒုတိယပတ်အတွင်း လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

**ဆောင်ရွက်ခဲ့**

အလားတူ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ပြည်နယ်အတွင်းရှိ ကျေးရွာ ၇၀ တွင် လုပ်ကွက်ငယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအား နိုင်ငံတော်က ချေးငွေများ ထုတ်ပေးနိုင်ခဲ့ပြီး လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ စီပွားရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**

**❖ တနိုင်းမြို့နယ်မှ**

တရုံကျေးရွာ၊ ရှင်ဗွေယန်မြို့ပေါ်ရပ်ကွက် ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)နှင့် ရပ်ကွက်(၄)ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၇၇၅၄ စုအတွက် တစ်စုလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၁၅၅၀၈၀၀၀၀ အား ပြည်သူများထံသို့ လက်ဝယ်အရောက် အသီးသီးထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ကျန်ရှိနေသော အိမ်ထောင်စုများအား စက်တင်ဘာ ၂၈ ရက်တွင် ပြည်သူများလက်ဝယ်အရောက် ထပ်မံထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**

# မြို့သစ်ငါးလုပ်ငန်းစခန်းသစ် တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မကွေး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဆွေသည် မကွေးခရိုင် မြို့သစ်မြို့နယ် မြို့သစ်-နတ်မောက် ကားလမ်းဘေးရှိ ကန်ကြီးကန်အတွင်း မြေဧရိယာ ၇ ဒသမ ၁၄ ဧကတွင် ငါးသားပေါက်စခန်းသစ် တည်ဆောက်ရေးစီမံကိန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၆၈ ဒသမ ၉၀ သန်းဖြင့် ဇွန် ၁၆ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြို့သစ်မြို့ ငါးလုပ်ငန်းစခန်းသစ် တည်ဆောက်ပြီးစီးမှုကို ယနေ့ သွားရောက်စစ်ဆေးသည်။

အဆိုပါ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဝင်းမော်ဌေး၏ အားပေးပံ့ပိုးညွှန်ကြားမှု၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၏ ကြီးကြပ်လမ်းညွှန်မှု၊ စေရာအားမာန်ကုမ္ပဏီ၏ စေတနာထား ဆောင်ရွက်မှုတို့ကြောင့် အချိန်မီပြီးစီးခဲ့ခြင်းဖြစ်ကြောင်းနှင့် မြို့သစ် ငါးသားပေါက်စခန်းသစ်မှ တစ်နှစ်လျှင် ငါးသားပေါက်ကောင်ရေ သိန်း ၅၀ ခန့် ထပ်မံတိုးမြှင့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ သဘာဝမြစ်ချောင်း၊ အင်းအိုင်၊ ရေလှောင်တမံများသို့ ငါးမျိုးများ ပိုမိုစိုက်ထည့်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်လတ်မြို့နယ်၌ Cash For Work စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်လတ် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကိုဗစ် - ၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ Cash For Work စီမံကိန်းကို ကျေးရွာ ၁၀ ရွာ၌ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကျေးရွာအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသွားသည့် လုပ်ငန်းများအနေဖြင့် ရေရှည်အသုံးပြုနိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျိုက်လတ်မြို့နယ် ကျေးလက်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းက ကွင်းချောင်းကြီး ကျေးရွာအုပ်စု အိုင်သရဲကျေးရွာ၌ အရှည်ပေ ၄၆၂၀၊ အကျယ် ၇ ပေ၊ ထု ၇ လက်မရှိ မြေသားဘောင်ခတ်သဲခင်းထားသည့် လမ်းအား ကွင်းဆင်းကြည့်ရှု၍ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

**ကြေးမုံ**



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

"သက်ကြီးရွယ်အိုကာကွယ်ဖို့ သက်ရွယ်မရွေးပူးပေါင်းလို့ ကပ်ရောဂါကို တိုက်ထုတ်စို့"

"Pandemics: Do They Change How We Address Age and Ageing?"

၁.၁၀.၂၀၂၀

နေပြည်တော်




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## ကြေးမုံရိပ်သွင် သက်တံပုံပြင်

စာရေးသူ ဝဏ္ဏမိုးအောင် စီစဉ်ရေးသားသည့် ကြေးမုံရိပ်သွင် သက်တံပုံပြင် (ဖတ်ချင်စဖွယ်စာစုများ)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သက်တံပုံပြင်၊ စွဲတဲ့အချစ်၊ အတုနဲ့ အစစ်၊ နောက်ဆုံး ဖယောင်းတိုင်၊ အေးအေးလူလူ၊ မိုးတစ်ညဝယ်၊ တိမ်တောက်ခဲ့သော နေညိုချိန်၊ မျှော်လင့်ရမှာမဟုတ်ဘူး ကိုယ့်လူ ဆုံးဖြတ်ထားရမှာ၊ ဆန်တက်လာသော စမ်းချောင်းကလေး၊ ကြေးမုံရိပ်သွင် အလှဆင်၊ စိတ်ကျန်းမာစွာ ငြိမ်းချမ်းရာ နေ့စဉ်အလုပ်ခွင်မှာ၊ လုပ်ဖော်ကိုင်ဘက် ကောင်းကွက်ကိုရှာ၊ ချီးမွမ်းလိုက်ကြ စမ်းပါ စသည့်စိတ်ဝင်စားဖွယ် ရေးသားထားသည်။

စာအုပ်ကိုရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။




## ဒါရိုက်တာမှတ်စု

စာရေးသူကြည်စိုးထွန်း ဘာသာပြန်ရေးသားသည့် ဒါရိုက်တာမှတ်စု စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် Notes on Directing ကို မြန်မာဘာသာသို့ပြန်ဆိုထားခြင်း ဖြစ်သည်။ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းကို MTV၊ ကြော်ငြာဒါရိုက်တာများအတွက် သာမက ရုပ်ရှင်ဝါသနာပါသူများအတွက် အထောက်အကူပြုနိုင်စေရန် ရေးသား ထားခြင်းဖြစ်သည်။ သင့်ကိုယ်ပိုင်ပါရမီစိတ် နှင့် အရူးအမူးစိတ်အားထက်သန်မှု အဓိကကျပါတယ်ဟု ဖရင့်ဟောစာကဆိုထားကာ မြန်မာ့ရုပ်ရှင်ရာပြည့်အတွက် ဒါရိုက်တာများ ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ်(H)၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။





## အင်တာနက်ပေါ်မှ မဲဆွယ်စည်းရုံးခြင်း

စာရေးသူ ကလျာအိအိလွင် စီစဉ်ရေးသားသည့် အင်တာနက်ပေါ်မှ မဲဆွယ်စည်းရုံးခြင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အွန်လိုင်းကမ်ပိန်းတစ်ခုမှာ ပါဝင်လှုပ်ရှားကြသူများ၊ ဆက်သွယ်ရေးဒါရိုက်တာ သို့မဟုတ် ပြန်ကြားရေးအရာရှိ၊ ကွင်းဆင်းတာဝန်ခံ သို့မဟုတ် မဲဆန္ဒရှင်ဆက်ဆံရေးအရာရှိ၊ စေတနာ့ဝန်ထမ်းအဖွဲ့ကြီးကြပ်ရေးမှူး၊ နိုင်ငံရေးဒါရိုက်တာ သို့မဟုတ် မဲဆန္ဒနယ်စည်းရုံးရေးတာဝန်ခံ၊ နိုင်ငံရေး လောကနဲ့ အင်တာနက်အဆက်အစပ်(သို့မဟုတ်) ခေတ်သစ်နိုင်ငံရေး နည်းဗျူဟာ၊ နိုင်ငံရေးမဲဆွယ်စည်းရုံးမှုတွေအတွက် ဒစ်ဂျစ်တယ်ကမ်ပိန်းနဲ့ ပေါင်းစပ်နည်းဗျူဟာ စသည်တို့ကို ရေးသားထားသည်။

စာအုပ်ကို လောကသရဖူစာအုပ်တိုက် ဖုန်း-၀၉ ၇၉၉၃၁၀၉၀၀နှင့် ၀၉-၇၃၀၅၁၁၉၀တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




## ရောဂါများကိုကုသနိုင်သည့် ပမာဏများပြားသော ဗိုက်တာမင်ကုထုံးများ

စာရေးသူ ကပ္ပတိန် နေဦး စီစဉ်ရေးသားသည့် ရောဂါများကိုကုသနိုင်သည့် ပမာဏများပြားသော ဗိုက်တာမင်ကုထုံးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အော်သိုမော်လီကျူး ဆေးပညာဆိုသည်မှာ၊ ဗိုက်တာမင်စီသောက်ခြင်းကြောင့် ကျောက်ကပ်ကျောက်တည်ခြင်း ဖြစ်နိုင်ပါသလား၊ ဗိုက်တာမင်အီးဖြင့် ဆီးကြိတ်ကင်ဆာနှင့် အခြားကင်ဆာရောဂါများကို တိုက်ဖျက်နိုင်ကြောင်း သင်သိပါရဲ့လား၊ ဗိုက်တာမင်စီနှင့် လသားအရွယ်ကလေးငယ် အဖျားရောဂါ၊ နှလုံးရောဂါအတွက် ရိုးရှင်းသော ဒေါက်တာပေါလင်၏ ဗိုက်တာမင်စီကုထုံး၊ ဗိုက်တာမင်စီဖြင့် ကင်ဆာရောဂါကိုကုသခြင်းတို့ကို ရေးသားထားသည်။

စာအုပ်ကို လောကသရဖူစာအုပ်တိုက် ဖုန်း-၀၉ ၇၉၉၃၁၀၉၀၀နှင့် ၀၉ ၇၃၀၅၁၁၉၀တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

# မြန်မာနိုင်ငံရှိ မြစ်ချောင်းဒေသများ၌ ရေချိုငါးမျိုးစိတ်သစ်များ တွေ့ရှိမှတ်တမ်းတင်နိုင်

**မိုးညှင်း စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းဒေသများ၌ မြန်မာ့ရေချိုငါးမျိုးစိတ်သစ်များကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အပြည်ပြည် ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် အဖွဲ့(မြန်မာ)FFI မှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော အပြည် ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်အဖွဲ့(မြန်မာ)FFI သည် မြန်မာနိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းရန်နှင့် မြန်မာ့ငါးမျိုး စိတ်များစာရင်းကို ပြုစုနိုင်ရန်အတွက် ငါး လုပ်ငန်းဦးစီးဌာနမှပညာရှင်များ၊ ဒေသတွင်း တက္ကသိုလ်များမှ ပညာရှင်များနှင့်အတူ ပူးပေါင်းလေ့လာခဲ့ရာ မြန်မာ့မြစ်ချောင်းများမှ သိပ္ပံအတွက် မျိုးစိတ်အသစ်များနှင့် ရှားပါး မျိုးစိတ်များကို နေရာဒေသအလိုက် မှတ်တမ်း တင်နိုင်ခဲ့သည်ဟု ဆိုသည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(မြန်မာ)FFI မှ ရေချို ရေငန် ထိန်းသိမ်းရေးအစီအစဉ် မန်နေဂျာ ဦးဇော် လွန်းက “မေခ၊ မလိခမြစ်တွေမှာ ငါးမျိုးစိတ် ၄၆ မျိုး၊ အင်းတော်ကြီးဒေသမှာ ၉၅ မျိုး၊ ဧရာဝတီမြစ်မှာ ၁၁၆ မျိုး၊ တနင်္သာရီမြစ်မှာ ၁၁၃ မျိုး၊ လေညာမြစ်မှာ ၅၄ မျိုး တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အသစ်တွေ့ရှိတဲ့ ငါးမျိုးစိတ်သစ် ၁၀ မျိုးကိုလည်း သိပ္ပံအမည်သစ် တွေပေးပြီး အပြည်ပြည်ဆိုင်ရာ သိပ္ပံစာစောင် တွေမှာ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်” ဟု ပြောကြားသည်။



မလိခငါးသလဲထိုး (Malihkaia aligera)

ယခုမျိုးစိတ်သစ်အဖြစ်သတ်မှတ်ခံရသည့် ငါးမျိုးစိတ်များသည် ငါးသလဲထိုးအုပ်စုဝင်နှင့် တောင်ပေါ် ရေစီးသန်သောချောင်းများရှိ ကျောက်များတွင်ကပ်လျက်ရှင်သန်နေထိုင် နေသည့် ငါးစင်ရိုင်းပုံသဏ္ဌာန် အုပ်စုဝင် ရေချို ငါးမျိုးစိတ်များဖြစ်ပြီး မေခနှင့်မလိခမြစ်များမှ လေးမျိုး၊ အင်းတော်ကြီးဒေသမှ လေးမျိုး၊ တနင်္သာရီမြစ်မှ တစ်မျိုးနှင့် သံလွင်မြစ်ဝှမ်းမှ တစ်မျိုးတို့ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ရေချိုမြစ်ချောင်းများ တွင်သာတွေ့နိုင်သော ဒေသရင်း မျိုးစိတ်များ ဖြစ်သည့် အင်းတော်ကြီးဒေသမှ မိကျောင်း သွားကြားထိုးတံငါး (Microphis dunckeri) နှင့် ချင်းတွင်း ရေချိုငါးလိပ်ကျောက် (Makararaja chindwinensis) တို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အပြည်ပြည် ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် အဖွဲ့ (မြန်မာ)FFI မှ သိရသည်။

မြန်မာ့ရေချိုငါးလုပ်ငန်းကဏ္ဍရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် မြစ်ချောင်းများ အတွင်း နေထိုင်ကျက်စားသည့် ငါးသယံဇာတ တို့၏စာရင်းကို မှတ်တမ်းတင်ရန်လိုအပ် ကြောင်း၊ သို့မှသာလျှင် မည်သည့်မြစ်၊ ချောင်း များတွင် မည်သည့်ငါးအမျိုးအစားများ ရှင်သန် ကျက်စားနေကြောင်းသိရှိကာ အဆိုပါ ငါး အမျိုးအစားများ မပျောက်ကွယ်သွားစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ငါးများအတွက် အရေးပါသော ငါးကျက်စားရာနေရာများကိုလည်း မှတ်တမ်း တင်နိုင်ခဲ့ပြီး ဒေသခံများနှင့်ပူးပေါင်းထိန်းသိမ်း သော ရေချိုငါးထိန်းသိမ်းရေး ရေပြင်များ တည်ထောင်နိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီး ဌာနများနှင့်ပူးပေါင်းပြီး ဒေသခံများနှင့် ညှိနှိုင်း လျက်ရှိကြောင်း သိရသည်။



ဝမ်လိုင်ဒမ်းငါးသလဲထိုး (Schistura wanlainensis)

မြန်မာနိုင်ငံသည် အင်ဒို-မြန်မာ အရေး ပါသော ဇီဝမျိုးစုံမျိုးကွဲနေရာတွင် တည်ရှိပြီး ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲအရ အရေးပါ သောနေရာ အဓိကနေရာ ၁၀ နေရာထဲတွင် အပါအဝင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အင်ဒို-မြန်မာ အရေးပါသော ဇီဝမျိုးစုံမျိုးကွဲနေရာထဲတွင် ပါဝင်သော မြန်မာ့ရေမြေတောတောင်တို့တွင် သတ္တဝါနှင့် အပင်အမျိုးအစားစုံလင်စွာ ပေါက်ရောက်ကျက်စားနေကြကြောင်း၊ ဧရာဝတီမြစ်၊ မေခမြစ်၊ မလိခမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ တနင်္သာရီမြစ်၊ ကုလားတန်မြစ်ကြီးများနှင့်အတူ ၎င်းမြစ်ကြီး များအတွင်း စီးဝင်နေသော မြစ်လက်တက်များ သည် မြန်မာ့ရေချိုငါးများအတွက် လွန်စွာ အရေးပါသော ငါးကျက်စားရာနေရာများဖြစ် ကြောင်း၊ အဆိုပါမြစ်ကြီးများနှင့် မြစ်၊ ချောင်း လက်တက်များကို အမှီပြု၍ မြန်မာ့ရေချို ငါးများသည် အစုန်အဆန်ကူးခတ် သွားလာနေ ကြပြီး မြန်မာနိုင်ငံသားများအတွက် ငါးဖမ်း လုပ်ငန်း၊ ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံသား များ၏ အဓိကအာဟာရဓာတ်ဖြစ်သော ငါးပိ၊ ငံပြာရည်နှင့်အတူ ရေချိုငါးလုပ်ငန်းကဏ္ဍမှ နိုင်ငံအတွက် အခွန်ဘဏ္ဍာများရစေရန် ပံ့ပိုး ပေးလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (မြန်မာ)FFI မှ သိရသည်။

**သတင်း-ပိန်းဇလုပ်သိန်းညွှန့်**
**ဓာတ်ပုံ-FFI**

# မျက်နှာဖုံးအသစ်နှင့် ဇာတိရပ်ကွက်လေး

ဆူးငှက်

ကျွန်တော့် ဘိုးဘွား၊ မိဘများသည် မန္တလေးသို့ ရှေးဦးကတည်းက လုပ်ကိုင်စားသောက်ရန် ရောက်ရှိခဲ့သူများ ဖြစ်ကြသည်။ ရောက်စကတော့ မန္တလေးမှာ ခြောက်လ၊ ဇာတိရွာမှာ ခြောက်လနေကြသတဲ့...။

## မြေတစ်လက်မမျှ မပိုင်ဆိုင်ခဲ့ကြ

စတင်ရောက်ကြတော့ ဒေါင်းရိုးရပ်ဟုခေါ်နေသော နေရာများမှာ လူနေအိမ်ခြေမရှိလှသေး...။ ကိုယ့်ဘာသာကိုယ် ခုတ်ထွင်ရှင်းလင်းဝင်းခတ်ကာ နေထိုင်ကြရသည်။ ကျွန်တော့် အဘိုးအဘွား၊ မိဘများက ကိုယ်ချဲ့ထွင်နေနိုင်လျှင် နေနိုင်သလောက် ကိုယ်ပိုင်မြေဖြစ်နိုင်ပါလျက် အမြင်မကျယ်ခဲ့ကြ။ နောင်သောအခါ မန္တလေးသို့ ကနဦးရောက်ခဲ့ကြသော အဘိုးအဘွား၊ မိဘတို့ မန္တလေးမှာ ကိုယ်ပိုင်မြေတစ်လက်မမျှပင် မပိုင်ဆိုင်ခဲ့ကြ...။ ယခု မန္တလေးမှာ မွေးဖွားခဲ့သော ကျွန်တော်တို့ လက်ထက်မှာပင် မြေတစ်လက်မမျှ မပိုင်ဆိုင်ခဲ့ကြ။

အသက်နှစ်ဆယ်အရွယ် အိမ်ထောင်ကျစမှာ မန္တလေးသို့ ရောက်လာသည့် ကျွန်တော့်မိဘများသည် အသက်ခုနစ်ဆယ်နီးပါးအရွယ်ထိ နှစ်ငါးဆယ်နီးပါးမျှ ထိုရပ်ကွက်လေးမှာ နေထိုင်ခဲ့ကြပါသည်။ ဆီစက်ကြီးကို အမှီပြုကာ ခေါင်းရွက်ဗျပ်ထိုး အရပ်တကာဆီလှည့် ရောင်းပြီး ကျွန်တော်တို့ကို လူဖြစ်စေခဲ့ပါ၏။ ထိုရပ်ကွက်လေးတွင် ဆီသည်များရှိသလို ဆိုက်ကားနင်းသူများ၊ ဈေးချိုကိုင်းတန်းဈေး၊ ထီးတိုင်ဈေးများတွင်ပျံကျဈေးရောင်းသူများ၊ နွားလှည်းထောင်၊ မြင်းလှည်းထောင်သူများ၊ ပွဲရုံများတွင် ကြက်သွန်ပြော၊ ဆန်ပြာအလုပ်ကို ဆန်ကောတစ်ချပ်စီဖြင့် အုပ်စုဖွဲ့လုပ်ကိုင်သူများ၊ ကောက်ညှင်းပေါင်း၊ အကြော်ရောင်းသူများ အစုံရှိပါ၏။

## တစ်ရပ်ကွက်လုံး ကိုယ့်အိမ်ကိုယ့်ရာ

အလွှာအနေဖြင့်မူ အောက်ခြေလက်လုပ်လက်စား အလွှာ အများစုရှိပါသည်။ အညာကျေးလက်များမှ ပြောင်းရွှေ့လာသူများဖြစ်ကြသလို လက်လုပ်လက်စားများလည်းဖြစ်၊ အရံအတားမရှိ၊ ဝင်းထရံမရှိ၊ တန်းလျားလို အိမ်လေးများ အခန်းလေးများမှာနေရတော့ သူ့ထမင်းအိုးကိုယ်နှိုက်၊ ကိုယ့်ထမင်းအိုး သူနှိုက်၊ ကိုယ့်အိပ်ရာသူဝင်၊ သူ့အိပ်ရာကိုယ်ဝင်နှင့် တစ်ရပ်ကွက်လုံး ကိုယ့်အိမ်ကိုယ့်ရာချည်း ဖြစ်နေပါသည်။ မနက်မိုးမလင်းခင်က လုပ်ငန်းခွင် အသီးသီးသို့ထွက်ခွာကြရပြီး ညနေစောင်းမှ အိမ်ကပ်ရတာမို့ နေ့ခင်း နေ့လယ် တိတ်ဆိတ်ငြိမ်သက်သလောက် ညနေစောင်းလျှင် ရပ်ကွက်လေးမှာ လှုပ်ရှားသက်ဝင်ဆူညံလာတော့သည်။ သမဝါယမခွဲတမ်းရ ဖိလစ်ရေဒီယိုကို တကြော်ကြော် ဖွင့်သူဖွင့်၊ မူးလာသည့် ယောကျ်ားကို တကြော်ကြော် ဆဲသူဆဲ၊ ဟီးဟီးဟားဟား ရယ်သူရယ် ...၊ အော်သူအော် ...၊ ငိုသူငို ...၊ ငေါက်သူငေါက်၊ ရန်ဖြစ်သူဖြစ်၊ ညည်းတွားသူ ညည်းတွားနှင့် အနောက်နိုင်ငံများမှ ဂန္ထဝင်မြောက်ရုပ်ရှင်ကားကြီး၏ ဇာတ်ပို့ ဇာတ်ရံများလို ဇာတ်ညွှန်းအတိုင်း အကွက်စေ့စေ့ လှုပ်ရှားနေသည်နှင့် တူလှသည်။

## အခုလို လမ်းမသာသေး၊ လမ်းမီးကလည်းမရှိ

ထင်းရှူးသေတ္တာရိုက်သူက သူ့စိတ်ကူးနှင့် လေလေး တချွန်ချွန်နှင့်ရွှေပေါ်ထိုး ...။ သမဝါယမအသင်းတစ်သင်းမှ တာဝန်ခံ စာရေးကြီးကလည်း ဟန်းဘားဘီးအိုကြီး တွန်းကာသီချင်းလေးညည်း။ ထီးတိုင်ဈေး ပျံကျတန်းမှာ ရောင်းသည့် ဈေးသည်အပျိုမကလည်း ရေချိုးရင်း သူ့စိတ်ကူးနှင့်သူ့သီချင်းနှင့် သဘောတွေ့မနောခွေ့။ သည်လိုသည်လို ကိုယ့်ဘဝကိုယ် ပျော်ရွှင်ကျေနပ်နေသူများလည်း ရပ်ကွက်ထဲမှာရှိပါသည်။ ထို့အတူ ညနေတိုင်း မူးပြီး တွေ့ကရာ ကော်ဆဲနေသူလည်း ရှိမှာပေ့ါ။ မျက်နှာချင်းဆိုင်တာနဲ့ တကျက်ကျက်ရန်ဖြစ်နေသော လင်မယားလည်းရှိမှာပေ့ါ။ အိမ်ကလစ်တာနဲ့ အနည်းအများ လောင်းကစားဝိုင်းဆီရောက်နေလို့ အမြဲဆိုဆဲနေတဲ့ သားအမိလည်း ရှိမှာပေ့ါ ...။

ထိုအချိန်က မိကျောင်းတံတားလမ်းသည် အခုလို လမ်းမသာသေး၊ လမ်းမီးကလည်းမရှိ၊ အသွားအလာကလည်း ပြတ်တော့ ညနေစောင်းလျှင်ပင် မိကျောင်းတံတားပေါ် မသွားရဲတော့။ အရပ်ထဲမှာ မြက်တံမြက်စည်းတွေ ပြုလုပ်သည့် လုပ်ငန်းလည်းရှိပါသည်။ ဖြတ်တောက်ထားသော တံမြက်စည်းရိုးတွေကို မိကျောင်းတံတားပေါ်မှာပင် စွန့်ပစ်သည့် အမှိုက်ပုံတွေလည်း ရှိသည်။ ထိုအချိန်က အိမ်တော်ရာအနောက်ဘက်မှသည် ဟိုတောင်ဘက် ဥယျာဉ်တန်းအထိ မိကျောင်းတံတားလမ်းမသည် မည်းမှောင်ခြောက်ကပ်လျက်။ ဥယျာဉ်တန်းလောက်ရောက်မှ တောအရက်ဆိုင်လေးတွေ့၏။ ရေနံဆီမီးခွက် အလင်းရောင်လက်လက်နှင့် လူစသူစမြင်ရတော့သည်။

**စွန့်ခွာစနှစ်များကတော့ အိမ်တော်ရာဘုရားပွဲမို့ ရပ်ကွက်လေးထဲမှာ သာရေးနာရေး၊ ဘုရားပွဲလည်းရှိလည်းရှိလို့မို့ သွားရောက်ကာ အဆက်အသွယ်မပြတ် ဖြစ်နေပါသေး၏။ သည်လိုနှင့် တစ်နှစ် . . .၊ နှစ်နှစ်၊ သုံးလေးနှစ်ကြာတော့ ရပ်ကွက်လေးဆီ မရောက်ဖြစ်တော့ . . . နှစ် ၄၀ နီးပါးကြာမှ ရပ်ကွက်လေးဆီ အလည်အပတ်ရောက်တော့ မိကျောင်းတံတားကို မေးတင်ပြီး တိုက်ကြီးတွေ၊ နံကပ်တိုက်တွေ၊ အုတ်တံတိုင်းခတ်ဝင်းတွေ ဖြစ်ကုန်ပါပကော . . .**

## သွပ်ပြား အော်လန်ကတော့ကြီးကိုကိုင်ကာ

''ရပ်ကွက်လူထုကြီးခင်ဗျား... ရပ်ကွက်လူထုကြီး ခင်ဗျား၊ နွေရာသီကျရောက်လာပြီဖြစ်တဲ့အတွက် မီးကို အထူးဂရုပြု သုံးစွဲကြပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား ...မီးဖိုမီး၊ ဖယောင်းတိုင်မီး၊ မှန်အိမ်မီးများကို အထူးဂရုပြု ထွန်းညှိကြပါရန် ပန်ကြားအပ်ပါသည် ခင်ဗျား''

နွေဦးပေါက်လာတိုင်း မိကျောင်းတံတားဘေးက ရပ်ကွက်လေးမှာ ညစဉ်ကြားရသည့် ဆော်ဩသံဖြစ်ပါသည်။ ထိုဆော်ဩသူက တာဝန်ရှိရပ်ကွက်လူကြီးလည်း မဟုတ်၊ မီးသတ်သမားလည်းမဟုတ်။ ဆယ်အိမ်ခေါင်းလည်းမဟုတ်၊ (ထိုခေတ်အခေါ်) ရ.လ.က လူကြီးလည်း မဟုတ်။ ရပ်ကွက်ထဲမှ စေတနာ့ဝန်ထမ်း လူကြီးတစ်ဦးပဲ ဖြစ်ပါသည်။ သူသည် နွေအခါရောက်လာတိုင်း သွပ်ပြား အော်လန်ကတော့ကြီးကိုကိုင်ကာ ရပ်ကွက်အနှံ့ အိမ်ကြို အိမ်ကြားအထိ လှည့်လည်ဆော်ဩလေ့ရှိပါ၏။ နွေရာသီတွင်ဟုတ်ရိုးလား။ မိုး၊ ဆောင်း ရောက်သော်လည်း ရာသီဥတုဖောက်ပြန်ကာ လေမုန်တိုင်းတိုက်ခတ်မည့် အရိပ်အယောင်မြင်လျှင်လည်း ထိုအော်လန်ကြီးဖြင့် လှည့်လည် အော်ဟစ်သတိပေးတတ်ပါသည်။

## တတ်နိုင်သည့်ဘက်မှ ရပ်ကွက်အကျိုး ဆောင်ရွက်သူ

ထိုသို့သတိပေးမှုကြောင့်ရော...၊ရပ်ကွက်လူထု၏ ဂရုစိုက်မှုကြောင့်ရော အကယ်၍ မီးထင်းကိစ္စ ကြုံပြန်လျှင်လည်း ရပ်ကွက်သားတွေ ညီညွတ်မှုကြောင့် ဤမျှ အိမ်ခြေ ပွတ်ကပ်ညပ်ပြီး လျှပ်စစ်မီးမရှိဘဲ အိမ်တိုင်းစေ့ ရေနံဆီမီးခွက်လေးများနှင့်ဖြစ်သော်လည်း မီးဘေးကိစ္စအကြီးအကျယ်မကြုံဖူးသော ရပ်ကွက်ကလေးဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်ငယ်ကတော့ ထိုသို့ မီးကိုဂရုစိုက်ဖို့ ဆော်ဩသည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကြီးကို ကလေးပီပီ အလေးအနက် မထားလှဘဲ ''သူက မီးဂရုစိုက်ဖို့ ပြောမှာပေ့ါ။ ရပ်ကွက်ထဲမှာ သူ့အိမ်ကြီးကအကောင်းဆုံးမဟုတ်လား'' ဟု နောက်ပြောင် စကားပြောခဲ့ဖူးပါသည်။ သို့သော် မဟုတ်ပါ။ ရပ်ကွက်အပေါ်စေတနာထားလွန်း၍ အပင်ပန်းခံကာ ဆော်ဩခြင်းဖြစ်ပါ၏။ တတ်နိုင်သူက တတ်နိုင်သလို ရပ်ကွက်အပေါ် စေတနာထားကြသလို၊ မတတ်နိုင်သော်လည်း တတ်နိုင်သည့်ဘက်မှ ရပ်ကွက်အကျိုး ဆောင်ရွက်သူကိုလည်း ထိုရပ်ကွက်လေးမှာ တွေ့ရပါ၏။

## မြန်မာ့စိတ်ရင်းဖြင့် မြန်မာ့ လူနေမှုစရိုက်များ

ထိုအဒေါ်ကြီးက ဆင်းရဲပါသည်။ သို့သော် ရပ်ကွက်ထဲမှာ နာရေးကိစ္စကြုံလေတိုင်း ရပ်ကလာပ်ကို ရေမိုးချိုးပေး၊ ပြင်ဆင်ပေးတာ၊ နာရေးဆိုင်ရာ မိရိုးဖလာကိစ္စဆောင်ရွက်ပေးတာ၊ ရက်လည်သည်အထိ ကိုယ်ဖိရင်ဖိ ဆောင်ရွက်ပေးတတ်ပါ၏။ နာရေးရှင်က ထိုအဒေါ်ကြီးကို အခကြေးငွေပေးသော်လည်း လက်မခံ...။ နာရေးရှင် တည်ခင်းသော ဆေးပေ့ါလိပ်လေးဖွာတာ၊ လက်ဖက်တစ်ရိုးဝါးတာလောက်ပဲရှိပါသည်။ ထိုအဒေါ်ကြီး အဆုတ်ရောဂါဖြင့် ဆေးရုံတက်ရသောအခါ ယခုလို အဆုတ်ရောဂါကုဆေးရုံ သီးခြားမရှိသောကြောင့် ဆေးရုံမှာနေရာတကျ အကုသမခံရဘဲ ဆုံးပါးသွားခဲ့သည်။ သူ့အကြောင်းကို ဆရာဝန်တစ်ဦးက ဟံသာဝတီသတင်းစာတွင် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ဖူးပါ၏။ သူဆုံးပါးသွားသော်လည်း သူ့လုပ်ငန်းကို သမီးဖြစ်သူက ဆက်လက်လုပ်ကိုင်ကာ ကုသိုလ်ယူပါသည်။

ရပ်ကွက်ကလေးတွင် ဤသို့သော စံပြနမူနာယူဖွယ်ပုဂ္ဂိုလ်များလည်းရှိခဲ့ပါသည်။ မြန်မာ့စိတ်ရင်းဖြင့် မြန်မာ့လူနေမှုစရိုက်များကို မိကျောင်းတံတားပေါ်မှတစ်ဆင့် ရပ်ကွက်လေးကိုမြင်တိုင်း သတိရလွမ်းဆွတ်နေမိသည်။



ယခင်က မိကျောင်းတံတားလမ်း

## လူနေအဆောက်အအုံတို့ ပြောင်းလဲသွားသော်လည်း

ထိုရပ်ကွက်လေးမှ ကျွန်တော်တို့သည် ၁၉၈၃ ခုနှစ်လောက်က စွန့်ခွာခဲ့ကြပါသည်။ စွန့်ခွာစနှစ်များကတော့ အိမ်တော်ရာဘုရားပွဲမို့ ရပ်ကွက်လေးထဲမှာ သာရေးနာရေး၊ ဘုရားပွဲလည်းရှိလည်းရှိလို့မို့ သွားရောက်ကာ အဆက်အသွယ်မပြတ်ဖြစ်နေပါသေး၏။ သည်လိုနှင့် တစ်နှစ်...၊ နှစ်နှစ်၊ သုံးလေးနှစ်ကြာတော့ ရပ်ကွက်လေးဆီ မရောက်ဖြစ်တော့။ ရပ်ကွက်လေးဆီ ပြန်ရောက်တော့ အရင်ကလို မိကျောင်းတံတားမှအောက်သို့ အနက်ကြီး ဆင်းစရာမလိုတော့ ...။ အရင်ကလို မိကျောင်းတံတားအောက်မှာ ကပ်မိုးကပ်ကာ တဲကလေးတွေငုပ်လျှိုးနေပြီး မီးခိုးတအူအူနှင့်ရပ်ကွက်လေးမဟုတ်တော့...။ ရပ်ကွက်လေး၏ လူနေအဆောက်အအုံတို့ ပြောင်းလဲသွားသော်လည်း မိကျောင်းတံတားလမ်းက ယာဉ်မျိုးစုံ ရှုပ်ထွေးကျပ်ညပ်သည်ကလွဲ၍ မပြောင်းမလဲ။

## LED လမ်းမီး တထိန်ထိန်နှင့် နိုင်လွန်ကတ္တရာလမ်းမကြီး

အခု နှစ် ၄၀နီးပါးကြာမှ ရပ်ကွက်လေးဆီ အလည်အပတ်ရောက်တော့ မိကျောင်းတံတားကို မေးတင်ပြီး တိုက်ကြီးတွေ၊ နံကပ်တိုက်တွေ၊ အုတ်တံတိုင်းခတ်ဝင်းတွေ ဖြစ်ကုန်ပါပကော။ မန္တလေး၏ အဓိကလူသုံးကုန်စားသောက်ကုန် အဝတ်အထည် အသုံးအဆောင် လက်လီလက်ကား ရောင်းဝယ်ရာ ဈေးကွက်ကြီး ဖြစ်နေပါပကော။

အရင်က လမ်းလျှောက်ဖို့ အနေသာ ယာဉ်များပင် သွားဖို့လာဖို့ ခက်ခဲကာ ညနေစောင်းသည်နှင့် လူသူမဖြတ်ဝံ့သော မိကျောင်းတံတားလမ်းက အခုတော့ LED လမ်းမီး တထိန်ထိန်နှင့် နိုင်လွန်ကတ္တရာလမ်းမကြီး ဖြစ်နေပါပကော..။ ။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကျွန်းစုမြို့နယ်ရှိ သဘာဝဘေးသင့်မိသားစုများအား ထောက်ပံ့ပေးအပ်



**ကျွန်းစု စက်တင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် အပူပိုင်းမုန်တိုင်း(နိုလ်)ကြောင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ကာ ထိခိုက်ပျက်စီးခဲ့သောနေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ၊ စားနပ်ရိက္ခာများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများ၏ လှူဒါန်းမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး စခန်းသစ်ကျေးရွာအုပ်စုတွင် သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ပြိုကျပျက်စီးသောနေအိမ် ၄၅ အိမ်နှင့် တစ်စိတ်တစ်ပိုင်းပြိုကျပျက်စီးသော ၁၂၉ အိမ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၁၆ သိန်း၊ မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၄၅၉၂၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၄၅ ပုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ကိုယ်ရေသုံးပစ္စည်း (Hygiene Kit) နှင့် (Kitchen Set) ၄၅ စုံ၊ မြို့နယ်သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးကော်မတီမှ ဆန်ခြောက်ပြည်ဝင် ၄၅ အိတ်၊ သုံးပြည်ဝင်အိတ် ၁၂၉ အိတ်၊ ကျွန်းစုမြို့ကရုဏာနာရေးကူညီမှုအသင်းနှင့် အလှူရှင်များမှ ဆီ ၅၀ ကျပ်သားဝင် ၁၇၄ ဘူးနှင့် ခေါက်ဆွဲခြောက် ၁၇၄ ထုပ်တို့ကို ဘေးဒဏ်သင့်မိသားစုများထံ အသီးသီး ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စခန်းသစ်ကျေးရွာအတွင်း သဘာဝဘေးကြောင့်ပျက်စီးခဲ့သောလမ်းများနှင့် နေအိမ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တောပြားကြီးကျေးရွာအုပ်စု၌ ရေဘေးကြောင့် ပြိုကျပျက်စီးခဲ့သောနေအိမ် ၂၂ အိမ်နှင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ် ၁၆ အိမ်တို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျပ်သိန်း ၆၀၊ မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၃၇၈၉၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါပုံး ၂၂ ပုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ကိုယ်ရေသုံးပစ္စည်း (Hygiene Kit) နှင့် (Kitchen Set) ၂၂ စုံ၊ မြို့နယ်သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးကော်မတီမှ ဆန်ခြောက်ပြည်ဝင် ၂၂ အိတ်၊ သုံးပြည်ဝင်အိတ် ၁၆ အိတ်၊ ကျွန်းစုမြို့ ကရုဏာနာရေးကူညီမှုအသင်းနှင့် အလှူရှင်များမှ ဆီ ၅၀ ကျပ်သားဝင် ၃၈ ဘူးနှင့် ခေါက်ဆွဲခြောက် ၃၈ ထုပ်တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘေးဒဏ်သင့်မိသားစုများထံ အသီးသီးထောက်ပံ့ပေးအပ်ခဲ့သည်။

**စည်သူရအောင်(ကျွန်းစု)**

## မိုးနဲမြို့နယ်ပြည်သူ့ဆေးရုံသို့ အလှူငွေပေးအပ်လှူဒါန်း

**မိုးနဲ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးအတွက် လိုအပ်သောဆေးရုံသုံးစက်ပစ္စည်းများဝယ်ယူရန် ယနေ့နံနက် ၁၀ နာရီခွဲက အလှူငွေလာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် လွိုင်မြေရပ်ကွက်နေ အလှူရှင် ဒေါ်ရှောင်ကျောက်မိသားစုက ကိုဗစ်-၁၉ ရောဂါကုသရာတွင် လိုအပ်သောစက်ပစ္စည်းဝယ်ယူအသုံးပြုနိုင်ရန် အလှူငွေကျပ် ၉၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်တို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(ပြန်/ဆက်)**



## ငါးသယံဇာတတိုးပွားစေရေး မြစ်သာမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

**ကလေး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အောင်မေတ္တာရပ်ကွက်ရှိ မြစ်သာမြစ်အတွင်း ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများက ငါးသယံဇာတတိုးပွားစေရေးအတွက် ယနေ့နံနက် ၈ နာရီတွင် ငါးကောင်ရေ ၁၀၀၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေါ်ခင်မိုးလွင်က "ကျွန်မတို့ဌာနအနေနဲ့ ကလေးမြို့နယ်အတွင်းမှာ ငါးမျိုးပြုန်းတီးမှုကိုကာကွယ်ဖို့နဲ့ ရေချိုငါးလုပ်ငန်းရေပြင်တွေ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ဖို့ နောက်ပြီးတော့ တိုင်းဒေသကြီးရန်ပုံငွေအတွက် အခွန်အခရရှိစေဖို့ ရည်ရွယ်ပြီးတော့ ငါးသားပေါက်တွေကို စိုက်ထည့်ရခြင်းဖြစ်ပါတယ်။ ငါးမြစ်ချင်းအကောင်ရေ ၅၀၀၀၀ နဲ့ ထိုင်းငါးခုံးမကောင်ရေ ၅၀၀၀၀ စုစုပေါင်းအကောင်ရေ ၁၀၀၀၀၀ စိုက်ထည့်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ ကို မြစ်သာမြစ်အတွင်း စိုက်ထည့်ခဲ့ပြီးဖြစ်ကြောင်းနှင့် ငါးသယံဇာတမပြုန်းတီးစေရန် ငါးလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေကာ ပြည်သူများအား အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း နတ်တလင်းမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး



**နတ်တလင်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်ဒေသများတွင် လျှပ်စစ်မီး၊ လမ်းတံတားများ ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများသွားလာမှုအတွက် အဆင်ပြေ၍ လျှပ်စစ်မီးများလည်း ကျေးရွာများတွင် ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်ရရှိရေးအတွက် ဆောင်ရွက်နေကြောင်း၊ ကျေးရွာများတွင်လျှပ်စစ်မီးရရှိခြင်းဖြင့် အိမ်တွင်းအသေးစားစီးပွားရေးများ လုပ်ကိုင်နိုင်ကြောင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီဝင် ဒေါက်တာဒေါ်အေးအေးသန့်ထံပေးအပ်ရာ ဒေါက်တာအေးအေးသန့်က ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရန် စီမံထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇီးပင်ကွေ့ရွာနှင့် စက်ခုံရွာ VRFP ကျေးလက်မတည်ငွေကိစ္စ အငြင်းပွားမှုနှင့်ပတ်သက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဝင်းနိုင်ထွန်းကလည်းကောင်း၊ ပွဲသာရွာနှင့် ချင်းကုန်းကံရွာ မီးလင်းရေးအတွက် ဆောင်ရွက်နေမှုအား တာပွန်မြို့နယ်လျှပ်စစ်မှူး ဝင်းနိုင်ဦးကလည်းကောင်း၊ ဆီဆုံကုန်းကျေးရွာမှ တောင်သူခုနစ်ဦးအား ပုံစံ(၇)ရရှိရေးနှင့်ပတ်သက်၍ တင်ပြမှုအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးကလည်းကောင်း အသီးသီးရှင်းလင်းတင်ပြဆွေးနွေးကြရာ ဝန်ကြီးချုပ်က မြို့နယ်ရပ်ကွက်ကျေးရွာများရှိ ပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဒေသနေပြည်သူများ ညီညွတ်စွာပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ **တင်မြင့်(နတ်တလင်း)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် ကံမမြို့ မြို့မဈေးနှင့် ယာယီပျံကျဈေးတို့၌ အသိပညာပေး

**ကံမ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြို့မဈေးနှင့် ယာယီပျံကျဈေးတို့အတွင်း ဝင်ထွက်သွားလာကြသည့် ဈေးရောင်းဈေးဝယ် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်စေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်နှင့် ဝန်ထမ်းများက လက်ကိုင်အသံချဲ့စက်ဖြင့် ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြေညာ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ လှည့်လည်ကြေညာရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ဈေးအတွင်းဝင်ရောက်သူတိုင်း နှာခေါင်းစည်း စနစ်တကျ မဖြစ်မနေဝတ်ဆင်ပြီးမှ ဝင်ရောက်ကြရန်၊ ဈေးဝင်ပေါက်များတွင် စီစဉ်ဆောင်ရွက်ပေးထားသည့် လက်ဆေးဘေစင်များတွင် လက်ဆေးကြရန်၊ ဈေးသည်များအနေဖြင့် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်တို့ကို မဖြစ်မနေဝတ်ဆင်ထားကြစေပြီး လက်သန့်ဆေးရည်ဖြင့် မကြာခဏလက်ဆေး သန့်စင်ကြရန်၊ သတ်မှတ်ပေးထားသော နေရာများတွင် စည်းကမ်းတကျ ဈေးရောင်းချကြရန်၊ ချောင်းဆိုးနေသူ၊ ဖျားနာနေသူ၊ လတ်တလော အနံ့မရသူများ ဈေးအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် စသည်ဖြင့် ကြေညာခဲ့ကြပြီး အသိပညာပေး နံရံကပ်ပိုစတာများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပလင်းကမ်းသာယာဆင်စခန်း၌ အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမှု များပြားလာ



**ညောင်ဦး စက်တင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူ ကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးရှိ ပလင်းကမ်းသာယာဆင်စခန်းအား ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားစဉ်ကာလအတွင်း မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက ဆင်စာဘူဖေး ကျွေးမှုများပြားလာကြောင်းပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ) ထံမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းအား ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုနှစ် မတ် ၂၅ရက်မှစတင်ကာ ခေတ္တယာယီပိတ်ထားခဲ့ရာ မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဆင်စခန်းပိတ်ထားသည့်ကာလအတွင်းဆင်စာဘူဖေးကျွေးသူများပြားလာကာ ဆင်စာဘူဖေးကျွေးမှု ၈၅ ကြိမ်ကျော်ထိရှိလာပြီး နောက်ထပ် ကျွေးမွေးရန် အွန်လိုင်းမှ ကြိုတင်ချိတ်ဆက်မှုများလည်း ရှိနေသေးကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုထံမှ သိရသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုထိ ဖွင့်လှစ်ထားရှိထားပြီး ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေဗီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူးများကို အဓိက ကျွေးမွေးကြကြောင်း၊ ဆင်စာဘူဖေးတစ်ခါကျွေးလျှင် ကျပ် ၃၀၀၀၀ မှ ကျပ် ၅၀၀၀၀ ထိ လှူဒါန်းနိုင်ကာ တစ်နေ့စာ ဆင်ခုနစ်ကောင်အတွက် ကျပ် ၁၀၀၀၀၀ လှူဒါန်းနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာဆင်စခန်း ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပိတ်ထားစဉ်ကာလအတွင်း ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်သလို ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာဦးမျိုးမင်းကို ဖုန်း ၀၉-၄၂၈၂၈၃၂၄၈ သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုထိန်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ Cash For Work လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ဒေးဒရဲ စက်တင်ဘာ ၂၇**
ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးထိခိုက်မှု ပြန်လည်ကုစားရေးအစီအစဉ် (CERP) ဖြင့် ဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Cash For Work လုပ်ငန်းများ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"CERP အစီအစဉ်အရ ရရှိတဲ့ငွေနဲ့ ကျေးရွာအုပ်စုရှစ်စုမှာရှိတဲ့ ကျေးရွာရှစ်ရွာမှာ လုပ်ငန်း ၁၁ ခုကို ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဇူလိုင် ၂၃ ရက်က လုပ်ငန်းစတင်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ စက်တင်ဘာ ၅ ရက်မှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့တာဖြစ်ပါတယ်" ဟု ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြောကြားသည်။

Cash For Work လုပ်ငန်းများတွင် ဂွကလေးကျေးရွာအုပ်စုရှိ ညောင်ပင်တန်းကျေးရွာ၊ အဖောင်ကြီးကျေးရွာအုပ်စုရှိ အဖောင်ကြီးကျေးရွာ၊ ခနုံးကုန်းကျေးရွာအုပ်စုရှိ လေးအိမ်တန်းကျေးရွာ၊ ကံဆိပ်ကျေးရွာအုပ်စုရှိ စွယ်တော်ကုန်းကျေးရွာ၊ သာယာကုန်းကျေးရွာအုပ်စုရှိ ကျုံဒရယ်ကျေးရွာ၊ အစဲကလေးကျေးရွာအုပ်စုရှိ အပြင်ကျောက်စရစ်ကျေးရွာ၊ ထောင်မှူးချောင် ကျေးရွာအုပ်စုရှိ ထောင်မှူးချောင်ကျေးရွာနှင့် သုံးဒါတ်ကျေးရွာအုပ်စုရှိ အကယ် ချောင်းဝကျေးရွာများ ပါဝင်ပြီး ယင်းကျေးရွာများရှိ မြေသားလမ်းပြုပြင်ခြင်းနှင့် ကွန်ကရစ်ဘောင်ခတ်သဲခင်းခြင်း၊ အုတ်ဘောင်ခတ်သဲခင်းခြင်း၊ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ကျေးရွာအဝင်မြေသားလမ်းတိုးချဲ့ခြင်း၊ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် သဲဖြည့်ခြင်း၊ မြေသားရေကန်များ ကန်ဘောင်မြေဖို့ခြင်း၊ ကျေးရွာတံတားဆေးသုတ်ခြင်းနှင့် ကျေးရွာအဝင်လမ်း အုတ်ဘောင်ခတ်သဲခင်းခြင်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**



# ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပန်းဆိုးတန်း-ဒလသဘော် နေ့စဉ် အခေါက်ရေ ၃၀ ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး Stay at Home အစီအစဉ်တွင်ပါဝင်နေပြီး Semi Lockdown များ မြို့နယ်အလိုက် လိုအပ်သည့်နေရာများတွင် သတ်မှတ်ထားရှိမှုများကြောင့် ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့သဘော်စီးခရီးသွားပြည်သူများယခင်ထက်လွန်စွာလျော့နည်းနေသော်လည်း သတ်မှတ်ထားသည့် တစ်ရက်လျှင် အသွား/အပြန် အခေါက် ၃၀ အောက်လျှော့၍ ပြေးဆွဲသွားမည်မဟုတ်ကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒုတိယအထွေထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးဂင်းကိုအောင်ထံမှ သိရသည်။

"အခုအခါမှာ Stay at Home သတ်မှတ်အစီအစဉ်အရတော်တော်လျော့နေတော့ အရင်ပုံမှန် ၄၆ ခေါက် ပြေးဆွဲတာကနေ စက်တင်ဘာ လလယ်ပိုင်းလောက် ကစပြီး ၁၆ ခေါက်လျှော့ပြီး တစ်နေ့ကို အခေါက် ၃၀ ပြေးဆွဲပေးနေပါတယ်။ အစိုးရ ရုံးဝန်ထမ်း/ကုမ္ပဏီဝန်ထမ်းတွေ အလုပ်ပိတ်ရက်မှာတော့ မနက် အစောပိုင်းနဲ့ ညပိုင်းတွေမှာ ခြောက်ခေါက်လျှော့ပြီး ၂၄ ခေါက်နဲ့ ပြေးပေးနေပါတယ်" ဟု ဒုတိယအထွေ ထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးဂင်းကိုအောင်က ထပ်မံပြောကြားသည်။



ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့ရေယာဉ်ပေါ်တွင် ခရီးသည်များ လိုက်ပါစဉ်။

ကူးတို့ဆိပ် နှစ်ဖက်ခရီးသည်နားနေဆောင်များတွင် လူစုလူဝေးမဖြစ်ပေါ်စေရန် သတ်မှတ်ကြာချိန်အတိုင်း ပြေးဆွဲပေးနေပြီး ကူးတို့ရေယာဉ်ပေါ်တွင်လည်း Social Distancing အရ လူလေးဦးထိုင်နိုင်သောခုံတန်းလျားတွင် အစွန်းနှစ်ဖက်၌ နှစ်ဦးသာထိုင်စေပြီး ခပ်ကျဲကျဲဖြင့် သွားလာစေကြောင်း၊ ရေယာဉ်ပေါ်တက်သူတိုင်းကိုလည်း နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကြရန် အထူးကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

**မြင့်မောင်**

# ကန့်သတ်စောင့်ကြည့်စခန်းများသို့ ထမင်းဘူးများ လာရောက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အတွင်း၌ သူနာပြုနှီးနွှယ် သင်တန်းကျောင်း၊ အထက(၁)ကျောင်း၊ အထကခွဲ (လ၄) ကျောင်းတို့၌ ဖွင့်လှစ်ထားရှိသော ကန့်သတ်စောင့်ကြည့်စခန်းများသို့ ယနေ့နံနက် ၁၀ နာရီက ထမင်းဘူးများ လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် တိမ်ညိုလမ်းနေ အလှူရှင် မောင်ဘုန်းမြတ်သူက ထမင်းဟင်း (အပါ)ဘူး ၁၆၀ နှင့် ဦးစည်သူ-ဒေါ်သန္တာဦးမိသားစုက ကြာဆန်ကြော် ၇၂ ဘူးနှင့် အချိုရည် ၇၂ ဘူးတို့အား ပေးအပ်လှူဒါန်းရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်မောင်နှင့် တာဝန်ကျဌာနဆိုင်ရာများက လက်ခံရယူခဲ့ကြောင်း သိရသည်။

စားသောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင်ကန့်သတ်စောင့်ကြည့်စခန်း၌ စောင့်ရှောက်မှုပေးနေသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် တာဝန်ရှိသူ များမှတစ်ဆင့် ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် ပဲခူးမြို့ရှိ ဈေးအချို့အား ယာယီပိတ်သိမ်း

**ပဲခူး စက်တင်ဘာ ၂၇**
ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကိုထိန်းချုပ်နိုင်ရန် စက်တင်ဘာ ၂၆ ရက်က ပဲခူးမြို့မဈေးကြီး၊ ကုန်စိမ်းသားငါး ဈေး၊ ဥသျှောင်ပြင်စည်ဈေးတို့ကို ယာယီပိတ်သိမ်း ပြီး ကျန်ဈေးများကို မူလပြောင်းလဲလျှော့ချထားသည့်အချိန်အတိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ရောင်းချခွင့်ပြုပေးထားကြောင်း သိရသည်။

အဆိုပါဖွင့်လှစ်သည့်ဈေးများတွင် အသားငါး ကုန်စိမ်းဆိုင်များ၊ ဆေးနှင့် ဆေးပစ္စည်းရောင်းချသည့်ဆိုင်များ၊ ရေသန့်ရောင်းချသည့်ဆိုင်များ၊ အခြေခံစားသောက်ကုန်ရောင်းချသည့်ဆိုင်များမှလွဲ၍ ကျန်ဆိုင်များအား ပိတ်သိမ်းရန် ထုတ်ပြန်ကြေညာထားပြီး လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ် ကြောင်း သိရသည်။

ပဲခူးမြို့နယ်အတွင်း ကန့်သတ်ထားသည့် အချိန်အတိုင်းအတာဖြင့် ရောင်းချခွင့်ပြုထားသည့် ဈေးများမှာ ဘုရားဈေးသစ်ဈေး၊ ကုန်းသာယာဈေး၊ အလင်းရောင်ဈေး၊ ဘုရားကြီးဈေး၊ ပျဉ်ပုံကြီးဈေး၊ အင်းတကော်ဈေး၊ ထုံကြီးဈေး၊ ကျောက်တန်းဈေးနှင့် သွန်းဘုရားယာယီအခွန်လွတ်ဈေးတို့ဖြစ်သည်။

**ဟိန်းထက်(ပဲခူး)**

# မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့ကို ဆက်သွယ်ထားသော ကျွန်းပြဿဒ်မြစ်ကူးတံတားတည်ဆောက်မှု ၉၈ ရာခိုင်နှုန်းပြီးစီး



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့ကို ဆက်သွယ်ကူးသန်း တည်ဆောက်ထားသော ကျွန်းပြဿဒ်မြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) ညောင်ဦးက တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၉၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါတံတားပြီးစီးပါက ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ ခရီးသွားပြည်သူများသည် လက်ရှိသွားလာနေသော မအူပင် -ပုသိမ် ခရီးစဉ်ထက် ပုသိမ်မြို့သို့သွားရောက်ရာတွင် အချိန်နှင့် မိုင်အားဖြင့် ပိုမိုသက်သာသွားမည်ဖြစ်သည်။


အဆိုပါ ကျွန်းပြဿဒ်မြစ်ကူးတံတားမှကျုံမငေးမြို့သို့ ၁၄ မိုင်၊ ဝါးခယ်မမြို့သို့ ၁၁ မိုင် ၁ ဖာလုံနှင့် ပုသိမ်မြို့သို့ ၆၇ မိုင် ၄ ဖာလုံသာကွာဝေးမည်ဖြစ်ရာ ကျွန်းပြဿဒ်မြစ်ကူးတံတားမှပုသိမ်မြို့သို့ အချိန်တိုအတွင်း တိုက်ရိုက်သွားလာနိုင်မည်ဖြစ်သည်။

ယင်းမော်လမြိုင်ကျွန်းမြို့နယ် ကျွန်းပြဿဒ်မြစ်ကူးတံတားမှာ တံတားအရှည် ပေ၂၃၆၀၊ အကျယ်၂၄ပေ လူသွားလမ်း တစ်ဖက် သုံးပေစီ ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ ရှိပြီး သံမဏိ သံပေါင်နှင့် သံကူကွန်ကရစ်ရက်မ တံတားအမျိုးအစားဖြစ်သည်။

ကျွန်းပြဿဒ်မြစ်ကူးတံတားဖွင့်လှစ်ပြီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသည် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ကူးသန်းသွားလာရေး အဆင်ပြေလွယ်ကူပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေးပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

# အခြေခံအိမ်ထောင်စုများအား စားသောက်ကုန်များထောက်ပံ့လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါကာလ ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ အတွက် စားသောက်ကုန် ငါးမျိုးကို ဆင်မင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ စီမံဆောင်ရွက်မှုဖြင့် ဆင်မင်းရပ်ကွက်ရှိ ဒေါ်ကျင်ကြူး (စတိုး)မိသားစုက ဆင်မင်းလမ်း၌ စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့လှူဒါန်းရာ၌ အိမ်ထောင်စုတစ်စုလျှင်ငွေကျပ် ၇၅၀၀ တန်ဖိုးရှိ ဆန်တစ်ပြည်၊ ဟင်းရွက်ဆီတစ်လီတာဘူး တစ်ဘူး၊ ကုလားပဲ ၅၀ ကျပ်သား၊ ကြက်ဥတစ်ကတ်၊ ခေါက်ဆွဲခြောက် ငါးထုပ်ဖြင့် ဆင်မင်းရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၃၀၀ အား စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိကို တစ်ရက်လျှင်အိမ်ထောင်စု ၁၀၀ နှုန်းဖြင့် နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိတစ်ကြိမ်နှင့် မွန်းတည့် ၁၂ နာရီမှညနေ ၃ နာရီအထိ တစ်ကြိမ်ဖြင့် အချိန် နှစ်ချိန်ခွဲကာ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၀ အား လက်ဝယ်အရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



# ညောင်ရွှေမြို့နယ်၌ စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်း စီမံကိန်းဆိုင်ရာ သိကောင်းစရာများ ဆွေးနွေး

**ညောင်ရွှေ စက်တင်ဘာ ၂၇**

စိုက်ပျိုးရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံးမှ စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်း စီမံကိန်းဆိုင်ရာသိကောင်းစရာများနှင့် မီးဖိုသုံးစွဲသူများမှ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများဆွေးနွေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ညောင်ရွှေမြို့နယ် တုံးလည်ကျေးရွာအုပ်စု တောင်ခမောက်ရွာ၊ ကျေးပေါခုံကျေးရွာအုပ်စု အင်ကြင်းကုန်းရွာနှင့် မြေဖြူရွာတို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်းစီမံကိန်းဆိုင်ရာသိကောင်းစရာများနှင့် မီးဖိုသုံးစွဲသူများ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးပက်ထရစ်ဖြူးနှင့် ဝန်ထမ်းများက ရှင်းလင်းဆွေးနွေးပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် အက်ကွဲ၍သုံးစွဲမရတော့သည့်မီးဖိုများအတွက် ဒေသခံပြည်သူများသို့ အသစ်အစားထိုး ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ကာမိုင်းမြို့အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်



**ကာမိုင်း စက်တင်ဘာ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ဒေသအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၇၁၂ စုတို့အတွက် နိုင်ငံတော်မှ တတိယအကြိမ်မြောက် ထောက်ပံ့သည့် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ စီကို ယမန်နေ့ နံနက်ပိုင်းက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကာမိုင်းမြို့၌ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ ရာအိမ်မှူးများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များ၊ ကောင်ရာကျေးရွာ၊ နန့်စီးအင်၊ ကထန်ယန်၊ ဂေါ်ရီ၊ နန့်ယားနှင့်ကပ်မော်ဇုပ်ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားအိမ်ထောင်စု ၁၇၁၂ စုတို့အတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၄၂၄၀၀၀၀ တို့ကို အဖွဲ့များခွဲ၍ ပြည်သူများထံသို့လက်ဝယ်အရောက် နေ့ချင်းပြီး အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဇွဲသူရအောင်(ပြန်/ဆက်)**

# လိုအပ်မှုရှိပါက ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် အသုံးပြုနိုင်ရန် ကွင်းဆင်းကြည့်ရှု

**မတူပီ စက်တင်ဘာ ၂၇**

ချင်းပြည်နယ် မတူပီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်စေရန်အတွက် အရှေ့ခိုဘွေရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းကို လိုအပ်ပါက ကန့်သတ်စောင့်ကြည့်စခန်းအဖြစ်ထားရှိနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါကျောင်းရှိစာသင်ခန်းများအား လိုအပ်ပါက ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ထားရှိနိုင်ရန် အခြေအနေ ရှိမရှိ၊ လက်ဆေးကန်ထားမည့်နေရာများ၊ ရေချိုးမည့်နေရာများ စနစ်တကျရှိစေရေးအတွက် ကျောင်းပတ်ဝန်းကျင်နေရာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မတူပီမြို့၌ လက်ရှိတွင် မိုးလုံလေလုံအားကစားရုံနှင့် အထက(၂)ရှိ ကန့်သတ်စောင့်ကြည့်စခန်းတို့၌ Facility Quarantine ခံယူသူ ၃၀ နှင့် Hospital Quarantine ထားရှိသူ နှစ်ဦး စုစုပေါင်း ၃၂ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချောင်းဆုံနှင့် သံဖြူဇရပ်မြို့နယ်များ၌ CERP ဖြင့်ဆောင်ရွက်သော စီမံကိန်းများပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ ကိုဗစ်-၁၉ ကာလစီးပွားရေးကုစားမှုအစီအစဉ်(CERP)ဖြင့် ဆောင်ရွက်သော Cash For Work စီမံကိန်းများမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ကာလစီးပွားရေးကုစားမှုအစီအစဉ်(CERP)ဖြင့် ချောင်းဆုံမြို့နယ်ရှိ ဒရယ်၊ ကရင်ဝင်းစိန်၊ မရမ်း၊ ကမာမို၊ ကွမ်လှာ၊ ခရိုက်ဒူး၊ ကွင်းကလိန်၊ ကလော့၊ တကူပတီ၊ ဖံဖ၊ ဘိုးနက်၊ တော်ပွန်၊ ကွမ်ရိုက်ကျေးရွာတို့၌ ဇူလိုင်လ စတုတ္ထပတ်မှစတင်ကာ လမ်းပြုပြင်ခြင်းလုပ်ငန်း ၁၀ ခု၊ ကျန်းမာရေးနှင့် ရေလုပ်ငန်း ၁၉ ခု၊ ရေရရှိရေးလုပ်ငန်း သုံးခု၊ ပညာရေးဆိုင်ရာအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်း နှစ်ခု၊ အခြားလုပ်ငန်း ခြောက်ခု စုစုပေါင်း လုပ်ငန်းခွဲ ၄၀ တို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အလားတူ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash For Work စီမံကိန်းဖြင့် ရဲတံခွန်၊ ဂျော့၊ ဆင်တောင်၊ ကုန်းမြင့်သာယာ၊ စွပ္ပလောင်၊ ဒုံကနိ၊ ခလောက်ချ၊ ဝဲဟတာ၊ ဇီးနှစ်ပင်(ပယောဟဲ)၊ ကရင်သောင်၊ ဝတ်ဖြူ(တောင်ဝိုင်း) ကျေးရွာ ၁၁ ရွာတွင် လမ်းပြုပြင်ခြင်း ကိုးရွာ၊ ကွန်ကရစ်လမ်းခင်းခြင်း တစ်ရွာ၊ ရေနုတ်မြောင်းတူးဖော်ခြင်း နှစ်ရွာ၊ ရေပြွန်လေးရွာ၊ ခြံစည်းရိုးကာရံခြင်း တစ်ရွာ၊ သုသာန်မြေနေရာရှင်းလင်းခြင်း နှစ်ရွာ၊ စာသင်ကျောင်းခန်းမ ကွန်ကရစ်လမ်းခင်းခြင်း တစ်ရွာ၊ Slab culvert ပြုလုပ်ခြင်း တစ်ရွာ၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း တစ်ရွာတို့ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**

# ရွှေခရုကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**အင်းတော် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ရာသီ မိုးစပါးစိုက်ခင်းများအတွင်း ကျရောက်တတ်သော ရွှေခရုကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက အင်းတော်မြို့ အီဆိမ့်မြောင်းမိုးစပါးစိုက်ခင်းများအတွင်း ပြုလုပ်ခဲ့သည်။

မိုးစပါးစိုက်ခင်းများအတွင်း အဆိုပါရွှေခရုများကျရောက်ပါက တောင်သူများအနေဖြင့် ဆုံးရှုံးနစ်နာမှုများပြားကြောင်း၊ ရွှေခရုများသည် စပါးပင်ငယ်များအား ကိုက်ဖြတ်စားသောက်သည့်အတွက် စပါးပင်များပျက်စီးပြီး မိုးစပါးအထွက်နှုန်းလျော့ကျ၍တောင်သူများ၏အကျိုးစီးပွားကိုထိခိုက်နိုင်ကြောင်း၊ တောင်သူများ၏ အကျိုးစီးပွားထိခိုက်မှုမှ ကာကွယ်နိုင်ရေး၊ ရွှေခရုများအား နှိမ်နင်းနိုင်ရေးတို့အတွက် ယခုကဲ့သို့ နည်းပညာပေးကွင်းသရုပ်ပြပွဲကို ပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လေ့လာလိုသူတောင်သူများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောကြားသည်။

အင်းတော်မြို့နယ်အနေဖြင့် အဆိုပါရွှေခရုနှိမ်နင်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်က ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်အဖြစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ အင်းတော်မြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့် ဌာနဆိုင်ရာများ၊ ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဖုန်းမောင်နှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်သီဟ (ပြန်/ဆက်)**



# မိုးရာသီတွင် စိန်တလုံးသရက်ပျိုးပင်များ ရောင်းအားကောင်း

**စဉ့်ကိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်နှင့် အခြားဒေသများတွင် သရက်ပျိုးပင်များကို တွင်ကျယ်စွာ ရောင်းချလျက်ရှိရာ လက်ရှိကာလ မိုးရာသီတွင် စိန်တလုံးသရက်ပျိုးပင်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

စိန်တလုံးသရက်ပျိုးပင် ရောင်းချရာတွင် အပင်သက်တမ်းအလိုက်ဈေးနှုန်း အမျိုးမျိုးရှိရာ သက်တမ်းနုသည့် စိန်တလုံးအပင်သေးတစ်ပင်လျှင် ငွေကျပ် ၃၀၀ မှစတင်ကာ သက်တမ်းအလိုက် အပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၊ ၁၀၀၀၊ ၁၅၀၀ မှ ၂၅၀၀ အထိရှိသည်။ ကျပ် ၂၅၀၀တန် စိန်တလုံးသရက်ပျိုးပင်မှာ သုံးနှစ်သက်တမ်းရှိသည့် ပျိုးပင်များဖြစ်သည်။

ပျိုးပင်ရောင်းချသူအများစုမှာ သရက်မျိုးစုံကို အဓိကထားပျိုးကာ ရောင်းချကြသည်။ စိန်တလုံးပျိုးသူများမှာ နှစ်စဉ် ကဆုန်လမှစတင်ကာ စိန်တလုံးမှည့်ချိန်တွင် သရက်ခြံများအတွင်း ရှဉ့်ကိုက် ငှက်ကိုက် သရက်သီးများကို ဝယ်ယူကာ သရက်စေ့စုဆောင်းပြီး ပျိုးထောင်ကြရသည်။ ပျိုးခြံများတွင် တစ်နှစ်ပတ်လုံး အပင်ပျိုးသူများကို ငှားရမ်းပျိုးထောင်ကြရပြီး ယခုနှစ်တွင် သရက်ပျိုးပင်များ ရောင်းအားကောင်းလျက်ရှိသည်။ မြန်မာ နိုင်ငံအနှံ့ ကားများဖြင့်တင်ပို့ပေးနေရပြီး ပျိုးခြံအထိ လာရောက်ဝယ်ယူသူ များပြားလျက်ရှိကြောင်း ဖူးပွင့် ပျိုးပင်အရောင်းဆိုင်ပိုင်ရှင် ကိုဇော်မျိုးထွန်းထံမှ သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# အရည်အသွေးကောင်းစပါးမျိုးများ ယှဉ်ပြိုင်စိုက်ပျိုး

**ဂန့်ဂေါ စက်တင်ဘာ ၂၇**

ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာတွင် ယှဉ်ပြိုင်ကွက်များအဖြစ် အရည်အသွေးကောင်းစပါးမျိုးများကို စမ်းသပ်ယှဉ်ပြိုင်စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဈေးကွက်ဝင်အရည်အသွေးကောင်းစပါးမျိုးတွေ စိုက်ပျိုးခြင်းဖြင့် တောင်သူတွေ စီးပွားရေးတွက်ခြေကိုက်ပြီး ဝင်ငွေတိုးစေဖို့အတွက် အရည်အသွေးကောင်း စပါးမျိုးသစ်တွေကို တောင်သူတွေကိုယ်တိုင် ပါဝင်ရွေးချယ်နိုင်ဖို့ သရုပ်ပြစမ်းသပ်ကွက်တွေ စိုက်ပျိုးရခြင်း ဖြစ်ပါတယ်။ စမ်းသပ်စိုက်ပျိုးတဲ့ စပါးမျိုးတွေရဲ့ ဒေသနဲ့ကိုက်ညီမှု၊ အပင်ဖြစ်ထွန်းမှု၊ အထွက်နှုန်းနဲ့အကျိုးအမြတ်ရရှိမှု၊ စားကောင်းမကောင်းနဲ့ တောင်သူကြိုက်နှစ်သက်မှု စတာတွေကို ယှဉ်ပြိုင်စမ်းသပ်ထားပါတယ်" ဟု ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့ စမ်းသပ်ယှဉ်ပြိုင်စိုက်ပျိုးရာတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းမှရရှိသည့် အရည်အသွေးကောင်းစပါးမျိုးသစ်ကိုးမျိုးကို စံထားမျိုးများဖြစ်သည့် ဧကရီမွှေး၊ ရေဆင်းလုံးသွယ်၊ ဒေသစံထားမျိုးဖြစ်သည့် ဆင်းသုခ စပါးမျိုးများဖြင့် စမ်းသပ်ယှဉ်ပြိုင်စိုက်ပျိုးထားကြသည်။ သရုပ်ပြ စမ်းသပ်ကွက်တစ်ကွက်လျှင် စပါးမျိုးငါးမျိုးဖြင့် သရုပ်ပြစမ်းသပ်ကွက် သုံးကွက် စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# ကျောက်တန်းကျေးရွာမှ ပဲစိုက်တောင်သူများ နောက်မိုးဖြင့် မြေပဲများကောင်းရန် မျှော်လင့်

**မင်းဘူး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် ကျောက်တန်းကျေးရွာမှ ပဲစိုက်တောင်သူများသည် ဆားဖွက်ချောင်း ရေကျချိန်စောင့်ဆိုင်းနေရသောကြောင့် မြေပဲများစိုက်ပျိုးချိန် နောက်ကျကာ နောက်မိုးဖြင့် မြေပဲစိုက်ခင်းများ ကောင်းရန်သာ မျှော်လင့်နေကြသည်။

မင်းဘူး(စကု)မြို့နယ်ရှိ ကျောက်တန်း၊ ရေမျက်၊ ရေတွင်းကုန်း၊ ပေါက်ပင်တွင်းစသော ကျေးရွာများမှ တောင်သူများသည် ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသော သီးနှံမျိုးစုံကို ၁၂ လရာသီလုံး တွင်တွင်ကျယ်ကျယ် စိုက်ပျိုးသော ကျေးရွာများ ဖြစ်ကြသည်။ ကျောက်တန်းကျေးရွာနှင့် ရေမျက်ကျေးရွာသည် ဆားဖွက်ချောင်းဘေးတွင် တည်ရှိသောကြောင့် စိုက်ပျိုးရန်ရေပေါသလို မြေများမှာလည်း နုန်းတင်မြေနုများဖြစ်၍ သီးနှံများဖြစ်ထွန်းကာ အထွက်ကောင်းသည်။

"အခုအချိန်မှာတော့ မြေပဲဈေးက မဆိုးပါဘူး။ ကျွန်တော်ဒီနှစ် မြေပဲ ၁၀ ဧကစိုက်ထားပါတယ်။ ကျွန်တော်တို့ နောက်မိုးနဲ့ စိုက်ခင်းတွေ ကောင်းဖို့နဲ့ မြေပဲဈေးကောင်းဖို့ပဲ မျှော်လင့်ပါတယ်'' ဟု ကျောက်တန်းကျေးရွာမှ မြေပဲစိုက်တောင်သူ ကိုစွာကြီးက ပြောကြားသည်။

ယခင်နှစ်များတွင် မြေပဲအထွက်နှုန်းကောင်းကာ သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချရသောကြောင့် ကျောက်တန်းကျေးရွာမှ တောင်သူများ အဆင်ပြေကြသည်။ ယခုနှစ် မင်းဘူးမြို့ရှိ မြေပဲဈေးနှုန်းများမှာ မြေပဲဆန် တစ်ပိဿာကျပ် ၃၀၀၀၊ အတောင့်တစ်တင်း ကျပ် ၈၀၀၀ ဈေးရှိကြောင်း သိရ သည်။

**ဖေယျာထက် (မင်းဘူး)**



# မိုင်းယောင်း၌ နေအိမ်ဥယျာဉ်ခြံစိုက်ပျိုးနိုင်ရေး မျိုးစေ့များ အခမဲ့လိုက်လံဖြန့်ဖြူးပေး

**မိုင်းယောင်း စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း နေအိမ်တွင်း မိသားစု တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံစိုက်ပျိုးနိုင်ရေးအတွက် စက်တင်ဘာ ၂၅ ရက် ညနေပိုင်းက ဌာနဆိုင်ရာရုံးများနှင့် ပြည်သူများ၏အိမ်သို့ မျိုးစေ့များအခမဲ့လိုက်လံဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများသည် ပြည်သူများအနေဖြင့် နေအိမ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုး၍ လတ်ဆတ်သော သီးနှံများကို စားသုံးနိုင်ရေးအတွက်ရည်ရွယ်ပြီး ဆလတ်၊ နံနံပင်၊ ကိုက်လန်၊ ဖရုံ၊ ခရမ်း၊ သခွား၊ ပဲအမျိုးမျိုး၊ ဂေါ်ဖီ၊ ခရမ်းချဉ်၊ ငရုတ်၊ ပြောင်း၊ ပဲလင်းမြွေ၊ ရုံးပတီ၊ မုန်ညင်းအမျိုးမျိုး၊ မုန်လာနှင့် အခြားမျိုးစေ့အမျိုးမျိုးကို အိမ်တိုင်ရာရောက် အခမဲ့လိုက်လံဖြန့်ဖြူးပေးခဲ့ကြသည်။ အဆိုပါ မျိုးစေ့များကို အလှူရှင် ဦးစိုင်းထွန်းမိသားစု၏ လှူဒါန်းမှုဖြင့် ဝယ်ယူဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

# ပျိုးပင်များ အခမဲ့ယူဆောင်စိုက်ပျိုးနိုင်

**ဘိုကလေး စက်တင်ဘာ ၂၇**

သစ်ပင်ချစ်သူများ၊ သစ်ပင် စိုက်ပျိုးလိုသူများအနေဖြင့် လက်ရှိကာလတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၄) ရပ်ကွက် စိန်ပန်း(၅) လမ်းတွင် တည်ရှိသည့် ပိတောက်ရွှေဝါ စိုက်ပျိုးရေးအဖွဲ့တွင် ပျိုးပင်များအခမဲ့ရယူ၍ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

စိုက်ပျိုးလိုသူများအနေဖြင့် ပိတောက်ရွှေဝါစိုက်ပျိုးရေးအဖွဲ့တွင် သရက်၊ ပိန္နဲ၊ ချယ်ရီ၊ ပုန်းညက်၊ စွယ်တော်၊ ထိုင်ဝမ် ဇန်ဒါ၊ တရုတ်ဆီးသီး၊ နှင်းသီး၊ ညမွှေးပန်း၊ သံသတ်၊ ခရေနှင့် ပိတောက်ပျိုးပင်များ အခမဲ့ရယူနိုင်ကြောင်းနှင့် ပိတောက်ရွှေဝါစိုက်ပျိုးရေးအဖွဲ့သည် အထိမ်းအမှတ်နေ့များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသစ်ပင်စိုက်ပျိုးရေးပွဲများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်းလည်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ကိုဗစ်ကာလအတွင်း မုံရွာမြို့သို့ ပန်းပို့သည့်ကား အဝင်များ

**မုံရွာ စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ရောဂါကာလအတွင်း မုံရွာမြို့သို့ ပန်းပို့သည့်ကား အဝင်များနေကြောင်း မုံရွာမြို့ ရတနာပုံရပ်နေ ပန်းဈေးသည်ကိုမင်းထံမှ သိရသည်။

"ရန်ကုန်နဲ့ မော်လမြိုင်က ပန်းဝယ်ယူသူမရှိတာကြောင့် တောင်ကြီး၊ မန္တလေး စတဲ့နေရာတွေက ပန်းကားတွေ မုံရွာကိုအဝင်များနေပါတယ်။ ပန်းအဝင်များပေမယ့် ရောင်းအားမကောင်းပါဘူး။ ပုံမှန်တစ်စီးဝင်တာကနေ သုံးစီးလောက်ဝင်နေတာပါ။ ပန်းဈေးကကျနေတယ်" ဟု ကိုမင်းက ပြောကြားသည်။

မုံရွာမြို့သို့ဝင်လာသော ပန်းကားများသည် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သောကြောင့် ဝင်ထွက်ခွင့်ထောက်ခံစာဖြင့် တောင်ကြီး-ပြင်ဦးလွင်-မန္တလေး စသည့်မြို့များက ပို့ဆောင်ပေးနေခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကုမ္ပဏီများ စတော့အိတ်ချိန်းသို့ စာရင်းဝင်ခြင်းမပြုမီ အားသာချက်၊ အားနည်းချက်များကို ကြိုတင်သိရှိနားလည်ခြင်း

ပြည့်ဖြိုးအောင်
(စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများသည် ယင်းတို့ ထုတ်ဝေကမ်းလှမ်း ရောင်းချထားသည့် အစုရှယ်ယာများအား စတော့အိတ်ချိန်းမှတစ်ဆင့် အများပြည်သူ အလွယ်တကူ အစုရှယ်ယာဈေးကွက်အတွင်း ပြန်လည်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ ပြုလုပ်နိုင်စေရန် စတော့အိတ်ချိန်းသို့ စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်ရာ၌ အားသာချက်၊ အားနည်းချက်များစွာ ရှိပါသည်။ အားသာချက်များကို သိရှိနားလည်ပြီး အားနည်းချက်များကို ကြိုတင်ပြင်ဆင်ထားနိုင်မှသာလျှင် ကုမ္ပဏီ၊ အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အများပြည်သူ အစရှိသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများစွာတို့အတွက် အကျိုးရလဒ်ကောင်းများစွာကို ရရှိနိုင်စေမည် ဖြစ်ပါသည်။

### အားသာချက်များ

**(၁) များပြားသော ရင်းနှီးမြှုပ်နှံသူများရှိနေခြင်း**

ပုံမှန်အားဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို အခြေခံသည့် တရားဝင်ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ အရင်းအနှီးဈေးကွက်အတွင်းတွင် စိတ်ချယုံကြည်စွာ အရောင်းအဝယ်ပြုလုပ်ကြသည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြသည့် ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများအစရှိသည့် များပြားသော ရင်းနှီးမြှုပ်နှံသူများရှိနေသည်ကို တွေ့မြင်သိရှိနိုင်ပါသည်။


ထို့အတူ အရင်းအနှီးဈေးကွက်နှင့်စပ်လျဉ်းသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အဖွဲ့အစည်း/ ကုမ္ပဏီများ၊ ဘဏ်ကြီးများ အစရှိသည်တို့၏ စောင့်ကြည့်လေ့လာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် အခွင့်အလမ်းများကိုရယူရန် အလားအလာကောင်းများ ရှိနေသည့်အပြင် အရင်းအနှီးဈေးကွက်ကို သုတေသန ပြုလုပ်ကြသည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၊ အစုရှယ်ယာဈေးကွက်ကို ဆန်းစစ်လေ့လာကြသည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၊ နောင်တစ်ချိန်တွင် ရင်းနှီးမြှုပ်နှံသူများ ဖြစ်လာကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများလည်း ရှိနေတတ်ပါသည်။ ထိုကဲ့သို့ရှိနေကြခြင်းမှာ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ရာ၌ ကူညီပံ့ပိုးပေးသည့် အထောက်အပံ့ပစ္စည်းများကို အသုံးပြုရာတွင်လည်း သာတူညီမျှဖြစ်စေသော စကြဲတစ်ခုကို အသုံးပြုနိုင်ကြသည့်အတွက် အရောင်းအဝယ်ပြုလုပ်သူများ၊ ရင်းနှီးမြှုပ်နှံသူများ အများအပြား ယုံကြည်စိတ်ချစွာ ရှိနေကြခြင်း ဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်အတွင်း ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် အစုရှယ်ယာများကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်နိုင်ရန်အတွက် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းများက စာရင်းဖွင့်လှစ်ထားသော ငွေချေးသက်သေခံလက်မှတ်စာရင်း စုစုပေါင်း ၄၂၀၀၀ ကျော်မျှရှိသည်ဟု သိရှိရပါသည်။

**(၂) ဈေးကွက်မှတစ်ဆင့် လွယ်ကူစွာ ဘဏ္ဍာငွေ မြှင့်တင်ဖြည့်တင်းနိုင်ခြင်း**

အရင်းအနှီးဈေးကွက်သို့ စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်ပြီး နောက်ပိုင်းတွင်လည်း ကုမ္ပဏီ၏လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ရေရှည်လိုအပ်သော ရင်းနှီးငွေပမာဏကို လွယ်ကူစွာ ချေးငွေရယူ၍ ဘဏ္ဍာငွေဖြည့်တင်းခြင်း နည်းလမ်းဖြင့်ဖြစ်စေ၊ အရင်းအနှီးဈေးကွက်အတွင်း အစုရှယ်ယာများ ထုတ်ဝေကမ်းလှမ်း၍ ဘဏ္ဍာငွေဖြည့်တင်းခြင်းဖြင့်ဖြစ်စေ နည်းလမ်းများစွာကို အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် ကုမ္ပဏီတစ်ခုသည် ချေးငွေရယူ၍ လုပ်ငန်းဆောင်ရွက်သည့် နည်းလမ်းများကိုသာ အသုံးပြုလေ့ရှိပါသည်။ အရင်းအနှီးဈေးကွက်ထဲရှိ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများသည် ချေးငွေရယူခြင်း နည်းလမ်းများကို သာမက အစုရှယ်ယာ ထုတ်ဝေကမ်းလှမ်းခြင်း နည်းလမ်းများကိုလည်း အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်သည့်အတွက် ရင်းနှီးငွေတိုးမြှင့်ဖြည့်တင်းမှု လုပ်ငန်းစဉ်များတွင် ပို၍အားသာချက်များရှိသည်ကို တွေ့မြင်နိုင်ပါသည်။

အရင်းအနှီးဈေးကွက်အတွင်း၌ ရင်းနှီးငွေမြှင့်တင်ခြင်း (Raising Capital) ဆိုင်ရာ နည်းလမ်းများကို ဥပဒေနှင့်အညီ ဈေးကွက်မှတစ်ဆင့် လုပ်ဆောင်ရာတွင် ကြားခံပွဲစား၊ ကြားခံအဖွဲ့အစည်းများစွာတို့ကို ငှားရမ်းအသုံးပြုရန်လည်း မလိုအပ်ပါ။ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ ရင်းနှီးငွေတိုးမြှင့်ဖြည့်တင်းခြင်းဆိုင်ရာဖြစ်စဉ်များကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး ဤအချက်သည်လည်း ကုမ္ပဏီအတွက် အားသာချက်တစ်ချက်ပင် ဖြစ်ပါသည်။




နောင်တစ်ချိန် မြန်မာ့အရင်းအနှီးဈေးကွက် စတင်ရာနေရာတစ်ခုအဖြစ် မြင်တွေ့ရနိုင်သည့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရန်ကုန်စတော့အိတ်ချိန်း။

> **စတော့အိတ်ချိန်းသို့ စာရင်းဝင်ခြင်းဖြင့် မိမိကုမ္ပဏီ၏ အစုရှယ်ယာရှင်များအတွက် အစုရှယ်ယာပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် မသေချာ၊ မရေရာမှုများကို လျှော့ကျစေနိုင်ပါသည်။ အစုရှယ်ယာဈေးကွက်မှတစ်ဆင့် မိမိကုမ္ပဏီ၏ ထုတ်ကုန်များ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၊ ကုမ္ပဏီ၏လုပ်ဆောင်မှုများ အစရှိသည်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း စားသုံးသူများထံ အလွယ်တကူ ပျံ့နှံ့ရောက်ရှိစေနိုင်**

**(၃) အဆင်ပြေချောမွေ့စေသော အစုရှယ်ယာလွှဲပြောင်းမှု**

ကုမ္ပဏီမှ အများပြည်သူသို့ ထုတ်ဝေကမ်းလှမ်း ရောင်းချထားသည့် အစုရှယ်ယာများကို အရင်းအနှီးဈေးကွက်အတွင်း၌ ကြားခံအဖွဲ့အစည်းများဖြစ်ကြသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်ခြင်းဖြင့် အလွယ်တကူလွှဲပြောင်းမှုကို ပြုလုပ်နိုင်သည်။ အရင်းအနှီးဈေးကွက်ကို နှစ်ပိုင်းခွဲကြည့်လျှင် အစုရှယ်ယာများကို ကြားခံအဖွဲ့အစည်းများမှတစ်ဆင့် စတော့အိတ်ချိန်း၌ အရောင်းအဝယ်ပြုလုပ်၍ စနစ်တကျလွှဲပြောင်းမှုများကို လွယ်ကူလျင်မြန်စွာ ပြုလုပ်နိုင်သည့်ဈေးကွက်ကို ဆင့်ပွားဈေးကွက်ဟု ခွဲခြားသိရှိနိုင်ပါသည်။ ထိုကဲ့သို့သော အစုရှယ်ယာအရောင်းအဝယ်၊ အလွှဲအပြောင်းပြုလုပ်သည့် ဖြစ်စဉ်များသည် အစုရှယ်ယာများကို ထုတ်ဝေကမ်းလှမ်းရောင်းချသည့် ကုမ္ပဏီနှင့် ဝယ်ယူခြင်း၊ ရောင်းချခြင်းများကို ပြုလုပ်ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ တိုက်ရိုက်ထိတွေ့ကြသည့် မူလဈေးကွက်ထက်ပို၍ အစုရှယ်ယာလွှဲပြောင်းမှု ပိုမိုလွယ်ကူသည်ဟု ဆိုနိုင်ပါသည်။ အစုရှယ်ယာရှင်များစွာသည်လည်း ဈေးကွက်အတွင်း၌ ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချနိုင်ရုံသာမက အစုရှယ်ယာလွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို လွယ်ကူလျင်မြန်စွာ ပြုလုပ်နိုင်ပါသည်။

**(၄) ကုမ္ပဏီအပေါ် ယုံကြည်စိတ်ချရမှုနှင့် နာမည်ကောင်း တန်ဖိုးကို တက်စေခြင်း**

ယေဘုယျအားဖြင့် စာရင်းဝင်ကုမ္ပဏီတစ်ခုသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များရှိ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ကြရသည့်အပြင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရပါသည်။ စတော့အိတ်ချိန်း၏ စာရင်းဝင်စံသတ်မှတ်ချက်များကို ပြည့်မီစေရန် ဖြည့်ဆည်းဆောင်ရွက်ထားရှိပြီးဖြစ်သည့်အပြင် ကော်မရှင်မှ လိုအပ်သလို ထုတ်ပြန်လေ့ရှိသော အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသောကြောင့် ဈေးကွက်အတွင်းရှိ အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်သူများ၊ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အများပြည်သူတို့၏ ယုံကြည်စိတ်ချရမှုကို ပိုမိုရရှိစေပါသည်။

ထို့ပြင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ဆောင်မှုများအစရှိသည့် အချို့သော ဖြစ်စဉ်/ ဖြစ်ရပ်များနှင့် လုပ်ငန်းလုပ်ဆောင်မှုများကို အစုရှယ်ယာရှင်များသို့ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် လုပ်ဆောင်မှုပြုလုပ်သည့်အပြင် အများပြည်သူ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက် ပြုလုပ်နိုင်စေရန်အလို့ငှာ စဉ်ဆက်မပြတ် ဖွင့်ဟကြေညာချက်များကို ပြုလုပ်ရခြင်းတို့ကြောင့် ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် အစုရှယ်ယာရှင်များ၊ ဝန်ထမ်းများ၊ အများပြည်သူတို့အကြား ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ငန်းလုပ်ဆောင်မှုကိုဖြစ်စေပြီး ကုမ္ပဏီ၏ နာမည်ကောင်း (Goodwill) သည် တဖြည်းဖြည်း တက်လာစေပါသည်။

**(၅) ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများ တိုးတက်လာစေခြင်း**

ကုမ္ပဏီများသည် အစုရှယ်ယာဈေးကွက်သို့ ဝင်ရောက်ရန် ပြင်ဆင်ရာတွင် စတော့အိတ်ချိန်း၏ စံသတ်မှတ်ချက်များနှင့် ပြည့်မီစေရန်အတွက် ပြင်ဆင်ကြရပြီး အချို့သော စံသတ်မှတ်ချက်များဖြစ်သည့် စည်းကမ်းလိုက်နာရေးအရာရှိ ခန့်အပ်ထားရှိရခြင်း၊ ကုမ္ပဏီ၏ စာရင်းထိန်းသိမ်းမှု/ စာရင်းစစ်ဆေးမှုများကို Myanmar Financial Reporting Standards (သို့မဟုတ်) International Financial Reporting Standards (MFRS/ IFRS) နှင့်အညီ ပြုစုထားရှိရခြင်း၊ ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကော်ပိုရိတ်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖွင့်ဟကြေညာရခြင်း၊ ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်များ ကောင်းမွန်စေရန် ဒါရိုက်တာအဖွဲ့ လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ အမြတ်ဝေစု ခွဲဝေခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အကျိုးစီးပွားပဋိပက္ခနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အတွင်းသတင်းအချက်အလက်များကို အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ထိန်းချုပ်သည့် စည်းမျဉ်းများအစရှိသည်တို့ကိုချမှတ်၍ စနစ်တကျ လိုက်နာဆောင်ရွက်မှုများပြုလုပ်ရခြင်း၊ အစုရှယ်ယာ အနည်းစုသာ ပိုင်ဆိုင်ထားကြသည့် အစုရှယ်ယာရှင်များ၏အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရေးတို့အတွက် ဆောင်ရွက်ပေးမည့် သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ ခန့်အပ်ထားရှိခြင်း၊ သီးခြားလွတ်လပ်သည့် စာရင်းစစ်ကော်မတီ၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲသည့် ကော်မတီ အစရှိသည့် ကော်မတီများ စနစ်တကျဖွဲ့စည်းထားရှိခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် ကုမ္ပဏီ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ်ကို တိုးတက်ကောင်းမွန်စေပါသည်။

**(၆) အခွန်သက်သာခွင့်များကို ရရှိခြင်း**

အချို့နိုင်ငံများတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာရင်းဝင်ကုမ္ပဏီများအတွက် အထောက်အပံ့ဖြစ်စေရန်အလို့ငှာ အခွန်နှုန်းထားများကို လျှော့ပေါ့ပေးလေ့ ရှိတတ်ကြပါသည်။ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရမှ **၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၇ ဖြင့် စာရင်းဝင်ကုမ္ပဏီများအား ဝင်ငွေခွန် ငါးရာခိုင်နှုန်း သက်သာခွင့်ကို ထုတ်ပြန်ခွင့်ပြုပေးထားပါသည်။** ထိုသက်သာခွင့်သည် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မှ စတင်အကျိုးသက်ရောက်စေခဲ့ပြီး ကုမ္ပဏီတစ်ခုသည် ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်ခွင့်ရရှိပြီးနောက် နှစ်စဉ်အခွန်ထမ်းဆောင်ရာတွင် ဥပဒေအရ ပြဋ္ဌာန်းထားသည့် သက်သာခွင့်များအား မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေပေါ်မှ ၂၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ထမ်းဆောင်ခွင့်ကို ခွင့်ပြုထားခဲ့ပါသည်။ ထို့ပြင် စာရင်းဝင်ရောက်ရန် ပြင်ဆင်နေသည့် ကုမ္ပဏီများအနေဖြင့်လည်း အဆင်ပြေချောမွေ့စေရေးအတွက် ယခင်ကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေခွန်ပေးဆောင်ရန် ပျက်ကွက်မှုများရှိခဲ့ပါက ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် နှစ်နှစ်စာအတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်ပြသ၍ ကျသင့်သည့် ဝင်ငွေခွန်ပေးဆောင်ခွင့်နှင့် ဥပဒေအရ ဒဏ်ငွေပေးဆောင်စေခြင်းနှင့် တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်တို့ကိုလည်း လျှော့ပေါ့ပေးထားပါသည်။

**(၇) အရင်းအနှီးဈေးကွက်ဆိုင်ရာ အားသာချက်များ**

အရင်းအနှီးဈေးကွက်အတွင်းသို့ ဝင်ရောက်ပြီးနောက် ကုမ္ပဏီကို အထောက်အပံ့ဖြစ်စေနိုင်သည့် အရာများစွာကို ကောင်းမွန်အကျိုးရှိစွာ အသုံးချခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိသည့် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်မှုစွမ်းရည်ကို တိုးတက်စေနိုင်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကြောင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို နေ့စဉ်ဈေးကွက်ပေါက်ဈေးများဖြင့် ဈေးနှုန်းမြင့်တက်ခြင်း၊ နိမ့်ကျခြင်းတို့နှင့်အတူ ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုးကိုလည်း အလွယ်တကူသိရှိနိုင်သဖြင့် အားသာချက်များစွာကို ရရှိစေပါသည်။ စတော့အိတ်ချိန်းသို့ စာရင်းဝင်ခြင်းဖြင့် မိမိကုမ္ပဏီ၏ အစုရှယ်ယာရှင်များအတွက် အစုရှယ်ယာပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် မသေချာ၊ မရေရာမှုများကို လျှော့ကျစေနိုင်ပါသည်။ အစုရှယ်ယာဈေးကွက်မှတစ်ဆင့် မိမိကုမ္ပဏီ၏ထုတ်ကုန်များ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၊ ကုမ္ပဏီ၏ လုပ်ဆောင်မှုများ အစရှိသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း စားသုံးသူများထံ အလွယ်တကူ ပျံ့နှံ့ရောက်ရှိစေနိုင်ပါသည်။ ဥပမာအားဖြင့် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီအချို့သည် ယခင်က သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အတွင်းမှလွဲ၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် မသိရှိခဲ့သော ကုမ္ပဏီများဖြစ်ခဲ့ကြသော်လည်း ယခုအခါ စာရင်းဝင်ရောက်ပြီး နောက်ပိုင်းတွင် ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုကြသည့်၊ လုပ်ငန်းတွဲဖက်လုပ်ကိုင်လိုကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့အကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားကြသည်ကို တွေ့မြင်သိရှိနိုင်ပါသည်။

စာမျက်နှာ ၂၅ သို့ ✪

# ဧရာဝတီတိုင်းဒေသကြီး၌ အန္တရာယ်ကင်းပရိတ်တော်များကို တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များ တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်

**ပုသိမ် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးသန့်ကျော်တို့ ကြီးမှူး၍ တိုင်းရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ၊ ရဲစခန်းများ၌ အသံမစဲမဟာပဋ္ဌာန်းတော်နှင့် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ တိုင်းဒေသကြီးရှိ ၂၆ မြို့နယ်အတွင်း တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပခဲ့သည်။ ထို့နောက် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



# လဟယ်မြို့နယ် ကျေးရွာ ၁၃ ရွာ၌ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**လဟယ် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ် -၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ဒေသခံများဝင်ငွေရရှိရေးစီမံကိန်းဖြင့် ကျေးရွာ ၁၃ ရွာတွင် စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။

အဆိုပါ စီမံကိန်းကို ကျေးရွာ ၁၃ ရွာတွင် ဆောင်ရွက်လျက်ရှိရာ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ဒေသခံများဝင်ငွေရရှိရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် ရေမြောင်းဖော်ခြင်း၊ ဆိုင်ကယ်လမ်းဖောက်လုပ်ခြင်း၊ ကျေးရွာအတွင်း မြေသားလမ်းခင်းခြင်း၊ တောင်ယာလမ်းဖောက်လုပ်ခြင်း၊ ရေကန်များ ခြံစည်းရိုးခတ်ခြင်း၊ တံတားများပြုပြင်ခြင်း၊ မြေသားလက်တူးတွင်းတူးဖော်ခြင်း၊ ရေပိုက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးရွာများမှာ မွန်နောက်ပြောင်၊ လုံခင်၊ လန်တိုင်းနောက်ကုန်း၊ စံတုံနောက်အင်း၊ လောနောက်အင်း၊ ဂမ်းညရွာသစ်၊ ဟွေထိုက်၊ ခမ္မလား၊ ဂမ်းဆာ၊ လကျုန်းရွာမ၊ ကျွန်းခေါင်၊ စစ်ဖောင်နှင့် ထန်ခေါ်ဟေဖွန် စသည့်ကျေးရွာများ၌ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**



# ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငွေကျပ် ၆၇ သိန်းကျော် လှူဒါန်း

**ကျောင်းကုန်း စက်တက်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကျောင်းကုန်းမြို့နယ်အသင်း အတွင်းရေးမှူးက ဆန်၊ ဆီနှင့် ကုလားပဲလှူဒါန်းမှုကို ယနေ့နံနက် ၉ နာရီခွဲက ထွေ/အုပ်ရုံး အေးချမ်းသာယာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ကော်မတီအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့လှူဒါန်းသည့် အလှူရှင်များအားလုံးတို့ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေတို့က ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်ကိုဗစ်ကော်မတီသို့ ရန်ကုန်မြို့ရောက်ကျောင်းကုန်းမြို့နယ်အသင်းသားများက ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ပြီး ကျောင်းကုန်းမြို့နယ်အသင်း အတွင်းရေးမှူးဦးကြည်လွင်မိသားစု(ထွန်းမြတ်သူကုမ္ပဏီ)က ဆန်အိတ် ၁၅၀၊ ဆီ ၁၀ ပိဿာ ပုံး ၇၀၊ ကုလားပဲ ၁၀ ပိဿာအိတ် ၂၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၇ သိန်းကျော်လှူဒါန်းမှုအား အလှူရှင်ကိုယ်စား ဦးစိန်ဝင်းက ပေးအပ်ရာ သက်ဆိုင်သည့် ဌာနတာဝန်ရှိများက လက်ခံရယူခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

❂ စာမျက်နှာ ၂၄ မှ

## အားနည်းချက်များ

### (၁) အချိန်ကိုက် ဖွင့်ဟကြေညာမှုများပြုလုပ်ရခြင်း

စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ အများပြည်သူတို့ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များကို အလွယ်တကူချမှတ်နိုင်စေရန် အချိန်နှင့်တစ်ပြေးညီ ဖွင့်ဟကြေညာချက်များပြုလုပ်ရသည့်အတွက် ကုမ္ပဏီတစ်ခုပုံမှန်လုပ်ဆောင်ရသည့် နေ့စဉ်လုပ်ဆောင်ရသည့် စီးပွားရေးလုပ်ငန်းများနှင့်အတူ လုပ်ဆောင်ရခြင်းများ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီစေရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရခြင်း၊ ထိုသို့ပြုလုပ်ရန် ကျွမ်းကျင်ဝန်ထမ်းများကို ငှားရမ်းခန့်ထားရခြင်း အစရှိသည်တို့အပြင် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီးသော နှစ်ဝက်/ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission) သို့ အချိန်မှန် တင်ပြကြရပြီး စတော့အိတ်ချိန်းမှတစ်ဆင့် အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူသို့ အသိပေးအကြောင်းကြား ထုတ်ပြန်မှုများကို လုပ်ဆောင်ရပါသည်။

ထိုသို့သော လုပ်ဆောင်မှုများသည် ကုမ္ပဏီငယ်များ၊ အလေ့အကျင့်နည်းသော ကုမ္ပဏီများအတွက် များစွာအခက်အခဲဖြစ်စေနိုင်ပြီး အချို့သောကုမ္ပဏီများပင် အချိန်ကိုက်လုပ်ဆောင်နိုင်စေရေးအတွက် အပြင်းအထန် ကြိုးပမ်းအားထုတ် လုပ်ကိုင်ဆောင်ရွက်ရသည်ကို ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများမှ ထုတ်ပြန်သည့် ဖွင့်ဟကြေညာချက်များကို တွေ့မြင်သိရှိနိုင်ပါသည်။

### (၂) ဈေးကွက်ဖိအားများနှင့် စည်းမျဉ်း/စည်းကမ်းများကို လိုက်နာရခြင်း

မြန်မာနိုင်ငံ၏ အစုရှယ်ယာဈေးကွက်သည် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့်အပြင် စတော့အိတ်ချိန်း၊ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီတို့နှင့် ညှိနှိုင်းလုပ်ဆောင်ရသဖြင့် လိုက်နာရသည့် အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များ၊ လုပ်ဆောင်ရသည့် လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်များသည်လည်း ပိုမိုများပြားနိုင်သည်ကို ကုမ္ပဏီများအနေဖြင့် ကြိုတင်၍ ထည့်သွင်းစဉ်းစားထားရမည်ဖြစ်သည်။

ထို့ပြင် တစ်ခါတစ်ရံတွင် ကုမ္ပဏီ၏ ကာလရှည်တိုးတက်မှုနှုန်းထက် ကာလတိုအကျိုးအမြတ်ရရှိစေရေးကို ပိုမိုဦးစားပေးသည့် အချို့သော အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၏ ဖိအားများကြောင့် ကာလတိုရလဒ်ကောင်းများရရှိစေရေး ကြိုးစားရန်းကန်ကြရသော အခြေအနေများနှင့်လည်း ရင်ဆိုင်တွေ့ကြုံရတတ်ပါသည်။

### (၃) သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာဖြည့်ဆည်းရန် ပြင်ဆင်ရသည့်အတွက် ကုန်ကျစရိတ် ပိုမိုစေခြင်း

စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် ဝင်ရောက်ရန် ပြင်ဆင်ရာ၌ လိုအပ်သည့် စံသတ်မှတ်ချက်များကို ဖြည့်ဆည်းရာတွင် ပြင်ဆင်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ စာရင်းစစ်အဖွဲ့အစည်း၊ ဥပဒေအကျိုးဆောင်အဖွဲ့အစည်း၊ အကြံပေးအဖွဲ့အစည်း အစရှိသော ဈေးကွက်နှင့်စပ်လျဉ်းသည့် အကြံပေးအဖွဲ့အစည်းများအား ငှားရမ်းရာ၌ ကုန်ကျသော ကုန်ကျစရိတ်များ၊ စတော့အိတ်ချိန်းသို့ ပေးဆောင်ရသည့် ဝန်ဆောင်ခများ၊ စာရင်းဝင်ကုမ္ပဏီတစ်ခုနှင့် လိုက်လျောညီထွေစွာ စီမံလုပ်ဆောင်ကြရသည့် ကုန်ကျစရိတ်များကိုလည်း ကုမ္ပဏီတစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားထားကြရန် လိုအပ်ပေသည်။

**စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် ဝင်ရောက်ရန် ပြင်ဆင်ရာ၌ လိုအပ်သည့် စံသတ်မှတ်ချက်များကို ဖြည့်ဆည်းရာတွင် ပြင်ဆင်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ စာရင်းစစ်အဖွဲ့အစည်း၊ ဥပဒေအကျိုးဆောင်အဖွဲ့အစည်း၊ အကြံပေးအဖွဲ့အစည်း အစရှိသော ဈေးကွက်နှင့် စပ်လျဉ်းသည့် အကြံပေးအဖွဲ့အစည်းများအား ငှားရမ်းရာ၌ ကုန်ကျသော ကုန်ကျစရိတ်များ၊ စတော့အိတ်ချိန်းသို့ ပေးဆောင်ရသည့် ဝန်ဆောင်ခများ၊ စာရင်းဝင်ကုမ္ပဏီတစ်ခုနှင့် လိုက်လျောညီထွေစွာ စီမံလုပ်ဆောင်ကြရသည့် ကုန်ကျစရိတ်များကိုလည်း ကုမ္ပဏီတစ်ခု အနေဖြင့် ထည့်သွင်းစဉ်းစားထားကြရန်လိုအပ်**

အထက်ပါကုန်ကျစရိတ်များသည် ကုမ္ပဏီငယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပါသည်။ **ယေဘုယျအားဖြင့် ကုန်ကျစရိတ်များကို အပိုင်း နှစ်ပိုင်း ခွဲခြားနိုင်ပြီး (က) စတော့အိတ်ချိန်းသို့ မဝင်ရောက်မီ ကုန်ကျသောစရိတ်များနှင့် (ခ) စတော့အိတ်ချိန်းသို့ ဝင်ရောက်ပြီးနောက် ကုန်ကျသောစရိတ်များဟူ၍ ဖြစ်ပါသည်။ သို့ရာတွင် သေသေချာချာ နှိုင်းယှဉ်ကြည့်ပါက စတော့အိတ်ချိန်းသို့ ဝင်ရောက်ပြီးနောက် ကုန်ကျစရိတ်သည် လွန်စွာနည်းပါးသွားသည်ကို** ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အခြေအနေများကို လေ့လာဖတ်ရှု၍ သိရှိနားလည်နိုင်ပါသည်။

ဥပမာအားဖြင့်ဆိုရလျှင် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများဖြစ်သည့် First Myanmar Investment Public Co., Ltd. (FMI) စာရင်းဝင်ရောက်စဉ်က ခန့်မှန်းပြင်ဆင်ကုန်ကျစရိတ် ကျပ်သန်း ၁၁၈၀၊ Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) စာရင်းဝင်ရောက်စဉ်က ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်း ၃၁၀၊ Myanmar Citizens Bank Ltd. (MCB) စာရင်းဝင်ရောက်စဉ်က ခန့်မှန်းကုန်ကျစရိတ် ကျပ် ၁၁၉ သန်း၊ First Private Bank Ltd. (FPB) စာရင်းဝင်ရောက်စဉ်က ခန့်မှန်းကုန်ကျစရိတ် ကျပ် ၅၂ သန်း၊ TMH Telecom Public Co., Ltd. (TMH) စာရင်းဝင်ရောက်စဉ်က ခန့်မှန်းကုန်ကျစရိတ် ကျပ် ၃၈၄ သန်းနှင့် Ever Flow River Group Public Co., Ltd. (EFR) စာရင်းဝင်ရောက်စဉ်က ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်း ၃၄၀ အသီးသီးကုန်ကျခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။

### (၄) ပြိုင်ဘက်ကုမ္ပဏီများမှ သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ခြင်း

စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ လုပ်ငန်းလုပ်ဆောင်မှုများကို ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ တင်ပြဆွေးနွေးရခြင်း၊ နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ တင်ပြဆွေးနွေး ဆုံးဖြတ်အတည်ပြုရခြင်း၊ အစုရှယ်ယာရှင်များ၏ စုံစမ်းမေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးရခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ချက်များကို ဖွင့်ဟကြေညာချက်များ ပြုလုပ်ရခြင်းအစရှိသည့် လုပ်ဆောင်မှုများကို အစဉ်အမြဲပြုလုပ်သွားရမည်ကိုလည်း ကြိုတင်မှန်းဆထားရန် လိုအပ်ပါသည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ခြင်း/ နုတ်ထွက်ခြင်းများကိုလည်း အစုရှယ်ယာရှင်များ မဲပေးသည့်စနစ်ကို အသုံးပြု၍ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ကြရပါသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများအပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို အခြားပြိုင်ဘက်ကုမ္ပဏီများက အလွယ်တကူ သိရှိနားလည် ရယူသွားစေနိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် စတော့အိတ်ချိန်းသို့ စာရင်းဝင်ကုမ္ပဏီအဖြစ် မဝင်ရောက်မီ အားသာချက်များကို သိရှိနားလည်ထားခြင်းအားဖြင့် အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ပြီး အားနည်းချက်များကိုလည်း ကြိုတင်ပြင်ဆင်ထားနိုင်မည်ဖြစ်ပါသည်။ အားနည်းချက်များဟုဆိုသော်လည်း ပြင်ဆင်ထားပါက အချို့သော အချက်များသည် ကုမ္ပဏီအား လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်သည်ကို သဘောပေါက် နားလည်နိုင်ပါသည်။

အထက်ဖော်ပြပါအချက်များအပြင် အခြားသော အားသာချက်၊ အားနည်းချက်များစွာ ရှိနိုင်ပါသေးသည်။ ထို့ပြင် အစုရှယ်ယာဈေးကွက်ကို ကြီးကြပ်ကွပ်ကဲသည့် ကော်မရှင်၏ ရှုထောင့်၊ စတော့အိတ်ချိန်း၏ ရှုထောင့်၊ ရင်းနှီးမြှုပ်နှံသူများ၏ ရှုထောင့် အစရှိသည့် မတူညီသည့် ရှုထောင့်များစွာ ရှိနိုင်သည်ကိုလည်း သတိပြုစေလိုပါသည်။ အနာဂတ်ကာလတွင် စတော့အိတ်ချိန်းသို့ စာရင်းဝင်ရောက်ရန် ပြင်ဆင်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် နှိုင်းယှဉ်သုံးသပ်လေ့လာ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အလို့ငှာ မျှဝေတင်ပြအပ်ပါသည်။

ရည်ညွှန်း - www.dica.gov.mm၊
www.secm.gov.mm၊
www.ysx-mm.com၊
www.youtube.com၊
www.investopedia.com၊
www.wikipedia.org၊
finance.yahoo.com၊

# ဟံသာဝတီနှင့် ရောဝတီတို့ ခြေချော်မှုကို လက်ရှိချန်ပီယံ ရှမ်းအသင်း အသုံးချပြီး ထိပ်ဆုံးရောက်လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် အား/ကာသိပ္ပံအသင်း အနိုင်ရခဲ့ပြီး ချန်ပီယံ မျှော်လင့်ချက်ရှိနေသည့် ရောဝတီအသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**အဆုံးသတ်နိုင်ခဲ့**

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရောဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကာလတွင် ရောဝတီအသင်း ခြေချော်ခဲ့ပြီး ချန်ပီယံဆုမျှော်လင့်ချက်အခွင့်အရေး နည်းသွားခဲ့သည်။ ယခုတစ်ပတ်တွင် ချန်ပီယံမျှော်လင့်ချက်ရှိသည့် ရောဝတီနှင့် ဟံသာဝတီအသင်းတို့ ခြေချော်ပြီး ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အတွက် အခွင့်အရေးဖြစ်သွားခဲ့သည်။ ရန်ကုန်အသင်းသည် ချန်ပီယံမျှော်လင့်ချက်နှင့် ထိပ်ဆုံးသုံးသင်းစာရင်းဝင်မည့် မျှော်လင့်ချက်မရှိသော်လည်း ရောဝတီကို အနိုင်ယူပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ငံခြားသားကစားသမားနှစ်ဦးစီသာပါဝင်ကာ ပြည်တွင်းကစားသမားများ၏ကစားအားဖြင့် အဓိကယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၁ မိနစ်တွင် ဘာဖိုက ရောဝတီနောက်ခံလူများကို ကျော်ဖြတ်ကာ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရောဝတီအသင်းချေပဂိုးပြန်ရရန် တိုက်စစ်မြှင့်ခဲ့ပြီး ၃၇ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ဆာဆက်က အမှားအယွင်းမရှိ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းအတွက် ဂိုးများကို မိနစ် ၅၀ တွင် ကြည်လင်း၊ ၅၃ မိနစ်တွင် ဘာဖိုနှင့် ၇၈ မိနစ်တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့သည်။ မိနစ် ၈၀ တွင်သီဟဇော်က ရောဝတီအတွက် ဒုတိယချေပဂိုးပြန်သွင်းသော်လည်း ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်၍ နှစ်ပွဲဆက်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ထိပ်ဆုံးနေရာရယူ**

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ရောဝတီနှင့် ဟံသာဝတီတို့၏ ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူနိုင်ခဲ့ပြီး ၁၀ ပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။



ရောဝတီတိုက်စစ်မှူး ဆာဆက်၏ ထိုးဖောက်မှုကို ရန်ကုန်ဂိုးသမား ကျော်ဇင်ထက် ကာကွယ်စဉ်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရခဲ့သော်လည်း Southern အသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ၁၉ မိနစ်တွင် ဘုန်းမြတ်ကျော်က Southern အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၇ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး စျာနေယျသူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးကို ၅၇ မိနစ်တွင် မက်ဆီမင်က ပင်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၂၊ ၅၉ မိနစ်တွင် ကြည်စိုး၊ ၈၇ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် ဝေလင်းအောင်က သွင်းယူခဲ့ပြီး ရခိုင်အသင်းအတွက် ချေပဂိုးကို ၃၇ မိနစ်တွင် နေမျိုးအောင်က သွင်းယူခဲ့သည်။ ရခိုင်အသင်းမှာမူ ယခုပွဲအနိုင်ရပါက အဆင့် ၅ နေရာသို့ တက်လှမ်းနိုင်မည်ဖြစ်သော်လည်း အခွင့်အရေးကို အသုံးမချနိုင်ခဲ့ပေ။

ပွဲစဉ် (၁၉)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံးသို့ရောက်ရှိလာပြီး ဟံသာဝတီအသင်းက ရမှတ် ၄၀၊ ရောဝတီအသင်းက ၃၉ မှတ်၊ ရန်ကုန်အသင်းက ၃၄ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၇ မှတ်၊ မကွေးအသင်းက ၁၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ်ရရှိထားသည်။ လက်ကျန်တစ်ပွဲအလိုတွင် ရမှတ် ၄၁ မှတ်ဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာသည့် ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် ရတနာပုံကို အနိုင်ကစားနိုင်ရုံဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဘုန်းသော်**

---



## ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ စပါး ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ်(၃)ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ စပါးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာ အိမ်ရှင်စပါးအသင်းဟာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

အဲဒီပွဲစဉ်မှာ စပါးအသင်းက ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တဲ့ ကစားသမားတွေထဲက တစ်ယောက်သာ အပြောင်းအလဲလုပ်ပြီး ၄-၂-၃-၁ ဗျူဟာနဲ့ ပွဲထွက်လာခဲ့ကာ ပွဲကစားချိန် ၂၅ မိနစ်မှာ လူးကတ်မိုရာသွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ အိမ်ကွင်းမှာ ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။ စပါးအသင်းဟာ သာမန်ပွဲကစားချိန်မိနစ် ၉၀ အထိ တစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် နာကျင်အချိန်မှာပေးလိုက်ရတဲ့ ပင်နယ်တီပြစ်ဒဏ်ဘောကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။ နယူးကာဆယ်အသင်းအတွက် ပင်နယ်တီသွင်းဂိုးကိုတော့ ဝီဆင်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့တာကြောင့် စပါးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲကစားအပြီးမှာ ရမှတ်လေးမှတ်သာ စုဆောင်းနိုင်ခဲ့တာဖြစ်သလို နယူးကာဆယ်အသင်းကလည်း စပါးအသင်းနဲ့ သရေကျခဲ့တာကြောင့် သုံးပွဲကစားအပြီးမှာ ရမှတ်လေးမှတ် စုဆောင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

စပါးအသင်းဟာ လာမယ့် ပရီမီယာလိဂ်ပွဲစဉ်(၄)အဖြစ် အောက်တိုဘာ ၄ ရက်မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နယူးကာဆယ်အသင်းကတော့ အောက်တိုဘာ ၃ ရက်မှာ ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

## ဖီးလ်ဖိုဒန်ကို စာချုပ်သစ်ချုပ်ဆိုရန် မန်စီးတီးအသင်းပြင်ဆင်

မန်စီးတီးအသင်းဟာ လူငယ်ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ကို အီတီဟက်ဒ်မှာ ကာလရှည်ဆက်ရှိနေဖို့ ကြိုးပမ်းတဲ့အနေနဲ့ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုသွားဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းက အသက် ၂၀ အရွယ် အင်္ဂလန်ကြယ်ပွင့် ဖီးလ်ဖိုဒန်ကို ၂၀၁၈ ခုနှစ်က ၂၀၂၄ ခုနှစ်အထိ အသင်းမှာဆက်ရှိနေမယ့် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ အဲဒီစာချုပ်အရ ဖီးလ်ဖိုဒန်ဟာ မန်စီးတီးအသင်းမှာ နောက်ထပ်စာချုပ်သက်တမ်း လေးနှစ်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။ ဒါပေမယ့် မန်စီးတီးအသင်းကတော့ အသင်းရဲ့လူငယ်အကယ်ဒမီကနေထွက်ပေါ်လာတဲ့ ကစားသမားအများစုကို အသင်းအတွက်အသုံးပြုသွားဖို့ ရှိနေတာကြောင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

လက်ရှိမှာ အသင်းနဲ့ကစားသမားအကြား စာချုပ်သစ်အတွက် ဆွေးနွေးလျက်ရှိကာ လာမည့်သီတင်းပတ်အတွင်းမှာ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်လိမ့်မယ်လို့ မန်စီးတီးအသင်းက ယုံကြည်ထားတာ ဖြစ်ပါတယ်။ ဖီးလ်ဖိုဒန်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက နည်းပြ ဂွါဒီယိုလာရဲ့လက်ထက်မှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးငါးဂိုးအထိသွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

## ဆန်ချိုကို ခေါ်ယူခြင်းက မန်ယူရဲ့အခြေခံပြဿနာတွေကို ဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့ ဖာဒီနန် သတိပေးပြောကြား



ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ အခုအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းက ခေါ်ယူဖို့စီစဉ်နေတဲ့ ပထမဦးစားပေးကစားသမားအဖြစ် ဆက်ရှိနေပေမယ့် ဂျာဒန်ဆန်ချိုကို ခေါ်ယူခြင်းက မန်ယူရဲ့အခြေခံပြဿနာရပ်တွေကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ မန်ယူအသင်းရဲ့ နောက်တန်းကစားသမားဟောင်း တစ်ဦးဖြစ်တဲ့ ဖာဒီနန်က သတိပေးပြောကြားလိုက်ပါတယ်။

အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းဖို့ တစ်ပတ်ကျော်သာ ကျန်တော့တဲ့အချိန်မှာ မန်ယူအသင်းနည်းပြ ဆိုးရှားက အေဂျက်အသင်းကနေ ရောက်ရှိလာခဲ့တဲ့ ဗန်ဒီဘိခ်တစ်ဦးတည်းကိုသာ ခေါ်ယူ နိုင်ခဲ့သေးတာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူဖို့ နည်းပြဆိုးရှားက ဆန္ဒရှိနေ တာဖြစ်ပြီး သူ့ရဲ့ဦးစားပေးခေါ်ယူမယ့်ကစားသမားလို့လည်း အခိုင်အမာ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် မကြာသေးတဲ့သီတင်းပတ်အတွင်းက မန်ယူအသင်းရဲ့ ကစားသမားဟောင်းနှစ်ဦးဖြစ်တဲ့ ဂယ်ရီနဗီးလ်နဲ့ ပက်ထရစ်အီဗရာတို့က မန်ယူအသင်းရဲ့ အပြောင်းအရွှေ့ဈေးကွက်အပေါ် မေး

**ငွေကြယ် - ရေးသားသည်**

**မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ**
**ရှယ်ယာရှင်များထံသို့**
**အသိပေးအကြောင်းကြားခြင်း**

Tire King Co.,Ltd ၏ မတည်ရင်းငွေ ကျပ်သိန်း(၅)ထောင်မှ ကျပ်သိန်း(၁၂၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**Tire King Co.,Ltd**
**Ph: 01-524042**

**မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ**
**ရှယ်ယာရှင်များထံသို့**
**အသိပေးအကြောင်းကြားခြင်း**

Lucky Dolphin Co.,Ltd ၏ မတည်ရင်းငွေ ကျပ်သိန်း(၉)ထောင်မှ ကျပ်သိန်း(၆၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**Lucky Dolphin Co.,Ltd**
**Ph: 02-609007**

**မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ**
**ရှယ်ယာရှင်များထံသို့**
**အသိပေးအကြောင်းကြားခြင်း**

Autoone Co.,Ltd ၏ မတည်ရင်းငွေ ကျပ်သိန်း(၁)သောင်းမှ ကျပ်သိန်း(၆၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**Autoone Co.,Ltd**
**Ph:09-454537711**

**ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း**

ရေစကြိုမြို့၊ အမှတ်(၈)ရပ်ကွက်၊ သုခဝတီရပ်နေ(ဘ) ဦးသန်းအောင်၏သားကျွန်တော် ကိုတေဇာအောင် [၈/ရစက(နိုင်)၁၂၀၄၆၇]နှင့် ရေစကြိုမြို့၊ အမှတ်(၁)ရပ်ကွက် နဂါးရုံရပ်နေ (ဘ) ဦးသောင်း၏သမီး မယု[၈/ရစက(နိုင်)၁၇၂၉၂၃]တို့သည် ၁၉၉၁ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ဇနီးဖြစ်သူ မယုသည် ၎င်း၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။ သို့ပါ၍ ယခုကြေညာသည့်နေ့ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကိုတေဇာအောင်**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**။ နေပြည်တော်

(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**။ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး။

(ဃ) **အကျဉ်းဦးစီးဌာန**။ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(င) **မီးသတ်ဦးစီးဌာန**။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ၂၇-၁၀-၂၀၂၀ ရက်နေ့ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၂၁ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ ရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

Aung San Co.,Ltd ၏ မတည်ရင်းငွေ ကျပ်သိန်း(၁)သောင်းမှ ကျပ်သိန်း(၉၁၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**Aung San Co.,Ltd**

**Ph:09-958206889**

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ ရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

Lucky Man Co.,Ltd ၏ မတည်ရင်းငွေ ကျပ်သိန်း(၃)သောင်းမှ ကျပ်သိန်း(၃၀၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**Lucky Man Co.,Ltd**

**Ph:01-524042**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ နန်းထိုက်တော်ဝင်ကွန်ဒို၊ အမှတ်(၂၉)ရှိ တိုက်၏ အခန်းအမှတ် (၃၀၁)၊ (၃-လွှာ)၊ တိုက်ခန်းအား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ **ဒေါ်ကြူကြူထွန်း[၇/ပခန(နိုင်)၂၃၁၂၁၉]** ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းနုစိုး (LL.B,D.B.L,D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၀/၁၇)**

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**

**ဖုန်း-၀၉-၄၂၀၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၄၂)
## ဦးအောင်ဉာဏ်မင်း၊ ဦးဇော်မင်းဟန်နှင့်
## အများသိစေရန် ကြေညာခြင်း

လူကြီးမင်းအနေဖြင့် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)တွင် လွှဲအပ်ညွှန်ကြားသူအမည် ဖော်ပြချက်မပါရှိဘဲ ကျွန်မဒေါ်ဝင်းပပရှိန်နှင့် ကျွန်မ၏ Lion Head Co.,Ltd.၏ ဂုဏ်သိက္ခာကိုထိပါးလျက် မမှန်မကန်ဖော်ပြထားကြောင်းတွေ့ရှိရသည်။ ဦးဇော်မင်းဟန်ဆိုသူကလည်း ယင်းသတင်းစာဖြတ်ပိုင်းကို အသုံးပြု၍ Viber, Message လိုင်းပေါ်တွင် ကျွန်မနှင့် ကျွန်မ၏ ကုမ္ပဏီဂုဏ်သိက္ခာကိုထိပါးစေရန် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ထားကြောင်း တွေ့ရှိရသည်။

ဥပဒေပြဋ္ဌာန်းချက်တွင် လူတစ်ဦးတစ်ယောက်၏ ကိုယ်၊ စိတ်၊ ဂုဏ်သရေ၊ ပစ္စည်းကို ဥပဒေနှင့်မညီ ထိခိုက်စေမှုပြုလျှင် ထိုသို့ ပြုမူချက်ကို အားပေးကူညီမှုပြုလျှင် ပြစ်မှုမြောက်ကြောင်း လူကြီးမင်းတို့သိရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မနှင့် ကျွန်မ၏ Lion Head Co.,Ltd. အနေဖြင့် တရားဥပဒေနှင့်အညီ တရားနည်းလမ်းကျစွာ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် ဂုဏ်ပုဒ်ကို ထိပါးပုတ်ခတ်ကြသောလူကြီးမင်းတို့အနေဖြင့် ဤကြေညာချက်ဖော်ပြသည့်နေ့မှ (၁၅)ရက်အတွင်း စာဖြင့်လည်းကောင်း၊ သတင်းစာများတွင် ဖော်ပြချက်ဖြင့်လည်းကောင်း၊ ဝန်ချတောင်းပန်သည့်အကြောင်းကြားစာ ပေးပို့ထည့်သွင်းဖော်ပြပေးပါရန်၊ ယင်းသို့ ဆောင်ရွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းပပရှိန်**

**Lion Head Co.,Ltd.**

**အမှတ်(၈၂၉)၊ ဗန္ဓုလလမ်း၊ (၄၉)ရပ်ကွက်၊**

**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**

**Ph:09-5135355**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)၊ ရန်ကုန်မြို့မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ ပုကိုင်တာရေသွင်းတံတားတည်ဆောက်ခြင်းနှင့် ညောင်လေးပင်မြို့နယ်၊ တာဦး-ဆင်ရွာရေလျှံထိန်းတာဖို့ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများထံမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | (၅-၁၀-၂၀၂၀)ရက်မှ(၉-၁၀-၂၀၂၀)ရက်အထိ (ရုံးချိန်အတွင်း) |
| တင်ဒါတင်သွင်းရမည့်ရက် | - | (၂၀-၁၀-၂၀၂၀)မှ (၂၃-၁၀-၂၀၂၀)ရက် ညနေ ၄:၀၀ နာရီထိ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - | ၂၇-၁၀-၂၀၂၀ ရက်နေ့၊ နံနက် ၉:၃၀ နာရီ |
| တင်ဒါရောင်းချမည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | ကြည်သာချမ်းမြမဏ္ဍပ်ရုံ၊ တိုင်းဆည်မြောင်းရုံးဝင်း၊ ပဲခူးမြို့။ |

၂။ တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါပုံစံတင်သွင်းရန် ကိစ္စရပ်များအတွက် လူကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိပါက တင်ဒါပုံစံရယူရန်နှင့် တင်ဒါလျှောက်လွှာကြေးများ ပေးသွင်းရန်အတွက် အောက်ပါလိပ်စာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ E-mail Address - con6yangon@gmail.com

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၅၀၆၈၅၉၅၊ ၀၉-၇၇၆၁၇၃၈၀၃၊ ၀၉-၆၆၇၁၅၇၃၅၇**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

# သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီး
## ကော့သောင်းခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် စက်၊ ယာဉ်၊ ယန္တရားများ ငှားရမ်းခြင်းကို မြန်မာကျပ်(ငွေ)ဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | (၉-၁၀-၂၀၂၀)ရက် (သောကြာနေ့) |
| တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - | (၂၈-၁၀-၂၀၂၀)ရက် (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁:၀၀ နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | (၂-၁၁-၂၀၂၀) ရက်၊ (တနင်္လာနေ့) နံနက် ၉:၃၀ နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကော့သောင်းမြို့။ |

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကော့သောင်းခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**

**ကော့သောင်းမြို့။ ဖုန်း-၀၉-၂၅၁၁၇၇၈၈၃၊ ၀၉-၆၉၂၁၇၀၆၅၄**

## LUCKY SUN AND MOON CO.,LTD ၏ မတည်ရင်းနှီးငွေ လျှော့ချကြောင်း ကြေညာခြင်း

LUCKY SUN AND MOON CO.,LTD (ကုမ္ပဏီမှတ်ပုံတင်အမှတ် - 104176151 ၏ အစုရှယ်ယာပမာဏအား ကျပ်(40000000)မှ ကျပ်(5000000)သို့ လျှော့ချပါကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ

LUCKY SUN AND MOON CO.,LTD

## CAUTIONARY NOTICE

## OWNERSHIP OF RIGHTS TO INVENTION AND PATENT

Notice is hereby given that LIFTING POINT PRE-FORM PTY LIMITED is an Australian company with an address at Suite 6.10, 55 Miller St, Pyrmont NSW 2009, Australia, is the Owner and Sole Proprietor of all rights, title and/or interest in and to the invention entitled as below ("The Inventions") and all and any patent rights arising from and/or relating to the Inventions entitled "A Module for a Structure", "Support Module for a Structure" and "A Formwork Brace".

The Inventions relate to

(i) a module for a structure, comprising: a formwork member configured as a formwork tray that comprises a base, a pair of side walls that extend upwardly from the base, and a pair of end walls, with the base, the side walls and the end walls defining a cavity for reinforcement and concrete, the formwork tray comprising an upper portion and a lower portion, and a section of the base of the formwork tray projects upwardly from the base to define a land portion within the cavity; and a reinforcement member including an upper portion that is formed to extend across a width and along a length of the upper portion of the formwork tray, and a lower portion that is formed to extend at least substantially along a length of the lower portion of the formwork tray, wherein the reinforcement member is located in the cavity and when concrete fills the cavity, the lower portion of the reinforcement member and the concrete define an elongate beam, the land portion defining a volume of the formwork tray that does not receive concrete;

(ii) a module for constructing foundations for a structure, comprising: a plurality of formwork members that define a pair of side walls that define a space between the side walls; a brace that extends between the pair of side walls and is coupled thereto to hold the side walls in a spaced relationship; a three dimensional reinforcement cage that includes the brace, a plurality of first members, and a plurality of second members perpendicular to the first members, the first members coupled to at least the brace and the second members coupled to at least one of the plurality of the first members and the brace, wherein the cage forms an internal support within the space between the side walls for receiving a settable material, such that the side walls become integrated with the internal support as the settable substrate sets, to form the module; and

(iii) a module for forming a reinforced concrete structure comprising: a formwork member that defines a cavity, a reinforcement structure in the cavity, and at least one formwork brace interconnecting the formwork member and the reinforcement structure, the formwork brace comprising: a body including a base having a pair of arms extending from opposing ends of the base, the body extending around an exterior of the formwork member; a first connector extending between and engaging with each of the pair of arms; and an anchor disposed internally of the formwork member coupling together the body and the internal reinforcement structure through the formwork member.

Any fraudulent, infringing and/or unauthorised use, making, importing, stocking, offering for sale, sale and/or other dealings by way of trade or for purposes of trade in the Inventions and/or subject-matter covered by any patents of the Inventions shall be strictly dealt with in accordance with all applicable laws.

Daw Win Lei Tun (45412)
LL.B, LL.M
Higher Grade Pleader
For **LIFTING POINT PRE-FORM PTY LIMITED**
C/o ZICOlaw Myanmar Ltd.,
Unit # 6-7, Level 4, Uniteam Training Office Building,
No. 84, Pan Hlaing Street, Sanchaung Township, Yangon
The Republic of the Union of Myanmar.

သစ်
တော
နဲ့
သစ်
ပင်
ချစ်
ခင်
တဲ့
လူ
မျိုး
သစ်
ပင်
ကို
နှစ်
စဉ်
စိုက်
ရွှေ
တိုက်
ကို
စိုး




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်) မှ ဖယောင်းတိုင် ၃၈၃ သေတ္တာ (သေတ္တာသုံးရာရှစ်ဆယ့်သုံးတိတိ) အား ၂၇-၁၀-၂၀၂၀ ရက်နေ့ ၁၃:၀၀ နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများ၊ မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရှာဖွေရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း၊ မြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ ရက်နေ့မှစ၍ နေပြည်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၆-၁၀-၂၀၂၀ ရက်နေ့ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၆၂၁၊ ၀၆၇-၃၄၁၂၄၃၇ |
| (ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂ |
| (ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊၀၆၇-၃၄၃၁၃၉၅ |
| (ဃ) အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (င) မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## သက်ဆိုင်သူများ သိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်ရုံး စည်းကြပ်နယ်မြေအတွင်း၌ ဖြစ်ပွားခဲ့သည့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ၊ တောင်းဆိုမှုများနှင့်ပတ်သက်၍ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာတွင် အလုပ်သမားအား ပေးရန်ရှိသော လုပ်ခလစာနှင့် နစ်နာကြေးငွေများကို အလုပ်သမားများမှ လာရောက်ထုတ်ယူခြင်းမရှိ၍လည်းကောင်း၊ လေလံတင်ရောင်းချရငွေမှ ပိုလျှံငွေများကို သက်ဆိုင်ရာအလုပ်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိ၍လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အခွန်အရာရှိမှ လှိုင်သာယာမြန်မာ့စီးပွားရေးဘဏ်၌ စာရင်းရှင်ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရှိခဲ့ပါသည်။

သို့ဖြစ်၍ လာရောက်ထုတ်ယူခြင်းမရှိသေးသည့် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လှိုင်သာယာစက်မှုဇုန်ရုံးသို့ ဆက်သွယ်သတင်းပေးပို့ရန်၊ လာရောက်ထုတ်ယူသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) ငွေထုတ်ပေးရန် ခိုင်လုံသောအထောက်အထားတစ်ခုခုယူဆောင်လာကြပါရန်နှင့် ထုတ်ယူရန်ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံအလုပ်သမားစာရင်းကို သိရှိနိုင်ရန် ပူးတွဲလျက် အသိပေးကြေညာအပ်ပါသည်။

| စဉ် | စက်ရုံအမည် | ခုနှစ် | လက်ကျန်ငွေ | အလုပ်သမားသို့ ပေးရန်ငွေ | အလုပ်ရှင်သို့ ပေးရန်ငွေ | အလုပ်သမားအမည်/ မှတ်ပုံတင်အမှတ် | အဖအမည် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မန်းမြို့တော် ပေါက်စီ စက်ရုံ | ၂၀၁၄ | ၁၂၉၆၀၀၀ | ၁၂၉၆၀၀၀ | - | ဦးမောင်အေးဇော် [၁၃/လကန(နိုင်)၀၆၄၉၉၉] | ဦးအောင်ထွန်း | |
| ၂ | Master Sports ဖိနပ်စက်ရုံ အလုပ်သမား (၁၀)ဦး | ၂၀၁၄ | ၇၄၈၇၂၁၂၄ | ၂၂၈၀၉၀၀ | ၇၂၅၉၁၂၂၄ | ဒေါ်မြမြဝင်း ပါ အလုပ်သမား (၁၀) | - | |
| ၃ | The Myth Apparel အထည်ချုပ်စက်ရုံ အလုပ်သမား (၅၉)ဦး | ၂၀၁၄ | ၅၅၈၈၂၂၂ | ၁၀၁၃၈၆၃ | ၄၅၇၄၃၅၉ | ဒေါ်စိုးမိုးထွေးပါ အလုပ်သမား (၅၉) | - | |
| ၄ | ထိပ်တန်း အထည်ချုပ်စက်ရုံ အလုပ်သမား(၆)ဦး | ၂၀၁၆ | ၉၃၂၄၀၀ | ၉၃၂၄၀၀ | - | မဇင်မာသက် ပါ အလုပ်သမား(၆) | - | - |
| ၅ | မိုရာဆံပင်တုစက်ရုံ | ၂၀၁၅ | ၁၆၂၉၀၀ | ၁၆၂၉၀၀ | - | မောင်ထိန်လင်းမောင် | - | - |
| ၆ | North Shore အထည်ချုပ်စက်ရုံ အလုပ်သမား(၃)ဦး | ၂၀၁၆ | ၂၁၆၀၀၀ | ၂၁၆၀၀၀ | - | မနှင်းနှင်းအေး [၈/တတက(နိုင်)၁၅၉၆၀၄]<br>မသန်းသန်းဝေ [၁၄/ဖပန(နိုင်)၂၀၁၂၇၉]<br>မနွယ်နွယ်စိုး [၁၁/မပန(နိုင်)၁၂၀၀၃၅] | ဦးရဲမောင်<br>ဦးဟန်ဝင်း<br>ဦးလှထွန်းသာ | - |
| | စုစုပေါင်း | | ၈၃၀၆၇၆၄၆ | ၅၉၀၂၀၆၃ | ၇၇၁၆၅၅၈၃ | | | |

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## မုံရွာတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မုံရွာတက္ကသိုလ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သော အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

မရတ(၁) (၃)ထပ်စာသင်ဆောင်(၁)လုံးဆောက်လုပ်ခြင်း (၂၁၆'x ၃၈'x၃၆') (ရေမီးအပါအဝင်) (၂၄၆၂၄ စ/ပေ) RC (ပြင်ပရေရရှိရေးနှင့်ပြင်ပလျှပ်စစ်သွယ်တန်းခြင်းအပါအဝင်) (ကွန်ကရစ်လမ်း (၃၅၀'x၁၆')၊ ၄"Ø ရေတွင်း(၂)တွင်းအပါ)

မရတ(၂) (၁၆၀)ဦးဆံ့ကျောင်းသား/သူအိပ်ဆောင် (၂)ထပ်(၁)လုံးဆောက်လုပ်ခြင်း (၂၁၂'x၃၄'x၂၄')စားဖိုဆောင်+ ထမင်းစားဆောင် (၁၂၂'x၃၈') RC (ရေ/မီးအပါအဝင်) (၃၂၇၈၀ စ/ပေ)၊ ကွန်ကရစ်လမ်း (၉၀၀'x၁၄') ၄" Ø ရေတွင်း၊ ဂါလန် (၁၅၀၀၀)ဆံ့ ရေလှောင်ကန်၊ ဂါလန်(၁၀၀၀၀) ကွန်ကရစ် ရေစင်၊ ခြံစည်းရိုး (၁၅၀၀'x၇')၊ ပြင်ပလျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း

မရတ(၃) မုံရွာတက္ကသိုလ်ပရဝုဏ်အား (၉"x၉")ကွန်ကရစ်တိုင်၊ (၉"x၉") ကွန်ကရစ်ယက်မ ၄ ၁/၂" ထုအုတ်နံရံတို့ဖြင့် ကာရန်ခြင်း။
- ကျောင်းအရှေ့ဘက်ခြမ်း (၅၂၅၀'x၇')
- ကျောင်းအနောက်ဘက်ခြမ်း (၅၂၂၉'x၇')
- ကျောင်းမျက်နှာစာ (၂၅၇၀'x၇')

မရတ(၄) (၄) ခန်းတွဲ(၄)ထပ် ဆရာ/မဆောင် (၁)လုံးဆောက်လုပ်ခြင်း RC (၁၀၀'x၃၀')၊ ပြင်ပရေ(၄)လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ၅.၅ Hp Summerslble pump နှင့် အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်လုပ်ငန်း

မရတ(၅) အဓိပတိလမ်းမအား A.C ခင်းခြင်း (၂'x၄၀၀၀'x၂၀')

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက် | - | ၁-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း) |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၃-၁၁-၂၀၂၀ ရက်နေ့(အင်္ဂါနေ့) (ညနေ ၄:၃၀ နာရီထိ) |
| ၃။ တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - | အင်ဂျင်နီယာဌာန၊ မုံရွာတက္ကသိုလ် |
| ၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ | - | ဘဏ္ဍာဌာန၊ မုံရွာတက္ကသိုလ် |

၅။ အသေးစိတ်သိရှိလိုပါက မုံရွာတက္ကသိုလ်၏ ဘဏ္ဍာဌာန ဖုန်းနံပါတ် ၀၇၁-၂၁၂၆၁၊ ၀၉-၄၃၁၈၅၉၂၅ ကိုရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာတက္ကသိုလ်**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၁-၉-၂၀၂၀** ရက်နေ့မှ စတင်၍ **၅-၁၂-၂၀၂၀** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့် နေ့ရက်အချိန်အား ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၂၈ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၀) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက် "ကဆ"ထိ** စုစုပေါင်းအက္ခရာ (၄၀) လုံး၊ ထီစာအုပ် ( ၃၂၇၂၇၂၀) အုပ် ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့ရာတွင် ထီစာအုပ် (၃၁၈၅၀၀၁) အုပ် ရောင်းချခဲ့ရပြီး ထီစာအုပ်(၈၇၇၁၉) အုပ်မှာ ရောင်းမကုန်ထီအဖြစ် ကျန်ရှိခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း ( ၃၁၈၅၀.၀၁၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၉၁၁၀.၀၀၆) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) ဆု |
| (၂) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၃) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းနှစ်ထောင် | = | (၅) ဆု |
| (၅) | ကျပ်သိန်းတစ်ထောင် | = | (၇) ဆု |

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၂၄) ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၂၆) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၂၈) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၃၁) ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၃၄) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၄၂) ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၅၀) ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၅၀၀) ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၈၀၀၀) ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၁၉၀၀၀၀) ဆု |

၄။ ထိုပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄)ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း (၂၀)ဆု၊ ကျပ် ၂သိန်း (၂၀၀)ဆု၊ ကျပ် ၁သိန်း (၂၀၀၀)ဆု စုစုပေါင်း( ၂၂၂၄)ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၀) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၁၀.၂၀၂၀)ရက်နေ့(ကြာသပတေးနေ့)၊ နံနက် (၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-16-A၊ **မြေကွက်အမှတ်(၁၃၉)၊ အလျား(၇၄)ပေ၊ အနံ(၈၀)ပေဂရန်မြေအား အမည်ပေါက် ဒေါ်နန်းတင်နွယ်(ခ)ဒေါ်နန်းကေသီနွယ်[၁၂/ဗဟန(နိုင်)၀၆၃၇၉၇]**ထံမှ ကျွန်တော် ဦးဝင်းမြင့်[၁၂/လမန(နိုင်)၁၀၇၆၀၀]က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်ကို ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့် ဤကြေညာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေကွက်နှင့်အကျိုးခံစားခွင့်တို့အား အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်**
[၁၂/လမန(နိုင်)၁၀၇၆၀၀]
Ph-09-5116024

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 16-A၊ မြေကွက်အမှတ်(၁၄၂)၊ အလျား(၇၅)ပေ၊ အနံ(၈၀)ပေ၊ ဂရန်မြေအား အမည်ပေါက် ဒေါ်နန်းသူဇာကျော်[၁၂/ဗဟန(နိုင်)၁၁၆၅၁၄]ထံမှ ကျွန်တော် ဦးဝင်းမြင့်[၁၂/လမန(နိုင်)၁၀၇၆၀၀]က အပြီးအပိုင် ဝယ်ယူမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်ကို ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့် ဤကြေညာသည့်နေ့ရက်မှစ၍ (၇)ရက်တွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေကွက်နှင့်အကျိုးခံစားခွင့်တို့အား အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်**
[၁၂/လမန(နိုင်)၁၀၇၆၀၀]
Ph-09-5116024

ဖုန်း Sim Card ဝယ်မည်
50/ 51/ 55
240000 ကျပ်ဖြင့်
အိမ်အရောက်ဝယ်ယူနေပါပြီ
Call - 09-5089555

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | 1-3(T)/MESC(D-R)/2020-2021 | ကွန်ကရစ်တိုင် 9M(1000Nos) 10M (650Nos) 12M(65Nos)ဝယ်ယူခြင်း |
| ၂ | 1-4(T)/MESC(D-R)/2020-2021 | ဓာတ်အားလိုင်းပစ္စည်းများဝယ်ယူခြင်း |
| ၃ | 1-5(T)/MESC(D-R)/2020-2021 | ဓာတ်အားလိုင်းကြိုးများဝယ်ယူခြင်း |
| ၄ | 1-6(T)/MESC(D-R)/2020-2021 | ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူခြင်း |
| ၅ | 1-7(T)/MESC(D-R)/2020-2021 | ဓာတ်အားခွဲရုံသုံးဓာတ်ကြိုးများဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၃၀-၉-၂၀၂၀)ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး (၃-၁၁-၂၀၂၀)ရက်၊ (၁၄:၀၀) နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အချက်အလက်များကို Web Portal(www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)**
**၂၇လမ်း၊ ၇၇ x ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၆၉၁၂၂**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | အမျိုးအမည် |
|---|---|---|
| (၁) | Lot-1 | Steel Structure ဂိုဒေါင်တည်ဆောက်ခြင်း ပေ(၉၀x၄၅x၁၅) |
| (၂) | Lot-2 | (က) (၄)ခန်းတွဲ(၁)ထပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း ကွန်ကရစ်ခင်းခြင်း (၁၇၅၀၈/ပေ၊ ၆"ထု)အပါ<br>(ခ) သင်တန်းသားအိပ်ဆောင်ဝင်းအတွင်းရှိ စားရိပ်သာဆောင် တိုးချဲ့တည်ဆောက်ခြင်း ပေ(၁၅x၅၀)+၂x ပေ(၁၀x၃၀)(၁၃၅၀ စ/ပေ)<br>(ဂ) (၄)ခန်းတွဲအိမ်သာတည်ဆောက်ခြင်း ပေ(၂၀x၅) (၁၀၀ စ/ပေ) |

၂။ တင်ဒါအကြိုညှိနှိုင်းအစည်းအဝေးအား (၁၅-၁၀-၂၀၂၀)ရက်နေ့၊ နံနက်(၁၀:၃၀) နာရီတွင် လုပ်ငန်းဆောင်ရွက်မည့် ပျဉ်းမနားမြို့၊ မြောက်လွတ်ကုန်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသိုလှောင်ရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၃။ တင်ဒါအဆိုပြုလွှာများကို (၄-၁၁-၂၀၂၀)ရက်နေ့ (၁၀:၃၀)နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၁၈၆၃၃၊ ၄၁၈၆၅၇)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**<u>ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ခြင်း</u>**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊အမှတ်(၄၃)တွင်နေထိုင်သောဦးအောင်မော်သိန်း (အဖ - ဦးမြသိန်း)သည်အောက်တွင်ဖော်ပြထားသောတံဆိပ်အမှတ်အသားများ၏ တစ်ဦးတည်းမူလပိုင်ရှင်ဖြစ်ပါသည်။

**Reg.No. IV/9561/2020**

အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုအမျိုးအစားသတ်မှတ်ချက်(၂၉) 'ဒိန်ချဉ်၊နွားနို့ကိုအခြေခံ၍ပြုလုပ်ထားသောဖျော်ရည်များ၊နွားနို့အစားအသုံးပြုနိုင်သောဗာဒံသီးစေ့ဖြင့်ပြုလုပ်ထားသောနို့၊ အုန်းနို့၊ မြေပဲဖြင့်ပြုလုပ်ထားသောနို့၊ ဆန်ဖြင့်ပြုလုပ် ထားသောနို့၊ ပဲနို့'။

**Reg.No. IV/9559/2020** **Reg.No. IV/9560/2020**

အထက်ဖော်ပြပါတံဆိပ်အမှတ်အသားများဖြင့်အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုအမျိုးအစားသတ်မှတ်ချက်(၃၂)'အားဖြည့်အချိုရည်၊ရေဓာတ်အားဖြည့်အချိုရည်၊အသားဓာတ်ကြွယ်ဝစေသော အားကစားသမားများအတွက်ဖျော်ရည်'။များထုတ်လုပ်ဖြန့်ဖြူး အသုံးပြုသည့်စက္ကူထုပ်၊ ပလတ်စတစ်အိတ်၊ပါဆယ်ထုပ်အစရှိသည်တို့အပေါ်အရောင်အမျိုးမျိုးတို့ဖြင့်တွဲဖက်လျှက်အရွယ်အစား အမျိုးမျိုးတို့ကိုပြုလုပ်ထည့်သွင်းဖိနှိပ်၊ကပ်နှိပ်ရိုက်နှိပ်၍မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။အဆိုပါကုန်အမှတ်တံဆိပ်တို့၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ဆင်တူယိုးမှားဖြစ်စေ၊ထင်ယောင်ထင်မှားဖြစ်စေ၊မည်သည့်တုပမှုမျိုးကိုမဆိုထုတ်လုပ်ခြင်း၊ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊မှာယူတင်သွင်းခြင်း၊မည်သည့်ချိုးဖောက်မှုမျိုးကို မဆိုမပြုလုပ်ကြရန်နှင့်အကယ်၍ချိုးဖောက်မှုတစ်စုံတစ်ရာတွေ့ရှိပါကတရားဥပဒေအရထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်သတိပေးကြေညာအပ်ပါသည်။

ဦးအောင်မော်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်နိုင်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၈၅၀)**
**LL.B, D.B.L, LL.M (Marine Affairs)(UK)**
**#205/5, Thirimingalar Housing, Strand Road,**
**Ahlone T/S, Yangon, Myanmar.**
**နေ့စွဲ။ ၂၀၂၀ခုနှစ်စက်တင်ဘာလ (၂၈) ရက်။**

## ဦးလှကြည်
**ယာဉ်မောင်း စက်ပြင်(၃)**
**စီးပွားကူးသန်းရောင်းဝယ်ရေး(ငြိမ်း)**
**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၅)လမ်း၊ အမှတ် (၃၉)နေ (ဦးထွန်းစိန်-ဒေါ်ထူးငွေ)တို့၏သား၊ (ဦးကျင်အောင်-ဒေါ်တင်တင်အုန်း)တို့၏ သားသမက်၊ (ဒေါ်တင်စိန်)၏ ခင်ပွန်း၊ ဦးသန်းထွန်းဦး-ဒေါ်စိုးစိုးဝင်း၊ ဦးသန်းလွင်-(ဒေါ်နုနုရီ)၊ (ဦးဇော်ဇော်ထွန်း)-ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်သူဇာရွှေဇင်တို့၏ မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုး ဦးလှကြည်သည် ၂၆-၉-၂၀၂၀ ရက် ည ၉:၄၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေစင်၊ တံတား ဒါယိကာမကြီး**
## ဒေါ်မြမြသန်း
**သမဝါယမဦးစီးဌာန(ငြိမ်း)၊ မင်္ဂလာဒုံမြို့နယ်**
**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၅)၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာနေ (ဦးမောင်ပု)-ဒေါ်စိန်ရီတို့၏ သမီး၊ (သခင်မြလေး)-ဒေါ်ဝင်းဝင်းကြည်တို့၏ သမီးချွေးမ၊ (ဦးဇေယျာကို)၏ဇနီး၊ ဦးဇော်ဇော်မင်းထွန်း (ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း)-ဒေါ်သက်မမကျော်၊ ဦးဖြိုးဖြိုးမင်းထွန်း (Uniteam Marine)-ဒေါ်ယဉ်လဲ့ဝင်းတို့၏ မွေးသမိခင်၊ ဦးသန်းဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးဘစန်း-(ဒေါ်ခင်အေးသစ်)တို့၏ ညီမ၊ ဦးခင်စိုး-ဒေါ်ဝင်းသန်း၊ ဦးဝင်းနိုင်-ဒေါ်မိုးမိုးဝင်း၊ ဦးဝင်းသန်း-ဒေါ်နွယ်နွယ်ချို၊ ဦးခင်မောင်နိုင်-ဒေါ်စန်းစန်းဝင်းတို့၏ အစ်မ၊ မောင်ဇေယျာထက်၊ မဖြိုးမြမှူးကိုတို့၏အဘွားသည် ၂၆-၉-၂၀၂၀ (စနေနေ့) ည ၉:၅၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၈-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**Capt. သက်နိုင် (Master Mariner)**
**IMT CD-14**
**အသက် (၅၈)နှစ်**

ရေကြောင်းပညာသိပ္ပံ(IMT) အပတ်စဉ် CD-14 မှ သူငယ်ချင်း Capt. သက်နိုင် (Master Mariner) အသက် (၅၈)နှစ်သည် ၂၅-၉-၂၀၂၀ ရက် မွန်းလွဲ ၁:၅၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**IMT Cadet Course**
**(1982-83) ကျောင်းဆင်းသူငယ်ချင်းများ**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရင်ရင်မြင့် (B.A,Ed, B.Ed)
**အထက(၃) မော်လမြိုင်၊ အလက(၆) သာကေတ**
**အထက(၃) အလုံ**
**တိုက်ကြီးဘန့်ပွေးကွင်း အလယ်တန်း**
**ကျောင်းအုပ်၊ လက်ခုပ်ကုန်း အထက**
**အထက်တန်းကျောင်းအုပ်(ငြိမ်း)**
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးသိန်ရင်-ဒေါ်ဖွားသင်)တို့၏ သမီးလတ်၊ (ဒေါ်သန်းသန်းမြင့်)၏ ညီမ၊ (ဒေါ်နုဝင်းလှိုင်)၏ အစ်မ၊ ဦးမျိုးမင်းဝင်း-ဒေါ်နီလာကျော်၊ ဦးကျော်ဇင်ဦး-ဒေါ်မေမြတ်မွန်တို့၏ ကြီးတော်၊ မောင်ဝင်းထိုက်သိန်း၊ မောင်ဝေယံမျိုးမင်း၊ မဝေနှင်းပွင့်သူတို့၏ အဘွားသည် ၂၇-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးစိုးမိုးအေး (B.Sc. Maths)
**အသက် (၅၇)နှစ်**
**သဲအင်းဂူယောဂီ**
**The Wild Ones Percussionist**

ရန်ကုန်မြို့နေ (ဦးတင်အေး-ဒေါ်ထားမြင့်)တို့၏ သားငယ်၊ (ဦးအုန်းမောင်)-ဒေါ်ခင်လှမြင့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာရဲရိပ်သာတိုက် (၇)၊ အခန်း(၆)နေ ဒေါ်သီတာဆွေ(ရဲမှူး-လှော်ကားရဲအကြပ်အတတ်သင်ကျောင်း)၏ချစ်လှစွာသောခင်ပွန်း၊ မသက်မြတ်နိုး(Chung Ang University Seoul, South Korea)၏ ချစ်လှစွာသောဖခင်၊ ဒေါ်စန်းစန်းအေး (Victoria Universty College)-ဦးတင်ထူးလွင်၊ ဒေါက်တာဝင်းဝင်းအေး (Point Clinic-Bahan) -ဦးစောဝင်း၊ ဦးသန်းထွဋ်အေးတို့၏ ချစ်လှစွာသော မောင်/ညီငယ်သည် ၂၆-၉-၂၀၂၀ (စနေနေ့) ည ၉:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူအား၏ ဆန္ဒအရ ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းထိုက်
**အသက် (၅၂)နှစ်**

ရန်ကုန်မြို့နေ (ဦးစိုးမောင်-ဒေါ်သန်းကြွေ)တို့၏ သားငယ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ မဟာဗေယျလမ်း၊ အမှတ် (၆)၊ ငါးလွှာနေ (ဦးစိုးညွန့်)-ဒေါ်ဝင်းတင်တို့၏ သားသမက်၊ ဒေါ်အေးအေးမြတ်(မဖြူမ)၏ခင်ပွန်း၊ ကိုနေဇော်လတ်-မအိဖြူဇင်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ဘုန်းပြည့်သုတ (Grade-6, ထ-၁၊ ဒဂုံ)၏အဘိုး၊ (ဦးခင်မောင်သိန်း-ဒေါ်အောင်မေကြည်)၊ ဦးသန်းအေး-ဒေါ်တင်မေလွင်၊ ဦးအောင်သူ-ဒေါ်ခင်သီတာဦးတို့၏ ညီ/မောင်၊ ကိုအောင်နိုင်-မစန္ဒာစိုးတို့၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး ဦးသန်းထိုက်သည် ၂၅-၉-၂၀၂၀ (သောကြာနေ့) ညနေ ၅:၃၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ အရိုးကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၀ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ ရေဝေးသုသာန်သို့ မိသားစုဝင်များမှ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဦးစိုင်းအောင်ထွန်း
**(သီပေါ)**
**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဆရာမကြီး ဒေါ်နန်းနွံ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသက်ဦး-နန်းဟွမ်နွမ်း၊ စိုင်းဆိုင်မိုင်း-မာလီစိုင်းတို့၏ ကျေးဇူးရှင် ဖခင်ကြီး ဆရာကြီး ဦးစိုင်းအောင်ထွန်း၏ ဈာပနအစီအစဉ်ကို ၂၉-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် သဂြိုဟ်မည့်အစား မိသားစု၏ ဆန္ဒအရ ၂၇-၉-၂၀၂၀ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဦးဇော်လင်း(ခ)ဖိုးဇော်
**အသက် (၅၃)နှစ်**

ရန်ကုန်မြို့နေ ဦးဗကြိုင်-(ဒေါ်ရီရီဆွေ)တို့၏ သားငယ်၊ အမှတ် (၉၅၆)၊ ရွှေနှင်းဆီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်လတ်)-ဒေါ်ရီရီမြင့်တို့၏ သားသမက်၊ ဒေါ်ခင်လတ်သူ၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်သက်နိုင်)၏ ညီ၊ ဦးနိုင်ဝင်းထွန်း-ဒေါ်အေးမြသီတာကြိုင်တို့၏ အစ်ကို၊ တူ/တူမ သုံးယောက်တို့၏ ဦးလေး၊ (ဒေါ်ခင်မူမူလတ်)၊ ဦးတင်ဦး-ဒေါက်တာဒေါ်စန်းလဲ့ဝေ၊ ဒေါက်တာမျိုးမင်း @ Richard Latt၊ ဦးရဲလင်း (ဗန္ဓုလ အများပိုင်သယ်ယူပို့ဆောင်ရေးကုမ္ပဏီ)-ဒေါ်လှလှသင်းတို့၏ ညီ/မောင်၊ တူ/တူမ လေးယောက်တို့၏ ဦးလေး ဦးဇော်လင်း(ခ)ဖိုးဇော်သည် ၂၆-၉-၂၀၂၀ (စနေနေ့) ညနေ ၅:၄၅ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီမိုဟာမက်အစ္စမာအိလ်(ခ)ဦးခင်မောင်အေး
**ယူနီဗာဆယ်မျက်မှန်**
**အသက် (၄၆)နှစ်**

အမှတ် (၂၆၃၊ ၂၆၅)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဟာဂျီအဗ္ဗဒုလ်ဂနီ(ခ)ဦးမောင်အေး (မောင်အေးနှင့်သားများ မျက်မှန်ဆိုင်)၊ (ဟာဂျီမ ဒေါ်အိုင်ရှာဘီ)တို့၏ သားငယ်၊ ဟာဂျီဦးယာဆင်(ခ)ဦးမြင့်လွင် (ယာဆင် မျက်မှန်)၊ ဟာဂျီမဒေါ်ခင်မာလာ(ခ)ဘီလ်ကစ်ဘီတို့၏ သားသမက်၊ ဟာဂျီဦးမောင်ငယ်-ဟာဂျီမဒေါ်ရီရီချိုတို့၏ ညီ/မောင်၊ ဟာဂျီမဒေါ်ခင်လှလှမြင့်(ခ)ရဟ်မသ်ဘီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရှိန်းဝေယံ၊ မောင်ဟိန်းဝေယံ၊ မောင်ခန့်ဝေယံတို့၏ ချစ်လှစွာသောဖခင်သည် ၂၅-၉-၂၀၂၀ (သောကြာနေ့) ည ၁၀:၂၀ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၉-၂၀၂၀ (စနေနေ့)တွင် ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသုဝဏ် (မော်လမြိုင်)
**M.D (APEX TOP SHEET METAL ELECTRICAL WORK & POWDER COATING)**
**အသက် (၄၂)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ပျဉ်ထောင်တန်းရပ်၊ မြန်မာလမ်း၊ အမှတ် (၃)၊ ဒေါ်ပုဆေးလိပ်ခုံနေ (ဦးကျော်မြင့်)-ဒေါ်ခင်အေးတို့၏ သား၊ ဦးနိုင်သူ-ဒေါ်စန္ဒာမြင့်၊ ဦးအောင်ဇော်မိုး-ဒေါ်ဝါဝါခိုင်၊ ဦးကျော်ကိုကို-ဒေါ်မေစန်းဦးတို့၏ မောင်၊ ဦးဌေးညွန့်-ဒေါ်ပြည့်ပြည့်ဖြိုးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် (၅၇)၊ မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင်နေ (ဦးဘရှန်-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်သိင်္ဂီမြတ်ထွေး(ခ)ဒေါ်ရတနာဝေဖြိုး(ခ)ဒေါ်မီးမီး (စိန်ချယ်ရီ စိန်ရွှေ ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေးနှင့် ရွှေကုံ့ကော် စိန်ရွှေရတနာဆိုင်၊ ထောက်ကြန့်ရတနာဈေး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းသာ(ခ) HARRY (Yr. 8 A)၊ မောင်လင်းထိန်သာ(ခ) WOOL (Yr. 2 E) (Pride ISN International School)တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး ဦးသုဝဏ်သည် ၂၆-၉-၂၀၂၀ (စနေနေ့) နံနက် ၁:၃၅ နာရီတွင် Grand Hantha International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု


# အမုန်းစကားမပြောရ

facebook



တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

**တောတောင်ပျက်ပြုန်း မြေဆီသုဦး၏**

အနိစ္စ

**သင့် သွေးဖြင့် အသက် ကယ်ပါ**

# စက်တင်ဘာ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇၉၂ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၂၇၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉၂ ဦး တွေ့ရှိရပါသည်။

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၁၅၁) ခု | (၄၁၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၉၀) ခု | (၁၈၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၆၀၉) ခု | (၁၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၇၀) ခု | (၁၅) ဦး |
| နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) | (၅၁) ခု | (၁) ဦး |
| ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး မြောင်းမြမြို့ | (၅) ခု | - |
| ပြည်သူ့ဆေးရုံ မုဆယ်မြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံ မုံရွာမြို့ | (၁) ခု | |
| ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့ | (၁၀) ခု | |
| ပြည်သူ့ဆေးရုံကြီး မြစ်ကြီးနားမြို့ | (၂) ခု | (၁) ဦး |
| ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့ | (၃၉) ခု | (၁၀) ဦး |
| ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | (၁၁၉) ခု | (၃၈) ဦး |
| ပြည်သူ့ဆေးရုံကြီး ကလေးမြို့ | (၈) ခု | - |
| ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့ | (၈) ခု | - |

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

# တနိုင်းမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၇၇၅၄ စုအား ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ပေးအပ်

**တနိုင်း စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ် အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၇၇၅၄ စုတို့အတွက် နိုင်ငံတော်မှ တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀စီကို ယနေ့နံနက် ၇ နာရီမှစ၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ ရာအိမ်မှူးများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့ပေါ်ရှိ ဆင်မ်ဆာ့ရပ်ကွက်၊ ဟူးကောင်းရပ်ကွက်၊ ဒူးကောင်းရပ်ကွက်၊ မုန်ဒိန်ရပ်ကွက်၊ ပုန်ခုန်းရပ်ကွက်၊ ဆွတ်ငိုင်ရပ်ကွက်၊ ကင်ဆားရာရပ်ကွက်၊ တနိုင်းမြို့နယ်အတွင်းရှိ တိန်ကောက်ကျေးရွာ၊ နမ်ဖျက်ယန်ကျေးရွာ၊ ကောင်ရာကျေးရွာ၊ မကောကျေးရွာ၊ ရှင်လုံဂါးကျေးရွာ၊ မိုင်းခွန်ကျေးရွာ၊ ခလုံးကျေးရွာ၊

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖



## လူ့ဘောင်သစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

**လူ့ဘောင်သစ်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထားပါသည်။

## ခေတ်သစ်ပြည်ထောင်စုပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၇

**ခေတ်သစ်ပြည်ထောင်စုပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၈ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အနံ့မရသည့် လူနာများ သီးသန့်ထားရှိနိုင်ရန် နေရာများ ဖွင့်လှစ်ဆောင်ရွက်သွားမည်**
စာမျက်နှာ » ၄

**အထူးမြူလက်နက်များ ဖျက်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို**
စာမျက်နှာ » ၁၃

**ကုမ္ပဏီများ စတော့အိတ်ချိန်းသို့ စာရင်းဝင်ခြင်းမပြုမီ အားသာချက်၊ အားနည်းချက်များကို ကြိုတင်သိရှိနားလည်ခြင်း**
ဆောင်းပါး စာမျက်နှာ » ၂၄

